# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဒုတိယဝါဆိုလပြည့်ကျော် (၅)ရက် ၊ တနင်္လာနေ့ ၊ (3-8-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၉၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေရှိန်တားပြုလုပ်ခြင်းနှင့် ရေကာတာတာပေါင်မြေဖို့ခြင်း ဆောင်ရွက်ပေးစဉ်။

## လေးမျက်နှာမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ဝဝန်မြစ်ရေကာတာကျိုးပေါက်ကာ လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ရေဝင်ရောက်မှုဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ဝဝန်မြစ်ရေကာတာကျိုးပေါက်ကာ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၄၅ ရွာသို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့်

စာမျက်နှာ ၁၆ ကော်လံ ၁

## "ဝ"အထူးဒေသ-၂ ရှိ မိုင်းမောမြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုပေး

**မိုင်းမော ဩဂုတ် ၂**

ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားမှုအရ ရှမ်းပြည်နယ်(မြောက်ပိုင်း) "ဝ"အထူးဒေသ-၂ ပန်ဆန်းမြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနကြီးကြပ်မှုအောက်ရှိ မိုင်းမောမြို့နယ်တွင် ပန်းဆန်းမြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန "ဝ"ကျန်းမာရေးဌာနနှင့်မိတ်ဖက်အဖွဲ့အစည်းများပူးပေါင်းပြီး ဇူလိုင် ၃၀ ရက်က ဒေသခံတိုင်းရင်းသားပြည်သူ ၈၀၈ ဦးကို ကွင်းဆင်းဆေးကုသမှုပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းကုသမှုပေးရာတွင် ဒေသခံတိုင်းရင်းသားပြည်သူ ၁၅၁ ဦးကို HIV နှင့်ကာလသားရောဂါ၊

စာမျက်နှာ ၁၇ ကော်လံ ၁



## မြိတ်မြို့နယ်အတွင်း မိုးစပါးစိုက်ကေများရေကြီးနစ်မြုပ်မှုမရှိစေရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်ခဲ့သည့် ချောင်းတူးဖော်ခြင်းလုပ်ငန်းသုံးခု ရာနှုန်းပြည့်ပြီးစီး



**မြိတ် ဩဂုတ် ၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု၊ အင်္ဂမော်ကျေးရွာအုပ်စု၊ သမုတ်ကျေးရွာအုပ်စုတို့တွင် မိုးစပါးစိုက်ကေများ ရေကြီးနစ်မြုပ်မှုမရှိစေရေး၊ ချောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်ခဲ့သည့် ချောင်းတူးဖော်ရေးလုပ်ငန်း သုံးခုသည် ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် သမုတ်ကျေးရွာအတွင်းမှ ကျောက်ဖျာမြစ်အတွင်းသို့

စာမျက်နှာ ၁၇ ကော်လံ ၄

## Hyundai ASEAN Championship 2026 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုအဆင့် မြန်မာအသင်းနှင့် လာအိုအသင်း ယှဉ်ပြိုင်မှု တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၂**

Hyundai ASEAN Championship 2026 အမျိုးသားဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၄ ရက်မှ ဩဂုတ်၂၆ ရက်ထိ ကျင်းပသွားမည်ဖြစ်ရာ မြန်မာ့လက်ရွေးစင်အမျိုးသားဘောလုံးအသင်းပါဝင်သည့် အုပ်စု(ဘီ) ပွဲစဉ်များအနက် မြန်မာ့လက်ရွေးစင်အမျိုးသားဘောလုံးအသင်းနှင့် လာအိုအမျိုးသားဘောလုံးအသင်းတို့၏ အုပ်စုအဆင့်ပွဲစဉ်ကို ဩဂုတ် ၄ ရက် ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၄ နာရီ ၁၅ မိနစ်မှစတင်၍ MRTV HD Channel နှင့် MRTV Sports Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။


(သတင်းစဉ်)

## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂**

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၅ ရက်အတွင်း နေပြည်တော်၊ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊

စာမျက်နှာ ၁၇ ကော်လံ ၁




### အနုတ္တလက္ခဏာ အခါတော်နေ့

ဆောင်းပါး

စာမျက်နှာ - ၁၉

### ပုလဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

စာမျက်နှာ - ၁၅

ရတနာပုံ
၂၀၂၆ ခုနှစ် ဩဂုတ် ၃ ရက်
အယ်ဒီတာ့အာဘော်

# ပြည်သူအကျိုးစီးပွားရေးရှု၍ အခွန်ကင်းလွတ်ခွင့်တိုးမြှင့်ခြင်းများ

နိုင်ငံတော်အစိုးရသည် နိုင်ငံ၏စီးပွားရေး တည်ငြိမ်စေရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ သက်သာချောင်ချိမှုရှိစေရေး၊ အခွန်ကဏ္ဍ ရေရှည်အခြေခံခိုင်မာရေးတို့ကို ရည်ရွယ်သည့် မူဝါဒဆိုင်ရာများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။ လက်ရှိတွင် ပြည်ပသွင်းကုန်များနှင့်ပတ်သက်၍ အများပြည်သူအကျိုးစီးပွားကို ရှေးရှုပြီး ဆောင်ရွက်ပေးလျက်ရှိရာ ဖြစ်ပေါ်နေသော အခြေအနေများပေါ်မူတည်၍ အခွန်ကင်းလွတ်ခွင့်ကာလများကို ထပ်မံတိုးမြှင့်ခွင့်ပြုပေးလျက်ရှိသည်။

အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်း မြင့်တက်နေချိန်တွင် စက်သုံးဆီ(ဒီဇယ်ဆီ) အသုံးပြုမောင်းနှင်ရသည့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းများကို ထိန်းညှိပေးရန် လိုအပ်လျက်ရှိသည့်အတွက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေဖြင့် ဒီဇယ်ဆီ HSD (500 ppm) တင်သွင်းမှုအပေါ် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အားပေးမြှင့်တင်နိုင်ရန်နှင့် ဓာတ်အားခဈေးနှုန်းများ သက်သာစေနိုင်ရန်တို့အတွက် သဘာဝဓာတ်ငွေ့ရည်(Liquefied Natural Gas) တင်သွင်းမှုအပေါ်၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှုစရိတ်များ လျှော့ကျနိုင်စေရန်တို့အတွက် ဓာတ်မြေသြဇာများ တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ကို ၂၀၂၆ ခုနှစ် ဩဂုတ် ၁ ရက်မှ ဩဂုတ် ၃၁ ရက်ထိ ထပ်မံ၍တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်သည်။

ကမ္ဘာ့လောင်စာဆီဈေးနှုန်းနှင့် သဘာဝဓာတ်ငွေ့ရည်ဈေးနှုန်း အတက်အကျဖြစ်ပေါ်နေမှုသည် ပြည်သူလူထု၏ စားဝတ်နေရေးနှင့်ကုန်ဈေးနှုန်းအပေါ် တိုက်ရိုက် ရိုက်ခတ်မှုရှိနေသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထု၏ စားဝတ်နေရေး၊ လူမှုစီးပွားဘဝအဆင်ပြေချောမွေ့စေရေးတို့အတွက် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ထိန်းညှိဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ ထို့ပြင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းဒီဇယ်ဆီဈေးနှုန်းနှင့် အခြေခံစားသောက်ကုန်များ၊ ကုန်စည်ဈေးနှုန်းအခြေအနေများ၊ အခြားဒေသတွင်းနိုင်ငံများ၏ တုံ့ပြန်ဆောင်ရွက်နေမှုအခြေအနေများကို စိစစ်သုံးသပ်ပြီး အခွန်ကင်းလွတ်ခွင့်ကာလကို ထပ်မံတိုးမြှင့်ခွင့်ပြုပေးခြင်းဖြစ်သည်။ ထိုသို့ နိုင်ငံတော်အစိုးရအနေဖြင့် အခွန်ကင်းလွတ်ခွင့်ကာလကို ထပ်မံတိုးမြှင့်ခွင့်ပြုသည့်အပေါ် ပြည်သူတစ်ရပ်လုံးက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလျက်ရှိသည်။

သို့ဖြစ်ရာ စက်သုံးဆီ(ဒီဇယ်ဆီ) အသုံးပြုမှု၊ သဘာဝဓာတ်ငွေ့ရည်တင်သွင်းမှု၊ ဓာတ်မြေသြဇာများတင်သွင်းမှုတို့အပေါ် အခွန်ကင်းလွတ်ခွင့်ကာလကို ထပ်မံတိုးမြှင့်ခွင့်ပြုပေးထားသဖြင့် စက်သုံးဆီ(ဒီဇယ်ဆီ) အသုံးပြုမောင်းနှင်ရသည့် မော်တော်ယာဉ်များ သွားလာမှုလွယ်ကူစေခြင်း၊ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခြင်း၊ တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှုစရိတ်များ လျှော့ကျနိုင်စေခြင်းတို့ကြောင့် အများပြည်သူတို့၏အကျိုးစီးပွားကို ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

# ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျောကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**ကနီ ဩဂုတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျောကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၂၃၄၁ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကနီမြို့နယ်မှာ ငှက်ပျော ၂၃၄၁ ကေ လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာတော့ ကေအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လယ်ကန်သင်းတွေမှာလဲ ငှက်ပျောကို စိုက်ပျိုးကြပါတယ်။ အခုလို စိုက်ပျိုးတာဟာ ပိုးမွှား ရောဂါကျရောက်မှုလဲ များသောအားဖြင့် သက်သာပါတယ်"ဟု ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြသည်။

ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးသီးနှံ ထုတ်လုပ်နိုင်ရေးအတွက် ဓာတုဓာတ်ကြွင်း အန္တရာယ်ဆွေးနွေးခြင်း၊ မှတ်ပုံတင်ထားသော ဓာတုပိုးသတ်ဆေးကို အညွှန်းစာပါသည့် နှုန်းထားအတိုင်း သုံးစွဲရန်ဆွေးနွေးခြင်း စသည့်စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများနှင့် ပတ်သက်၍ အသိပညာပေးလျက် ရှိကြောင်း သိရသည်။

ငှက်ပျောကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ငှက်ပျောကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြ၍ သိရသည်။

(၂၀၆)

# သာစည်မြို့နယ် ကျားပစ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငှက်ကြီးသိုက်ကျေးရွာအုပ်စု ကျားပစ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဩဂုတ် ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျားပစ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၁ ဒသမ ၄ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ မရှိ စစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျားပစ်ကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ ဦးကို ငွေကျပ် ၄၄ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၄ ဒသမ ၇ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၂ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၈ ဦးကို ငွေကျပ် ၅၁ ဒသမ ၄ သန်း ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ပုသိမ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း အုန်းသီးအလုံးရေ ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ပုသိမ် ဩဂုတ် ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း အုန်းသီးအလုံးရေ ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပုသိမ်မြို့နယ် အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။

ပုသိမ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက အုန်းသီးအလုံးရေ ၄၂၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လတစ်လအတွင်း အုန်းသီးအလုံးရေ ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့ရသည့် အုန်းသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၈၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပုသိမ်မြို့နယ်ကနေ ထွက်ရှိတဲ့ အုန်းသီးတွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဇူလိုင်လထဲမှာ အုန်းသီးအလုံးရေ ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိဩဂုတ်လထဲမှာလဲ အုန်းသီးတွေ ဝယ်ယူဖို့ ချိတ်ဆက်ထားပါတယ်"ဟု ပုသိမ်မြို့နယ် အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၁၆၄၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

## စဥ့်ကိုင်မြို့နယ် မြေတော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဥ့်ကိုင် ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြေတော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့်လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြေတော်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် ၁၈ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၅၀ ကို ငွေကျပ် ၁၀ ဒသမ ၃ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၁၀ ကို ရန်ပုံငွေကျပ် သန်း ၃၀ ကို ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများလည်းပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**

## ကျောက်ဆည်မြို့နယ် မင်းရပ်ရပ်ကွက်၌ ကျန်းမာရေးအသိပညာပေးဟောပြော

**ကျောက်ဆည် ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက မင်းရပ်ရပ်ကွက်၌ ပြည်သူများ ခြင်ကြောင့်ဖြစ်ပွားသည့်ရောဂါများနှင့် အခြားကူးစက်ရောဂါများ ဖြစ်ပွားမှုမရှိစေရေး ကျန်းမာရေးအသိပညာပေးဟောပြောခြင်းကို ဩဂုတ် ၁ ရက်က အဆိုပါရပ်ကွက်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး ဒေါ်ဇာဇာစိမ်းက မင်းရပ်ရပ်ကွက်၌ နေထိုင်သူများနှင့် တွေ့ဆုံ၍ခြင်ကြောင့်ဖြစ်ပွားတတ်သည့်ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ဆင်ခြေထောက်ရောဂါများအကြောင်း အသိပညာပေးဟောပြောခဲ့ပြီး ဆေးစိမ်ခြင်ထောင်အလုံးရေ ၄၀ ကို မင်းရပ်ရပ်ကွက်ရှိ နေထိုင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေး ဝန်ထမ်းများက မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့်အတူ မင်းရပ် ရပ်ကွက်အတွင်းရှိ နေအိမ်များနှင့် ခြင်များခိုအောင်နိုင်သည့်နေရာများတွင် ခြင်ဆေးများ ဖျန်းပေးခဲ့ပြီး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၄၇၈၄၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကန့်ဘလူ ဩဂုတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၄၇၈၄၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၅၂၅၀၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၇၈၄၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ဆီထွက်သီးနှံစုံ ၅၂၅၀၃ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၄၇၈၄၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြသည်။

ယခုနှစ် ကန့်ဘလူမြို့နယ်တွင် ဆီထွက်သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၄၇၄၁၃ ဧက၊ နှမ်း ၇၈ ဧက၊ နေကြာ ၃၅၁ ဧက စုစုပေါင်း ၄၇၈၄၂ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် ဆီထွက်သီးနှံစုံစိုက်ပျိုးရန်အတွက် သီးနှံအလိုက် လျာထားမှုအနေဖြင့် မြေပဲ ၅၁၉၀၁ ဧက၊ နှမ်း ၅၂၃ ဧကနှင့် နေကြာ ၁၀၇၉ ဧက စုစုပေါင်း ၅၂၅၀၃ ဧက တို့ဖြစ်ကြောင်း သိရသည်။

ဆီထွက်သီးနှံစုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီထွက်သီးနှံစုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

## ပေါင်းတည်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပေါင်းတည် ဩဂုတ် ၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အုန်းသုံးပင်ကျေးရွာနှင့် ကျီးမနိုးကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေနှင့် ဝန်ထမ်းများက အုန်းသုံးပင်ကျေးရွာနှင့် ကျီးမနိုးကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက စီမံကိန်းဆိုင်ရာ စာရင်းဇယားများ ဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ အုန်းသုံးပင်ကျေးရွာနှင့် ကျီးမနိုးကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၇၀ ကို ငွေကျပ် ၇၃ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အေးမြတ်**

## ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း စိုက်ပျိုးရေးကောက်ရိုးမှိုပိသာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် ဩဂုတ် ၂**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ဒေသထွက် စိုက်ပျိုးရေးကောက်ရိုးမှိုပိသာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရည်ဦးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်းက စိုက်ပျိုးရေးကောက်ရိုးမှို ပိသာချိန် ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း စိုက်ပျိုးရေးကောက်ရိုးမှို ပိသာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပန်းတနော်မြို့နယ်ကနေ လက်ရှိ စိုက်ပျိုးရေးကောက်ရိုးမှိုတွေ ထွက်ရှိနေပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ပန်းတနော်မြို့နယ်ကနေ စိုက်ပျိုးရေးကောက်ရိုးမှို ပိသာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ရန်ကုန်ဈေးကွက်က အမှာကုန်တွေများနေပါတယ်။ ပြည်တွင်စားသောက်ဆိုင်တွေ၊ ဟိုတယ်တွေက အသုံးပြုတာများလာလို့ ဝယ်ယူတာလဲများလာတာဖြစ်ပါတယ်"ဟု ပန်းတနော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရည်ဦးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ထွက်ရှိသည့် စိုက်ပျိုးရေးကောက်ရိုးမှိုများကို လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များက ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ အများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း၊ စိုက်ပျိုးရေးကောက်ရိုးမှိုများကို ဒေသခံ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးလျှင် အရှည် ပေ ၃၀ ရှိပေါင် ၁၀ ပေါင်မှ ပေါင် ၂၀ ထိ စိုက်ပျိုးကြကြောင်း၊ အဆိုပါ စိုက်ပျိုးရေးကောက်ရိုးမှို တစ်ပိသာလျှင် ငွေကျပ် ၂၅၀၀၀ မှ ၂၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ စိုက်ပျိုးရေးကောက်ရိုးမှိုများ တင်ပို့ရောင်းချအား ကောင်းလာခြင်းကြောင့် ပွဲရုံပိုင်ရှင်တွေ၊ စိုက်ပျိုးရေးလုပ်ကိုင်သူတွေ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# လူငယ်များရဲ့ ယနေ့နဲ့နက်ဖြန်

## ချစ်နိုင်(စိတ်ပညာ)

လူငယ်တွေနဲ့အများကြီး ထိတွေ့ခဲ့ရခြင်းဟာ စာရေးသူရဲ့အခြေအနေက ပေးလာခဲ့တဲ့အခွင့်အရေးပါပဲ။ ဆယ်ကျော်သက်ရွယ် အထက်တန်းကျောင်းသားဘဝမှစလို့ ရွယ်တူကိုယ့်ရဲ့ကျောင်းနေဖက်တစ်ခန်းတည်း၊ တစ်တန်းတည်း စာသင်ရင်းထိတွေ့ရတယ်။ ကင်းထောက်လူငယ်အသင်းအဖွဲ့ဝင်တော့ မိမိထက် အတန်းငယ်သူတွေနဲ့အတူတွဲ လေ့ကျင့်ကြရတယ်။

မန္တလေးတက္ကသိုလ် လေးနှစ်၊ စိတ်ပညာအဓိက ပညာသင်ယူရတဲ့အခါ စစ်ဆေးလွှာလက်တွေ့စစ်ဆေးစိစစ်ရခြင်း၊ သုတေသနအနေနဲ့ အခြားဘာသာက တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတွေကို တစ်ဦးချင်းစီမေတ္တာရပ်ခံ အကူအညီတောင်းပြီး ဖြေလွှာတွေဖြေဖို့ မေးရတာပါ။ သူဖြေချင်အောင် ချိုချိုသာသာ ချော့ချော့မော့မော့ ပြောရတာပေါ့။ ကိုယ်ရည်ကိုယ်သွေး စစ်ဆေးလွှာတည်ဆောက်ခြင်း၊ ဉာဏ်ရည်စစ်ဆေးလွှာ တည်ဆောက်ခြင်းတို့ဟာ အမေးအဖြေ၊ မေးခွန်း ၆၀ မှ ၁၀၀ အထိ ဖြေခိုင်းရတာပါ။ အချို့လည်း စိတ်မရှည်လို့ အဆုံးထိအောင် မဖြေချင်ကြဘူး။ (ဉာဏ်ရည်စစ်ဆေးလွှာအချို့က ပဟေဠိတွေ၊ သင်္ချာအတွက်အချက်တွေမျိုးလည်း ပါတာကိုး)၊ နည်းနည်းများများ နာမည်မဖော်ပြပါဘူး။ မှန်မှန်မှားမှား သိသလောက်ပဲ ဖြေရင်ရပါတယ်။ ကောင်းကောင်းဆိုးဆိုး မှတ်တမ်းမထားပါဘူး။ မေးခွန်းအမှတ်စဉ်တစ်ခုချင်းကို စိစစ်ခွဲခြားဖို့ ပြုလုပ်ရတဲ့ သုတေသနသဘောပါလို့ နားလည်ကူညီအောင် ရှင်းပြရတာပေါ့။ ဒီလိုနဲ့ တက္ကသိုလ်မှာ စိတ်ပညာဌာနက ကျောင်းသား အတန်းဖော်(လေးနှစ်၊ လေးတန်းစာ) စုစုပေါင်း ၁၀၀ ကျော်လေးသာရှိပေမယ့် စမ်းသပ်ခံအတွက် မိတ်ဆွေရှာရတာက လူဦးရေ ၄၀၀-၅၀၀ ရအောင် ရှာရပါတယ်။ စိတ်ပိုင်းဆိုင်ရာ စစ်ဆေးလွှာတည်ဆောက်ရခြင်း လက်တွေ့သုတေသနကို တိတိကျကျ ပြည့်ပြည့်ဝဝ သင်ကြားတဲ့ ပါမောက္ခ ဒေါက်တာစိန်တူ၊ ဆရာ ဦးခင်မောင်သန်း၊ ဆရာမ ဒေါ်ကြင်စိန်၊ ဆရာ ဒေါက်တာထွန်းသန်း၊ ဒေါက်တာကိုကိုကြီး စတဲ့စိတ်ပညာဌာနဆရာများကိုလည်း ကျေးဇူးတင်ရပါတယ်။ နိုင်ငံတကာ စစ်ဆေးလွှာတွေက အင်္ဂလိပ်လိုသာရှိနေပြီး မြန်မာဘာသာနဲ့ရှိအောင် ပြုစုကြရမယ်လေ။ Psycho-logical Testing ဘာသာရပ်က တကယ့်လက်တွေ့သုတေသနနဲ့ တည်ဆောက်ရတာပါ။ စာနဲ့၊ စာမဲ့၊ ရုပ်ပုံနဲ့၊ သင်္ချာနဲ့၊ အလုပ်ခွင်ဝင်ခွင့်အတွက်၊ ကျောင်းဝင်ခွင့်အတွက် စသဖြင့် အမျိုးအစားများစွာ လိုအပ်နေခဲ့တာပါ။

၁။ I.Q ခေါ်တဲ့ ဉာဏ်ရည်စစ်ဆေးလွှာ အမျိုးမျိုး၊

၂။ Personality Test ခေါ်တဲ့ ကိုယ်ရည်ကိုယ်သွေး စစ်ဆေးလွှာ၊

၃။ Aptitude ခေါ် အထုံ(ဝါသနာ)စစ်ဆေးလွှာ။

၄။ Attitude Test သဘောထားစစ်ဆေးလွှာ၊

ထားပါတော့။ လူငယ်ပေါင်းများစွာ လူတွေ့နှုတ်မေး၊ သုံးနှစ်လောက် လက်တွေ့ကွင်းဆင်း တက္ကသိုလ်ကျောင်းသားဘဝမှာ (ကျောင်းမှာသာမက၊ ရပ်ကွက်ထဲ၊ ကျေးရွာထဲအထိ) လှည့်လည်မေးမြန်းရယူရတဲ့ အတွေ့အကြုံပါ။

ဘဝရဲ့ထူးခြားတဲ့ ပေးအပ်ချက်က တပ်မတော်(ကြည်း၊ ရေ၊ လေ) ဗိုလ်လောင်းများ၊ စစ်တက္ကသိုလ်ဗိုလ်လောင်းများ၊ အခြားအဆင့်မှ ဗိုလ်လောင်းများ၊ ဘွဲ့ရဗိုလ်လောင်းများ၊ အလုပ်သင်ဗိုလ်လောင်းများ၊ သူနာပြု ဗိုလ်လောင်းများ စသဖြင့်ဝင်ခွင့်တစ်ခုတည်းသော ဝင်ပေါက်နေရာ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှာ ခုနစ်နှစ်ကြာမျှ အဖွဲ့လိုက်စစ်ဆေးခြင်းကော (အသုံးချစိတ်ပညာဒီပလိုမာ၊ ရန်ကုန်တက္ကသိုလ်၊ စိတ်ပညာဌာနမှာ တက်ရောက်ပြီး) စိတ်ပိုင်းဆိုင်ရာ စစ်ဆေးသူအနေနဲ့ပါ နှစ်စဉ်လူငယ်ပေါင်း ၇၀၀၀-၈၀၀၀ ကို စစ်ဆေးခဲ့ရပါတယ်။ တာဝန်အရ သူတို့ကို ငါးရက်တိတိ စစ်ဆေးချက်အမျိုးမျိုးနဲ့ စမ်းသပ်စောင့်ကြည့်ပြီး လူငယ်ငါးသောင်းကျော်ကို တစ်ဦးချင်း အကဲဖြတ်တွေ့ရှိချက် အစီရင်ခံခဲ့ရတာပါ။ လျှာရှည်သွားရင် တောင်းပန်ပါတယ်။ အဲဒီ တာဝန်ကို ဝတ်ကျေတမ်းကျေမဟုတ်ဘဲ စိတ်ဝင်တစားကြိုးကြိုးစားစား မှန်မှန်ကန်ကန်၊ တိတိကျကျဖြစ်အောင် ထမ်းဆောင်ခဲ့ပါတယ်။ ပင်ပန်းရပေမယ့် ကျေနပ်ပါတယ်။

နိုင်ငံ့ဝန်ထမ်းဘဝမှာ ခြေလျင်တပ်၊ တပ်သားသစ်အဖြစ်မှ အရပ်ဘက် ညွှန်ကြားရေးမှူးချုပ် ၁၁ နှစ်အပါအဝင် ရာထူးအဆင့်ဆင့်က ဝန်ထမ်းပေါင်းများစွာနဲ့ အနှစ် ၄၀ အတူလက်တွဲ အလုပ်လုပ်ခဲ့ရဖူးပါတယ်။ လူငယ်၊ လူလတ်တွေပေါ့။ ဝန်ထမ်းတွေပဲ ဆိုပါတော့။ ထိတွေ့ရတာပေါ့။

လူငယ်တွေရဲ့ဘဝ မနက်ဖြန်ကိုလှပချင်ရင် ယနေ့မိမိဘဝကို သေသေချာချာ အလှပြင်ဖို့ အောက်ဖော်ပြပါ အကြံပြုချက်တွေကို ဖော်ပြပါရစေ-

၁။ ယေဓမ္မာဟေတုပ္ပဘဝါ။

အကျိုးပေါ်ထွက်တာမှန်သမျှ ရှေ့က ဖြစ်ပေါ်စေတဲ့ အကြောင်းရင်းခံရှိတယ်။ မောင်တို့မယ်တို့ နက်ဖြန်ကောင်းချင်ရင် ယနေ့ကောင်းစွာကျင့်ကြံအားထုတ်ရမယ်လေ။

**ကမ္မသကောမှီ၊ ကမ္မဒါယာဒေါ။**

လူတွေဟာ ကိုယ်ပြုတဲ့ကံရဲ့ အမွေခံတွေသာ ဖြစ်တယ်လို့ မြတ်စွာဘုရားရှင်က ဟောတော်မူခဲ့တယ်။

**ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ။**

တရားစောင့်သူအား တရားကအမှန်ပင် ပြန်လည်စောင့်ရှောက်တယ်တဲ့။ တရားရှိသူဟာ ဘေးရန်ဝေးကွာပါတယ်။ ဘာသာရေးတွေ ယူလာပြောနေတာ မဟုတ်ပါဘူး။ လောကရဲ့နိယာမကို စောစောသိလေ အကျိုးရှိလေလေ၊ ကံကောင်းနည်း၊ အောင်မြင်နည်း၊ အဆင်ပြေနည်းတွေပါ။

**၂။ အောင်မြင်မှုဆိုတာ ဖြစ်လာပါတယ်။ ခုရေတွင်းတူး အခုရေကြည်သောက် ဖြစ်ချင်လို့တော့ မရဘူး။**

အရေးကြီးတဲ့အပြောင်းအလဲတွေကို ဖော်ဆောင်နိုင်ဖို့ဆိုရင် နှစ်ပေါင်းများစွာ ကြာမြင့်ပါတယ်။ ကျောင်းသား၊ ကျောင်းသူတိုင်း သိတဲ့အတိုင်း သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ဘာသာရပ်မျိုးစုံ၊ တစ်တန်းပြီးတစ်တန်း သင်ယူလေ့လာ မှတ်သားခဲ့ရတာလေ။ စစ်မြေပြင်မှာ ရန်သူနဲ့စစ်တိုက်ရာမှာ နိုင်ဖို့အတွက် မြေပြင်အခြေအနေ နားလည်ရတယ်။

> ❖ **ကိုယ်က ပိုကောင်းအောင် သေသေချာချာကြိုးစားရင် ဒီထက်ကောင်းတဲ့ အနေအထားကိုရောက်မှာပဲ။ ဒီနေရာက မကောင်းဘူးကွာဆိုပြီး ရေသာခို၊ အချောင်လိုက်နေခဲ့ရင် တကယ်ပဲ ဘေးရောက် သို့မဟုတ် ချောက်ထဲကျသွားမှာပါပဲ။ မိမိရပ်တည်ရာကို အထင်သေးခြင်း မရှိသင့်။ မိမိရပ်တည်နေရာကို မြင့်လှပြီလို့လည်း ဝင့်ဝါမောက်မာ ဘဝင်မြင့်မနေသင့်။ ဘယ်အရာမှမတည်မြဲဘူး။ အပြောင်းအလဲ အတက်အကျ၊ အတိုးအဆုတ်တွေက ဖြစ်နေမှာပါပဲ။ တည်ရှိနေဆဲနေရာ၊ အရပ်ဒေသနဲ့ ဆီလျော်အပ်စပ်အောင် အလိုက်သင့် အလျားသင့် အံဝင်ခွင်ကျအောင် နေတတ်ပါစေ။❖**

ရာသီဥတုအခြေအနေ မိုးလေဝသ၊ လေတိုက်ခတ်နှုန်း၊ နေ့နဲ့ည အလင်းအမှောင်(ညအခါ လရောင်ရတဲ့ အခြေအနေလား) စသဖြင့် တွက်ချက်အသုံးချတတ်ရပါတယ်။

ကျောင်းစာမှာသင်ခဲ့ရတဲ့ ပထဝီဝင်၊ သိပ္ပံ၊ သမိုင်း ဆိုတဲ့ ဘာသာစုံသင်ခန်းစာတွေက ဘဝတိုက်ပွဲမှာ အောင်မြင်စေဖို့ အထောက်အပံ့ပေးနေကြတာကိုး။

ကောင်းမွန်တဲ့ အပြောင်းအလဲတွေကို ရက်ပိုင်း၊ လပိုင်းနဲ့ရရှိမယ်လို့တော့ မထင်မှတ်နဲ့ပေါ့။ သို့ပေမယ့် အပြောင်းအလဲတွေကိုတော့ နာရီမဆိုင်းဘဲ ဒီနေ့ပဲ စတင်လုပ်ရမှာနော်။ ကုမ္ပဏီပဲဖြစ်ဖြစ်၊ လူပဲဖြစ်ဖြစ်၊ အသင်းအပင်းပဲဖြစ်ဖြစ်၊ ကောင်းမွန်တဲ့ ပြောင်းလဲမှုဆိုတာဟာ ရေရှည်လုပ်ဆောင်ရတဲ့ အရာမျိုးပါ။

**၃။ မိမိ၏တည်ရှိရာနေရာ**

သင်တည်ရှိနေတဲ့နေရာက အရေးကြီးတယ်၊ အရေးမပါဘူး။ အဆင့်မြင့်တယ်၊ အဆင့်နိမ့်တယ်၊ အခရာကျတယ်၊ ဘေးရောက်နေတယ် စသဖြင့် ပြောဆို၊ သိမှတ်နေသမျှဟာ မှန်တယ်၊ မှားတယ် မဆိုလိုပေမယ့် သင်ကြည့်တဲ့အပေါ်မှာပဲ မူတည်ပါတယ်။ တိုင်းတာတဲ့ပေတံ ဂိုက်တံနဲ့သာ ဆိုင်ပါတယ်။

ကိုယ်က ပိုကောင်းအောင် သေသေချာချာ ကြိုးစားရင် ဒီထက်ကောင်းတဲ့ အနေအထားကို ရောက်မှာပဲ။ ဒီနေရာက မကောင်းဘူးကွာဆိုပြီး ရေသာခို၊ အချောင်လိုက်နေခဲ့ရင် တကယ်ပဲ ဘေးရောက် သို့မဟုတ် ချောက်ထဲကျသွားမှာပါပဲ။ မိမိရပ်တည်ရာကို အထင်သေးခြင်း မရှိသင့်။ မိမိရပ်တည်နေရာကို မြင့်လှပြီလို့လည်း ဝင့်ဝါမောက်မာ ဘဝင်မြင့်မနေသင့်။

ဘယ်အရာမှ မတည်မြဲဘူး။ အပြောင်းအလဲ အတက်အကျ၊ အတိုးအဆုတ်တွေက ဖြစ်နေမှာပါပဲ။ တည်ရှိနေဆဲနေရာ၊ အရပ်ဒေသနဲ့ ဆီလျော်အပ်စပ်အောင် အလိုက်သင့် အလျားသင့် အံဝင်ခွင်ကျအောင် နေတတ်ပါစေ။

**၄။ ကိုယ့်ရဲ့စိတ်ပါဝင်စားမှု**

ကိုယ်စိတ်ဝင်စားတဲ့အလုပ်ကို လုပ်ဆောင်နေရရင် ပင်ပန်းလို့ ပင်ပန်းမှန်းမသိဘူး။ ဆင်းရဲပေမယ့် ဆင်းရဲတယ်မထင်ဘူး။ နိုင်ငံကျော် အဆိုတော်မာမာအေးဟာ အသံတိတ်ရုပ်ရှင်ခေတ်က မြောင်းမြ ရုပ်ရှင်ရုံမှာတီးတဲ့ တီးဝိုင်းထဲက နှဲဆရာနဲ့ အဆိုတော်ရဲ့သမီးလေးပဲ။ ဝဝတုတ်တုတ် ယောကျ်ားလေးလို နေတတ်လို့ ပတ်ဝန်းကျင်က သူ့ကို ဗိုလ်တွတ်လို့ ခေါ်ကြသတဲ့။ အဖေအမေက ဂီတလောကသားတွေဆိုတော့ ပွဲထဲဇာတ်ထဲမှာ နေ့နေ့ညည ဂီတအသံ၊ ဆိုသံ တီးသံတွေကို မွေးစတည်းက ကြားလာခဲ့တာ နားရည်ဝတာပေါ့။ သူ့ဝါသနာနဲ့ သူ့ဉာဏ်ရည်က ဂီတကိုမြတ်နိုးတယ်။ သူ့ခေတ်က နိုင်ငံသိအဆိုတော် ဒေါ်စောမြအေးကြည်၊ ဒေါ်ကြည်အောင်စတဲ့အဆိုတော် ထိပ်သီးဆရာမကြီးများထံမှာ မြန်မာသီချင်းကြီးတွေကို စိတ်ပါလက်ပါ မှတ်သားသင်ယူခဲ့တယ်။ မိမိလုပ်တဲ့အလုပ်မှာ ကောင်းသထက်ကောင်းအောင်၊ တော်သထက်တော်အောင်၊ အမှားအယွင်းနည်းအောင် ကင်းအောင် ကြိုးစားခဲ့တော့ ဒေါ်မာမာအေးဟာ ဓာတ်ပြားခေတ်၊ ရုပ်ရှင်နောက်ခံတေးခေတ်၊ ကက်ဆက်တိပ်ခွေခေတ်၊ စီဒီခေတ်၊ မိုနို၊ စတူရီယိုအသံသွင်းခေတ်တွေ ပြောင်းပေမယ့် သူမတူရပ်တည်အောင်မြင်ခဲ့တာ နမူနာယူစရာ။

တီးဝိုင်းထဲက နာမည်ကြီး အတီးသမား ငွေ ၃၀၀၀ ကျပ်ရတဲ့ သီချင်းတစ်ပုဒ်ကို မာမာအေးက ဆိုခ တစ်သိန်းခွဲ ရပါသတဲ့။ ရွှေတစ်ကျပ်သား ငွေ ၁၈ဝ ခေတ်ကဆိုပဲ။ သီချင်းတစ်ပုဒ်ဆိုရင် တစ်သိန်းခွဲပေးရတဲ့ မာမာအေးဟာ နှစ်စဉ်ရုပ်ရှင်ဇာတ်ကားပေါင်း ၇၀ ကျော်ကို တစ်ကားလျှင် သီချင်းသုံးပုဒ်အနည်းဆုံး ဆိုပေးခဲ့ရပါသတဲ့။ ၁၉၆၀-၁၉၈၀ ပြည့်နှစ် ကာလတွေမှာ ပြိုင်ဘက်မရှိထူးချွန်တာ ဂီတပညာကို အမြတ်တနိုး ကြိုးစားလေ့လာ ဆည်းပူးခဲ့ခြင်းရဲ့ အကျိုးကျေးဇူးပါပဲ။

လုပ်ငန်းကိစ္စတွေ လုပ်ဆောင်ပြီးမြောက်ဖို့ ကိုယ့်ကိုယ်ကိုယ် စိတ်အားတက်ကြွစေခြင်းက ၇၅ ရာခိုင်နှုန်းလောက် ပါဝင်ပါတယ်လို့ သုတေသနပြုသူတွေက ဖော်ပြပါတယ်။ မာမာအေး အလွမ်းသီချင်းဆိုနေရင် မျက်ရည်သွယ်သွယ်ကျပြီး ငိုရှိုက်ခံစားပြီး (နှလုံးသားနဲ့ရင်းပြီး)ဆိုတာ သတိထားမိမှာပါ။ သူက သူ့အလုပ်ကို စိတ်ပါဝင်စားတယ်နော်။

**၅။ အခွင့်အရေးတွေကို အမိအရဖမ်းဆုပ်**

စာရေးသူတို့အားလုံးမှာ ပညာရေး၊ အလုပ်အကိုင်၊ အသက်မွေးဝမ်းကျောင်း၊ ရာထူးတာဝန်ဆိုတာတွေ ဖြတ်သန်းရပါတယ်။ ကံကြမ္မာမျက်နှာသာပေးတဲ့ အခွင့်အခါလည်းရှိတယ်။ မပေးခဲ့တာလည်းရှိတယ်။ ကိုယ်မလုပ်ချင်တာကို ငြင်းရဲရမယ်။ ကိုယ်လုပ်ချင်တာကို ရအောင်ယူရဲရမယ်။ အခွင့်အရေးကို အေးအေးဆေးဆေး ထိုင်စောင့်မနေဘဲ တံခါးဖွင့်လာအောင် တဒေါက်ဒေါက် ခေါက်ရပါမယ်။ ဆိုလိုတာက သင်ဟာ ဒီရာထူး၊ ဒီတာဝန်၊ ဒီနေရာ၊ ဒီအလုပ်အကိုင်နဲ့ ထိုက်တန်ပါတယ်ဆိုတာ အလုပ်နဲ့လည်း သက်သေပြနေရမယ်။

လခစားဝန်ထမ်းဆိုတာက လစဉ်ရတဲ့လခနဲ့တော့ ရရစားစားပဲ။ အပိုဝင်ငွေရှာဖို့ နည်းလမ်းရှာကြံရမယ်။ အလုပ်များကြတဲ့ နိုင်ငံခြားက ကုမ္ပဏီဝန်ထမ်းတွေတောင် မိမိကိုယ်ပိုင်အချိန်မှာ အိမ်နေရင်း အလုပ်လုပ်နိုင်တဲ့ အလုပ်မျိုးတွေရှာဖွေပြီး လုပ်နေကြပါတယ်။ ပညာရပ်၊ ဘာသာရပ်တစ်ခုခု မိမိဝါသနာ၊ စိတ်ပါဝင်စားမှုနဲ့နီးစပ်တဲ့ဟာမျိုးပေါ့။ အတုယူစရာပါ။

နိုင်ငံ့ဝန်ထမ်း၊ ပါမောက္ခတွေ၊ ညွှန်ကြားရေးမှူးချုပ်တွေ၊ စာကြည့်တိုက်မှူး၊ စက်ရုံမှူး၊ စစ်ဘက်အရာရှိ စတဲ့သူတွေတောင် တစ်ဖက်က တာဝန်ထမ်းရင်း စာပေနယ်မှာ ထင်ရှားအောင်ကြိုးစားပြီး နိုင်ငံနဲ့လူမျိုးအကျိုးရှိအောင် ရေးနေခဲ့ကြတာပဲ။ သိပ္ပံမောင်ဝ (ဦးစိန်တင်)၊ ဇော်ဂျီ (ဦးသိန်းဟန်)၊ တိုက်စိုး(ဦးသန်းထွတ်)၊ တက်တိုး(ဦးအုန်းဖေ)၊ မင်းသုဝဏ်(ဦးဝန်)၊ မန်းတင်(ဦးထွန်းတင်)၊ တက္ကသိုလ်ဘုန်းနိုင်(ဦးခင်မောင်တင့်)၊ မောင်ခင်မင်(ဓနုဖြူ)၊ (ဒေါက်တာဦးခင်အေး)၊ ထီလာစစ်သူ(ဒုတိယဗိုလ်မှူးကြီး စိုးညွန့်)၊ ခင်မောင်အေး(မန္တလေး) (ဗိုလ်မှူးကြီး ခင်မောင်အေး) စသည်ဖြင့်ပေါ့။

ကြိုးပမ်းရှက်ဆောင် အောင်မြင်ကြပါစေ။

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်း တယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်း ရောဂါနဲ့ အယ်ဇိုင်းမားရောဂါ တို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



မြောင်းမြ ဩဂုတ် ၂

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံလျာထား ၁၀၈၁ ဧကကို ယခုနှစ် မေလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးပြီးဖြစ်သော ဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး၊ သဘာဝဘေးနှင့်အခြားအကြောင်းများကြောင့် ပျက်စီးလေလွင့်မှု မရှိစေရေးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများထိ ကွင်းဆင်းသွားရောက်ပြီး ကင်းထောက်မှတ်တမ်းယူပြီး တောင်သူအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။

"အခုနှစ် မိုးသီးနှံစိုက်တဲ့ ကာလမှာ စားဖိုဆောင်သီးနှံ ၁၀၈၁ ဧကထိ စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာတော့ လျာထားဧကအတိုင်း ရာနှုန်းပြည့် စိုက်ပျိုးပြီးဖြစ်ပါတယ်။ လက်ရှိစိုက်ပျိုးထားတဲ့ သီးနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးနိုင်စေဖို့၊ ဈေးကွက်ဝင်သီးနှံတွေဖြစ်စေဖို့နဲ့၊ စိုက်ပျိုးရေးနည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို သီးနှံတွေမစိုက်ခင်ကတည်းက စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဋ္ဌေးမြင့်က ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစိုက်ပျိုးရာတွင် ပန်းဂေါ်ဖီ၊ နံနံပင်၊ မုန်လာ၊ ဘူးသီး၊ တိုင်ထောင်ပဲ၊ ခရမ်း၊ သခွား၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပဲပုစွန်၊ ဆလတ်ရွက်၊ ငရုတ်ကောင်း၊ ချဉ်ပေါင် စသည့်သီးနှံများကို အများဆုံးစိုက်ပျိုးထားကြောင်း သိရသည်။

စားဖိုဆောင်သီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဋ္ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# သထုံမြို့နယ် နောင်ဘိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

သထုံ ဩဂုတ် ၂

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နောင်ဘိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဩဂုတ် ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်လွင်၊ သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့် ဝန်ထမ်းများက နောင်ဘိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။



အဆိုပါကျေးရွာ၌ လမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေကျပ် ၁၇ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သထုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **သုတ**

# မင်္ဂလာရှိစွာ နေထိုင်ပါ

- အယူတော် ဆောင်ကြဉ်းလို့
  နှုတ်ခံတွင်းက နိမိတ်ဖန်၊
  အမြင့်ဘုံ ဝတီနန်းမှာဖြင့်
  ဆန်းပြားစိတ်ကြံ၊
  စိတ်မိုက်တို့ ဖယ်တွန်းလှန်
  အသိဉာဏ် ပေါင်းဖော်ပျိုး၊
  သိပ္ပံပညာ အရပ်ရပ်ကိုဖြင့်
  တတ်မြောက်ကောင်းကျိုး။

- မင်္ဂလာ နိမိတ်နိုးတော့
  လာဘ်မိုးတို့ သွန်းဖြိုးစွေ၊
  မာန်မထောင် ကိုယ်နှိမ့်ချလို့
  စိတ်လှကာနေ၊
  ပြစ်မျိုးကင်းလို့ ဖွေးသန့်ပေ
  ပျက်သုဉ်းစေ မာနတရား၊
  သီလကို အဖော်မှီးတယ်
  စောင့်စည်းစကား။

- ဘာဝနာကို နေ့စဉ်ပွားလို့
  ဒါနတရား အမြဲဆောင်၊
  ရောင့်ရဲတင်းတိမ် နေထိုင်မှု
  ပေါင်းစုလှူဘောင်၊
  ငါးအစွဲနှင့် အတ္တအနှောင်
  ကွင်းရှောင်ကာ နေထိုင်ရေး၊
  လူတိုင်းပင် မေတ္တာကိန်း
  ငြိမ်းချမ်းတယ်လေး။ ။

အလင်္ကာ(ပွင့်ဖြူ)

# ဝမ်းတွင်းမြို့နယ် သနပ်ခါးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဝမ်းတွင်း ဩဂုတ် ၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သနပ်ခါးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ သနပ်ခါးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၀ ဒသမ ၇၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင် ဖြစ်ထွန်းနေမှုအခြေအနေများနှင့်လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂၅ ဦးကို ငွေကျပ် ၃၆ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၄ ဒသမ ၅၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၆ ဦးကို ရန်ပုံငွေကျပ် ၄၀ ဒသမ ၇၅ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

# ရွှေ့ပြောင်းဝင်ရောက်သူများကို တားဆီးရေးအတွက် ရေပေါ်အတားအဆီးများ စပိန်တည်ဆောက်

မက်ဒရစ် ဩဂုတ် ၂

မော်ရိုကိုနိုင်ငံဘက်မှ ရွှေ့ပြောင်းဝင်ရောက်လာသူများ တားဆီးရေးအတွက် ရေပေါ်အတားအဆီးများကို စီယူတာမြို့ တာရာဂျားလ်ကမ်းခြေတစ်လျှောက်၌ စပိန်ရဲတပ်ဖွဲ့က ဩဂုတ် ၁ ရက်တွင် စတင် တည်ဆောက်နေကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဇူလိုင် ၃၀ ရက်က စပိန်နိုင်ငံ စီယူတာမြို့အတွင်းသို့ မော်ရိုကိုနိုင်ငံဘက်မှ ရွှေ့ပြောင်းဝင်ရောက်သူဦးရေ ၅၀၀၀၀ ခန့်တို့သည် ကုန်းလမ်းမှ လည်းကောင်း၊ ပင်လယ်ပြင်ကို လက်ပစ်ကူး၍လည်းကောင်း ဝင်ရောက်ခဲ့ကြသည်။

လက်ရှိတွင် စီယူတာမြို့အတွင်းသို့ မော်ရိုကို ရွှေ့ပြောင်းသူများ နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုကို တားဆီးနိုင်ပြီဖြစ်ကြောင်း စပိန်တာဝန်ရှိသူများက ဩဂုတ် ၁ ရက်တွင် ပြောကြားထားသည်။

တစ်ချိန်တည်းမှာပင် ပင်လယ်ပြင်ဖြတ်၍ ဝင်ရောက်လာမည့် ရွှေ့ပြောင်း ဝင်ရောက်သူများကို တားဆီးရေအတွက် စပိန်ရဲတပ်ဖွဲ့က မီတာ ၅၀၀ အရှည်ရှိ ရေပေါ်အတားအဆီးများ စတင်တည်ဆောက်နေပြီဖြစ်ကြောင်း စပိန်အစိုးရ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

စီယူတာမြို့အတွင်းသို့ မော်ရိုကို ရွှေ့ပြောင်း ဝင်ရောက်သူများ တိုးဝင်ရန်ကြိုးပမ်းစဉ် မတော်တဆမှုများနှင့် ရေနစ်မှုများကြောင့် လူ ၆၇ ဦး သေဆုံးခဲ့သည်။

ပြီးခဲ့သည့် ၄၈ နာရီအတွင်း စီယူတာမြို့အတွင်းသို့ ဝင်ရောက်လာသည့် ရွှေ့ပြောင်းဝင်ရောက်သူများအနက် ဦးရေ ၄၈၀၀၀ ကျော်တို့မှာ မော်ရိုကိုနိုင်ငံဘက်သို့ ပြန်လည်ထွက်ခွာသွားပြီဟု စပိန်တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO



# ကိုလံဘီယာနိုင်ငံ ကူကူတာမြို့ ရဲဌာနချုပ်ပြင်ပ၌ ထရပ်ကားတစ်စီး ပေါက်ကွဲမှုဖြစ်ပွား

ဘိုဂိုတာ ဩဂုတ် ၂

ဗင်နီဇွဲလားနိုင်ငံနှင့် ထိစပ်နေသော ကိုလံဘီယာနယ်စပ်မြို့တစ်မြို့ဖြစ်သည့် ကူကူတာမြို့ရဲစခန်းဌာနချုပ်ပြင်ပ၌ ဩဂုတ် ၁ ရက်က ထရပ်ကားတစ်စီး ပေါက်ကွဲခဲ့ရာ ရဲတပ်ဖွဲ့ဝင် ၁၇ ဦး သေဆုံးခဲ့ကြောင်း Xinhua သတင်းဌာန ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ထရပ်ကားပေါက်ကွဲမှုသည် နော့တီဒီစန်တန်ဒါ ပြည်နယ် ရဲတပ်ဖွဲ့ဌာနချုပ် အဆောက်အအုံပြင်ပ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ကိုလံဘီယာရဲတပ်ဖွဲ့ ထိပ်တန်း တာဝန်ရှိသူများက ပြောကြားသည်။

ပြင်းထန်သည့် ပေါက်ကွဲမှုကြောင့် ရဲဌာနချုပ်အဆောက်အအုံ၏အမိုးများ ပျက်စီးခဲ့ကြောင်း ကိုလံဘီယာရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ထရပ်ကားပေါက်ကွဲမှုအတွက် အမျိုးသားလွတ်မြောက်ရေးတပ်မတော်(အင်န်အယ်လ်အေ) လက်နက်ကိုင်အဖွဲ့တွင် တာဝန်ရှိကြောင်း ကိုလံဘီယာ ကာကွယ်ရေးဝန်ကြီး ပက်ဒရိုဆန်းချက်ဇ်က ပြောကြားထားသည်။

အမျိုးသား လွတ်မြောက်ရေးတပ်မတော်သည် ကိုလံဘီယာနိုင်ငံ၌ ကျန်ရှိနေဆဲဖြစ်သော အင်အားအကြီးမားဆုံး လက်နက်ကိုင်အဖွဲ့ဖြစ်သည်။

ကိုလံဘီယာနှင့် ဗင်နီဇွဲလား နယ်စပ်တစ်လျှောက် မူးယစ်ဂိုဏ်းများနှင့် လက်နက်ကိုင်အဖွဲ့များကြား ကုန်သွယ်ရေးလမ်းကြောင်းများအတွက် ပဋိပက္ခများဖြစ်ပွားနေသော နေရာဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အီရန်ကို ထပ်မံတိုက်ခိုက်မည့် အစီအစဉ် ဆိုင်းငံ့ထားကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ပြောကြား

ဝါရှင်တန် ဩဂုတ် ၂

အီရန်နိုင်ငံကို စစ်ရေးအရ ထပ်မံတိုက်ခိုက်မည့် အစီအစဉ် ဆိုင်းငံ့ထားရန် အမေရိကန်တပ်မတော်ကို မိမိညွှန်ကြားထားကြောင်း သမ္မတဒေါ်နယ်ထရမ့်က ဩဂုတ် ၁ ရက်တွင် ပြောကြားခဲ့သည်ဟု RT သတင်းဌာန ယနေ့တွင် ဖော်ပြထားသည်။



အရှေ့အလယ်ပိုင်း ဒေသမှ မဟာမိတ်နိုင်ငံများ အနေဖြင့် ငါးလကြာ အီရန်စစ်ရေးပဋိပက္ခကို အဆုံးသတ်ပေးမည့် သဘောတူညီချက်တစ်ရပ်ရရှိရန် နောက်ခံအခြေအနေများ ဖန်တီးထားနိုင်ပြီဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားထားသည်။

မကြာမီ ပေါ်ထွက်လာနိုင်မည့် အဆိုပါ သဘောတူညီချက်တွင် အီရန်က နျူကလီးယားလက်နက် တည်ဆောက်ရေး ရည်မှန်းချက်များအဆုံးသတ်ပေးရန်၊ ဟော်မုဇ် ရေလက်ကြားကို အပြည့်အဝ ဖွင့်လှစ်ပေးရန်တို့ ပါဝင်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ထုတ်ဖော်ပြောကြားထားသည်။

ကမ္ဘာကြီး၏ အနာဂတ်အကျိုးစီးပွားများအတွက်၊ အီရန်နိုင်ငံ ဆက်လက် ရှင်သန်ရေးအတွက် အရှေ့အလယ်ပိုင်း မဟာမိတ်များ၏ မေတ္တာရပ်ခံချက်အရ အီရန်နိုင်ငံကို စစ်ရေးအရ ထပ်မံတိုက်ခိုက်မည့်အစီအစဉ် မိမိဆိုင်းငံ့ပေးထားကြောင်း သမ္မတဒေါ်နယ်ထရမ့်က ပြောကြားထားသည်။

စေ့စပ်ဆွေးနွေးမှုများ ပြန်လည်စတင်ရန် ဖိအားပေးသည့်အနေဖြင့် အီရန်နိုင်ငံကို စစ်ရေးအရ ပြင်းထန်စွာ ပြန်လည်တိုက်ခိုက်မှုများ စတင်နိုင်သည်ဟု ပြောကြားခဲ့ပြီးနောက် သမ္မတ ဒေါ်နယ်ထရမ့်က ထိုသို့ ပြောကြားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# မော်စကိုမြို့ စားသောက်ဆိုင်တစ်ဆိုင်အနီး အမျိုးသမီးတစ်ဦး သယ်ဆောင်လာသည့် ဗုံးပေါက်ကွဲ

မော်စကို ဩဂုတ် ၂

အမျိုးသမီးတစ်ဦး သယ်ဆောင်လာသည့် လက်လုပ်ဗုံးတစ်လုံး မော်စကိုမြို့လယ် စားသောက်ဆိုင်တစ်ဆိုင်အနီး ဩဂုတ် ၁ ရက်တွင် ပေါက်ကွဲခဲ့ရာ လူသုံးဦး သေဆုံးခဲ့ပြီး ၂၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ လက်လုပ်ဗုံးသည် မော်စကိုမြို့လယ် ကူဒရင်စကာယာရင်ပြင်ရှိ အီတလီစားသောက်ဆိုင်တစ်ဆိုင်အနီး ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လက်လုပ်ဗုံးသယ်ဆောင်ထားသည့် အမည်မသိအမျိုးသမီးသည် အဆိုပါ စားသောက်ဆိုင်အတွင်း ဝင်ရောက်ရန် ကြိုးပမ်းခဲ့သော်လည်း လုံခြုံရေးတစ်ဦးကတားဆီးခဲ့ကြောင်း ရုရှားအစိုးရ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး ကော်မတီက သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် ထိုသို့တားဆီးချိန်၌ ဗုံးပေါက်ကွဲခဲ့ရာ ဗုံးသယ်ဆောင်လာသူအမျိုးသမီး၊ လုံခြုံရေးဝန်ထမ်း၊ စားသောက်ဆိုင်အတွင်း စားသုံးသူတစ်ဦး သေဆုံးခဲ့ကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါ ပေါက်ကွဲမှုအတွင်း လူ ၂၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါအမျိုးသမီးသယ်ဆောင်လာသည့်ဗုံးကို တစ်စုံတစ်ဦးက အဝေးတစ်နေရာမှ တစ်ဆင့် အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု ရုရှားထောက်လှမ်းရေးအဖွဲ့ (အက်ဖ်အက်စ်ဘီ) တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဥရောပခရီးသည်များလိုက်ပါလာသည့် လေယာဉ်တစ်စင်း ပီရူးနိုင်ငံ နက်ဇကာမြို့အနီး ပျက်ကျ

လီမာ ဩဂုတ် ၂

ကမ္ဘာကျော် နက်ဇကာမျဉ်းများကိုလေ့လာကြည့်ရှုမည့် ဥရောပခရီးသွားဧည့်သည်များ လိုက်ပါလာသော လေယာဉ်တစ်စင်းသည် ဩဂုတ် ၁ ရက်တွင် ပီရူးနိုင်ငံ နက်ဇကာမြို့ပြင်၌ ပျက်ကျခဲ့ကြောင်း Xinhua သတင်းဌာန ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ လေယာဉ်ပျက်ကျမှုကြောင့် လေယာဉ်ပေါ်လိုက်ပါလာသူ ၁၃ ဦးလုံး သေဆုံးခဲ့ကြောင်း ပီရူးအာဏာပိုင်များက ပြောကြားထားသည်။

လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးခဲ့သူများမှာ အီတလီနိုင်ငံသား ခုနစ်ဦး၊ စပိန်နိုင်ငံသား နှစ်ဦး၊ ဂျာမနီနိုင်ငံသား နှစ်ဦး၊ ပီရူးလေယာဉ်မှူး နှစ်ဦးတို့ဖြစ်ကြောင်း သိရသည်။



အဆိုပါလေယာဉ်ကို ပီရူးပြည်တွင်း လေကြောင်းလိုင်း အေရိုဒိုင်ယာနာ ကုမ္ပဏီက ပိုင်ဆိုင်ကြောင်း ပီရူးတာဝန်ရှိသူများ ပြောကြားထားသည်။

အေရိုဒိုင်ယာနာ လေကြောင်းကုမ္ပဏီသည် လွန်ခဲ့သည့် ၁၄ နှစ်က ဆက်စနာဂရန်းကာရာဗင် လေယာဉ်များဖြင့် နက်ဇကာမျဉ်း ရှုခင်းကြည့် ခရီးစဉ်ဝန်ဆောင်မှုများပေးနေသော လေကြောင်းကုမ္ပဏီဖြစ်သည်။

နက်ဇကာမျဉ်းများသည် ဘီစီ ၅၀၀ နှင့် အေဒီ ၅၀၀ ကြား ကာလအတွင်း သဲကန္တာရ နယ်မြေ၌ လူသားများ ဖန်တီးရေးခြစ်ခဲ့ကြသည့် မြေပြင် ဒီဇိုင်းပုံစံများ ဖြစ်ကြကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အမေရိကန်အစိုးရ၏ လျှို့ဝှက်ကင်းထောက်ဂြိုဟ်တုတစ်စင်းကို စပေ့စ်အိတ်ကုမ္ပဏီက အောင်မြင်စွာလွှတ်တင်ခဲ့




ဝါရှင်တန် သြဂုတ် ၂

အမေရိကန်အစိုးရ၏ လျှို့ဝှက်ကင်းထောက်ဂြိုဟ်တုတစ်စင်းကို စပေ့စ်အိတ်ကုမ္ပဏီက ဇူလိုင် ၃၁ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သြဂုတ် ၁ ရက် သတင်းများအရ သိရသည်။

အမေရိကန် အမျိုးသားထောက်လှမ်းရေးရုံး၏ NROL–95 အမည်ရှိ အဆိုပါဂြိုဟ်တုကို ဖယ်လ်ကွန်း -၉ ဒုံးပျံဖြင့် ကိပ်ကာနေဗာရယ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး တစ်နာရီနှင့် အကြာတွင် ဖယ်လ်ကွန်း-၉ ဒုံးပျံသည် သယ်ဆောင်ထားသော NROL–95 ဂြိုဟ်တုကို သက်ဆိုင်ရာပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဖယ်လ်ကွန်း-၉ ဒုံးပျံ၏ ပထမအဆင့်ပင်မဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ကိပ်ကာနေဗာရယ် အာကာသစခန်းမြေပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

NROL–95 ဂြိုဟ်တုသည် အမေရိကန် အမျိုးသားထောက်လှမ်းရေးရုံးက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သော စတုတ္ထမြောက် ဂြိုဟ်တုဖြစ်သည်။

NROL–95 ဂြိုဟ်တုများ၏ လုပ်ငန်းတာဝန် အသေးစိတ်နှင့် ပတ်လမ်းနေရာများကို စပေ့စ်အိတ်ကုမ္ပဏီနှင့် အမေရိကန် အမျိုးသားထောက်လှမ်းရေးရုံးတို့က လျှို့ဝှက်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# သက်လတ်ပိုင်းအရွယ်၌ ဗီတာမင်-ဒီဓာတ် အဆင့်မြင့်မားမှုက ဦးနှောက်အတွင်း Tau ပရိုတင်းများစုစည်းမှုကို လျှော့ချနိုင်

ဒပ်ဘလင် သြဂုတ် ၂

သက်လတ်ပိုင်းအရွယ်၌ ဗီတာမင်-ဒီဓာတ် အဆင့်မြင့်မားမှုသည် ဦးနှောက်အတွင်း Tau ခေါ် ပရိုတင်းများစုစည်းမှုကို လျှော့ချပေးနိုင်ကြောင်း သြဂုတ် ၁ ရက် သတင်းများအရ သိရသည်။

ဦးနှောက်အတွင်းTau ပရိုတင်းများ စုစည်းမှုလွန်ကဲခြင်းသည် အယ်ဇိုင်းမားရောဂါဖြစ်ပွားရခြင်း၏အဓိကအကြောင်းတရားတစ်ရပ် ဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက ယူဆထားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ သက်လတ်ပိုင်းအရွယ်၌ သွေးအတွင်း ဗီတာမင်-ဒီပါဝင်မှုအဆင့်သည် အနာဂတ်ဦးနှောက်ကျန်းမာရေးကို ကာကွယ်ရေးအတွက် အရေးကြီးသည့်နောက်ခံအကြောင်းတရား တစ်ရပ်ဖြစ်နိုင်ကြောင်း အိုင်ယာလန်နိုင်ငံ ဂဲလ်ဝေးတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အိုင်ယာလန်သုတေသနပညာရှင်များသည် အမျိုးသားနှင့်အမျိုးသမီး၇၉၃ ဦးတို့၏ သွေးနမူနာများကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

ရှေးယခင်ပြုလုပ်ခဲ့သည့် လေ့လာတွေ့ရှိချက်အရ ဗီတာမင်- ဒီချို့တဲ့မှုသည် အသက် ၇၀ နှင့်အထက် သက်ကြီးပိုင်းများ၌ အယ်ဇိုင်းမားရောဂါ ဖြစ်နိုင်ခြေမြင့်တက်လာမှုနှင့် ဆက်စပ်နေကြောင်း သိရသည်။

ဗီတာမင်- ဒီ အားဖြည့်ဆေးများဖြင့် အယ်ဇိုင်းမားရောဂါဖြစ်ပွားနိုင်ခြေကို တားဆီးနိုင်မှုရှိ၊ မရှိ လက်တွေ့လေ့လာမှုများဖြင့် အတည်ပြုရန်လိုကြောင်း သိရသည်။


Ref : Sputnik News
Trs : KKO

# နေအဖွဲ့အစည်း၏ ပထမဆုံးကိုယ်ထည်သုံးခုတွဲ ဂြိုဟ်သိမ်တစ်စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထား

ဝါရှင်တန် သြဂုတ် ၂

နေအဖွဲ့အစည်း၏ ပထမဆုံး ကိုယ်ထည်သုံးခုတွဲ ဂြိုဟ်သိမ်တစ်စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း သြဂုတ် ၁ ရက် သတင်းများအရ သိရသည်။

44 Nysa အမည်ရှိ အဆိုပါဂြိုဟ်သိမ်ကို အင်္ဂါဂြိုဟ်နှင့်ကြာသပတေးဂြိုဟ်တို့ကြား ဂြိုဟ်သိမ်ခါးပတ်ကွင်း နယ်မြေအတွင်း အမေရိကန် သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။




အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ် မောင့်ဂရေဟမ်တောင်ထိပ်ရှိ အယ်လ်ဘီတီ ရေဒီယိုတယ်လီစကုပ်မှရရှိသည့် သတင်းအချက်အလက်များအရ 44 Nysa ဂြိုဟ်သိမ်သည် ကိုယ်ထည်သုံးခုတွဲ ဂြိုဟ်သိမ်တစ်စင်းဖြစ်ပြီး ဂြိုဟ်ရံလငယ် တစ်စင်းကိုလည်း ပိုင်ဆိုင်ထားကြောင်း သိရသည်။

နိုင်ငံတကာသိပ္ပံပညာရှင်များ အနေဖြင့် ကိုယ်ထည်နှစ်ခုတွဲ ဂြိုဟ်သိမ်အများအပြားကို ရှာဖွေတွေ့ရှိထားပြီး ဖြစ်သော်လည်း ကိုယ်ထည်သုံးခုတွဲ ဂြိုဟ်သိမ်တစ်စင်းကိုမူ ပထမဆုံးအကြိမ်အဖြစ် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ကိုယ်ထည်နှစ်စင်းတွဲ ဂြိုဟ်သိမ်များအနက် အထင်ရှားဆုံးဂြိုဟ်သိမ်တစ်စင်းမှာ ၅၂၄၆ ဒေါ်နယ်ဂျိုဟန်ဆင် ဂြိုဟ်သိမ်ဖြစ်ကြောင်း သိရသည်။

အဆိုပါဂြိုဟ်သိမ်ကို အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ(နာဆာ)၏ လူစီအာကာသယာဉ်က ၂၀၂၅ ခုနှစ်တွင် အနီးကပ်ဖြတ်ကျော် ပျံသန်းလေ့လာနိုင်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# အစာစားနေချိန် ရေသောက်ပါက အစားအစာကို ပို၍စားသောက်လာနိုင်

နယူးယောက် သြဂုတ် ၂

အစာစားနေချိန် ရေသောက်ပါက အစားအစာကို ယခင်ထင်ထားသကဲ့သို့ အစားပိုနည်းမသွားဘဲ ပို၍စားသောက်လာနိုင်ကြောင်း သုတေသနပညာရှင်များက သြဂုတ် ၁ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ နယူးယောက်မြို့ ကော်နဲလ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် အရွယ်ရောက်သူ ၈၆ ဦးတို့၏ စားသောက်ပုံ အလေ့အထများကို လေ့လာစူးစမ်းခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ အစာစားနေချိန် ရေသောက်သူများသည် အစားအစာကို ပိုမိုစားသုံးလာတတ်သည်ကို တွေ့ရကြောင်း သိရသည်။

သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အစာစားနေချိန်တွင် ရေပမာဏဂရမ် ၁၀၀ သောက်သုံးတိုင်း အစားအစာကို ၃၉ ဂရမ်ထိ ပိုမိုစားသုံးလာနိုင်ကြောင်း သိရသည်။

အလားတူ အစားအစာကို တစ်လုပ်စားလိုက် ရေတစ်ငုံသောက်လိုက်ပြုလုပ်သူများသည်လည်း အစားအစာကို ၄ ဒသမ ၄ ဂရမ်ထိ ပိုမိုစားသုံးလာနိုင်ကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ အစာစားနေချိန်တွင် ရေသောက်ပါက ခံတွင်းခြောက်သွေ့မှုကို ကာကွယ်နိုင်ပြီး အစားအစာကို အရသာခံစားသုံးချိန်ပိုမိုကြာမြင့်လာတတ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# သက်တမ်းနှစ်ပေါင်း ၂၄၅ သန်းရှိ လည်ပင်းရှည်သတ္တဝါတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို တရုတ်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိ

ပေကျင်း သြဂုတ် ၂

သက်တမ်းအားဖြင့် နှစ်ပေါင်း ၂၄၅ သန်းရှိ လည်ပင်းရှည်သတ္တဝါတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို တရုတ်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း သြဂုတ် ၁ ရက် သတင်းများအရ သိရသည်။

Austronaga minuta ဟူ၍ အမည်ပေးထားသော အထက်ပါကျောက်ဖြစ်ရုပ်ကြွင်းတွင် အစာအိမ်၊ အသည်းနှင့်အူလမ်းကြောင်းများကို အနေအထားမပျက်တွေ့ရှိထားကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

Austronaga minuta များသည် ဒိုင်နိုဆောသတ္တဝါများမပေါ်မီကာလ ထရိုင်အားဆစ်ဘူမိခေတ်အတွင်း ရှင်သန်ခဲ့ကြသည့် ရေသတ္တဝါများ ဖြစ်ကြကြောင်း သိရသည်။

Austronaga minuta ကျောက်ဖြစ်ရုပ်ကြွင်းကို တရုတ်နိုင်ငံတောင်ပိုင်း ယူနန်ပြည်နယ်၌ တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Austronaga minuta သတ္တဝါသည် ကိုယ်ထည်အလျားနှစ်ပေခန့်ရှိပြီး ရှည်လျားသော လည်ပင်းနှင့် အမြီးများကို ပိုင်ဆိုင်ထားကြောင်း သိရသည်။

Austronaga minuta သက်ရှိများသည် မိကျောင်း၊ ဒိုင်နိုဆောနှင့် တာရိဆောရပ်စ်တို့ အကျုံးဝင်သည့် Archosaurs ခေါ် တွားသွားသတ္တဝါအုပ်စုတွင် ပါဝင်သော သက်ရှိတစ်မျိုးဖြစ်ဖွယ်ရှိသည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# Mifel Tennis Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အာသာဂီအာ ဆွတ်ခူး

**မက္ကဆီကိုစီးတီး ဩဂုတ် ၂**

မက္ကဆီကိုနိုင်ငံ ဘာဂျာကယ်လီဖိုးနီးယား ပြည်နယ်တွင် ကျင်းပခဲ့သည့် Mifel Tennis Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ပြင်သစ်တင်းနစ် ကစားသမား အာသာဂီအာနှင့် ကနေဒါတင်းနစ်ကစားသမား ရှာပိုဗာလေ့တို့ ယှဉ်ပြိုင်ခဲ့ရာ အာသာဂီအာက (၆-၃၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင်ဖော်ပြခဲ့သည်။

အသက် ၂၁ နှစ်ရှိ အာသာဂီအာသည် ဝါရင့်တင်းနစ်ကစားသမား ရှာပိုဗာလေ့ကို ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရပြီးနောက် Mifel Tennis Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်သည့် အသက်အငယ်ဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အာသာဂီအာက "ပြိုင်ပွဲစကတည်းက ချန်ပီယံဖြစ်မယ်ဆိုတဲ့ အတွေးလုံးဝမရှိခဲ့ပါဘူး။ ပြိုင်ပွဲဝင်အများစုက ကမ္ဘာ့အဆင့် ကစားသမားတွေ ဖြစ်ကြသလို ဝါရင့်ကစားသမား တွေဖြစ်ပါတယ်။ အဆင့်တိုင်းအနိုင်ရဖို့ သေချာအာရုံစိုက် ကစားခဲ့ပါတယ်။ ကျွန်တော့်အတွက် ပထမဆုံး ဆွတ်ခူးနိုင်ခဲ့တဲ့ ဆုဖလားဖြစ်လို့ ဒီပြိုင်ပွဲဟာ ကျွန်တော့်ကို အမြဲတမ်းအမှတ်ရစေမဲ့ ပြိုင်ပွဲဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sky Sports**

**Trs : AZL**

# မြန်မာဖူဆယ်လိဂ် ယူ-၁၆ ပြိုင်ပွဲ ပွဲစဉ်(၇)ပွဲစဉ်များ ပြန်လည်ကျင်းပ

**ရန်ကုန် ဩဂုတ် ၂**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာဖူဆယ်လိဂ်ယူ-၁၆ ပြိုင်ပွဲ ပွဲစဉ်(၇) ပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှ စတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင် ပြန်လည်ကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာဖူဆယ်လိဂ် ယူ- ၁၆ ပြိုင်ပွဲကို ပွဲစဉ်(၆)အပြီးတွင် Fire Dragon Futsal Championship 2026 ပြိုင်ပွဲကြောင့် ကာလအတန်ကြာ ရပ်နားခဲ့ပြီးနောက် ယနေ့တွင် ပြန်လည်ကျင်းပခဲ့ခြင်းဖြစ်သည်။

မြန်မာဖူဆယ်လိဂ်ယူ- ၁၆ ပြိုင်ပွဲ ပွဲစဉ်(၇) ပွဲစဉ်များအဖြစ် ရန်ကုန်မြို့ MFF Futsal Stadium တွင် ယနေ့ နံနက် ၈ နာရီခွဲက Bushido အသင်းနှင့် ပစိဖိတ်ဆန်းဖားအသင်းတို့ကစားခဲ့ရာ ပစိဖိတ်ဆန်းဖားအသင်းက ၁၃ ဂိုး သုံးဂိုး၊ နံနက် ၁၀ နာရီက မင်းမဟော်အသင်းနှင့် Jullniss FC အသင်းတို့ကစားခဲ့ရာ Jullniss FC အသင်းက ခြောက်ဂိုး ငါးဂိုး၊ နံနက် ၁၁ နာရီခွဲက ရွှေပြည်သာယူနိုက်တက်အသင်းနှင့် အဗန်ဂျာအသင်းတို့ကစားခဲ့ရာ အဗန်ဂျာအသင်းက လေးဂိုး သုံးဂိုးဖြင့် အသီးသီးအနိုင်ရခဲ့သည်။

အလားတူ မွန်းလွဲ ၁ နာရီက TKA Star အသင်းနှင့်မာရိန်အက်ဖ်စီအသင်းတို့ကစားခဲ့ရာ TKA Star အသင်းက ရှစ်ဂိုး သုံးဂိုး၊ မွန်းလွဲ ၂ နာရီခွဲက ယူနိုက်တက်စီးတီးအသင်းနှင့် SGF Youth အသင်းတို့ကစားခဲ့ရာ SGF Youth အသင်းက ကိုးဂိုး ငါးဂိုး၊ ညနေ ၄ နာရီက မဟာဘားမားအသင်းနှင့် ဗစ်တိုးရီးယားအက်ဖ်စီအသင်းတို့ ကစားခဲ့ရာ ဗစ်တိုးရီးယားအက်ဖ်စီသင်းက သုံးဂိုး ဂိုးမရှိဖြင့် အသီးသီးအနိုင်ရရှိခဲ့ကြောင်း သိရသည်။

**STA**



# ASEAN Hyundai Cup ဘောလုံးပြိုင်ပွဲတွင် မလေးရှားအသင်းက ထိုင်းအသင်းကိုရှုံးနိမ့်မှုကြောင့် မြန်မာအသင်း အုပ်စုအဆင့်မှတက်ရောက်ရန် မျှော်လင့်ချက်ရှိလာ

**ရန်ကုန် ဩဂုတ် ၂**



လက်ရှိကျင်းပနေသည့် ASEAN Hyundai Cup ဘောလုံးပြိုင်ပွဲ အုပ်စု(B)အုပ်စုပွဲစဉ်အဖြစ် ကစားခဲ့သည့် ထိုင်းအသင်းနှင့် မလေးရှားအသင်း တို့ပွဲစဉ်တွင် မလေးရှားအသင်းက ထိုင်းအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် မြန်မာအသင်းအတွက် နောက်တစ်ဆင့် တက်ရောက်နိုင်ရန် မျှော်လင့်ချက် ရှိလာခဲ့ကြောင်း သိရသည်။

ASEAN Hyundai Cup ပြိုင်ပွဲ အုပ်စု(B)တွင် မြန်မာအသင်းသည် အုပ်စုပထမပွဲစဉ်တွင် မလေးရှားအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲစဉ်တွင် ဖိလစ်ပိုင်အသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အလားတူ မလေးရှားအသင်းသည်လည်း အုပ်စုသုံးပွဲကစားပြီးချိန်တွင် မြန်မာအသင်းကို နှစ်ဂိုး တစ်ဂိုး၊ လာအိုအသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ထိုင်းအသင်းကိုနှစ်ဂိုး ဂိုးမရှိဖြင့် ပြန်လည်ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။

ASEAN Hyundai Cup ပြိုင်ပွဲ အုပ်စု(B)တွင်ထိုင်းအသင်းက နှစ်ပွဲကစားပြီး နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် ထိပ်ဆုံးတွင် ရပ်တည်နေပြီး မလေးရှားအသင်းက သုံးပွဲကစားပြီး နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ်ခြောက်မှတ်၊ မြန်မာအသင်းက နှစ်ပွဲကစားပြီးတစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ်သုံးမှတ်၊ ဖိလစ်ပိုင်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ်ခြောက်မှတ်ဖြင့် အစဉ်လိုက် ရပ်တည်နေခြင်းဖြစ်သည်။

လာမည့်ပွဲစဉ်တွင် အုပ်စုဒုတိယနေရာမှ မလေးရှားအသင်းသည် ဖိလစ်ပိုင်အသင်းနှင့် ကစားရမည်ဖြစ်ပြီး မလေးရှားအသင်းက ရှုံးနိမ့်ပြီး မြန်မာအသင်းက လာအိုအသင်းကို အနိုင်ရရှိမည်ဆိုပါက နောက်တစ်ဆင့် တက်ရောက်နိုင်ရန် ပိုမိုနီးစပ်မည်ဖြစ်သည်။

မြန်မာအသင်းသည် ASEAN Hyundai Cup ပြိုင်ပွဲအုပ်စု တတိယပွဲစဉ်အဖြစ် ဩဂုတ် ၄ ရက်တွင် လာအိုအသင်းကို အိမ်ကွင်း၌ လက်ခံ ကစားရမည်ဖြစ်ကြောင်း သိရသည်။

**STA**

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**တောင်ကြီး ဩဂုတ် ၂**

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား၊ အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီက တောင်ကြီးမြို့ ပြည်နယ် လေ့ကျင့်ရေးအားကစားရုံတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန (ယှဉ်ပြိုင်လေ့ကျင့်ရေးဌာနခွဲ- ၁) ညွှန်ကြားရေးမှူး ဦးသိန်းသန်းနိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူ အသီးသီးက ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရန် ရှမ်းပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဒိုင်လူကြီးများ၊ ပြိုင်ပွဲကြီးကြပ်သူများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲနှင့်ပတ်သက်ပြီး မရှင်းလင်းသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့် ပတ်သက်သည်များကို မေးမြန်းနိုင်ပါကြောင်း၊ ပြိုင်ပွဲအမှတ်ပေး စည်းမျဉ်း၊ စည်းကမ်းများ၊ ဥပဒေပိုင်းဆိုင်ရာကိစ္စရပ်များ၊ ပြိုင်ပွဲဝင်အားကစား အထောက်အကူပြုပစ္စည်းများနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့ကာ အစည်းအဝေးသို့ တက်ရောက်ကြသူများက အထွေထွေဆွေးနွေးချက်များကို တင်ပြခဲ့ကြပြီးနောက် ညွှန်ကြားရေးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**STA**

# ၂၀၂၁ ခုနှစ်မှစတင်ပြီး ဥရောပထိပ်တန်းလိဂ်ငါးခုတွင် ပြောင်းရွှေ့ကြေး အများဆုံးအသုံးပြုသည့်အသင်းအဖြစ် ချဲလ်ဆီးအသင်းထိပ်ဆုံး၌ ရပ်တည်နေ

**လန်ဒန် ဩဂုတ် ၂**

၂၀၂၁ ခုနှစ်မှစတင်ပြီး လက်ရှိနွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလထိ ဥရောပထိပ်တန်းလိဂ်ငါးခုတွင် ပြောင်းရွှေ့ကြေး အများဆုံး အသုံးပြုထားသည့် အသင်းအဖြစ် ချဲလ်ဆီးအသင်းက ထိပ်ဆုံး၌ ရပ်တည်နေ ကြောင်း Football Transfer သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ချဲလ်ဆီးအသင်းသည် အသင်းပိုင်ရှင်ဟောင်း အေဗရာမိုဗစ်ချ်လက်ထက်ကတည်းက ပြောင်းရွှေ့ကြေး အသုံးစရိတ်အများအပြား အသုံးပြုကာ ထိပ်တန်းကစားသမားများ ခေါ်ယူခဲ့သကဲ့သို့ လက်ရှိအသင်းပိုင်ရှင် တော့ဒ်ဘိုလီလက်ထက်တွင်လည်း အပြောင်းအရွှေ့ကာလတိုင်း ပြောင်းရွှေ့ကြေးအသုံး စရိတ်အများအပြား အသုံးပြုခဲ့သည်။




၂၀၂၁ ခုနှစ် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလမှ စတင်ပြီး ယခုနှစ်နွေရာသီကစားသမားအပြောင်းအရွှေ့ ကာလထိ ချဲလ်ဆီးအသင်းသည် ကစားသမား ခေါ်ယူမှုများအတွက် ပြောင်းရွှေ့ကြေး အသုံးစရိတ် စတာလင်ပေါင် ၂ ဒသမ ၄၅ ဘီလီယံထိ အသုံးပြုခဲ့ပြီးနောက် ပြောင်းရွှေ့ကြေးအများဆုံးအသင်းအဖြစ် ရပ်တည်နေခြင်းဖြစ်သည်။

ချဲလ်ဆီး အသင်းနောက်တွင် မန်စီးတီးအသင်းက စတာလင်ပေါင် ၁ ဒသမ ၄၅ ဘီလီယံ၊ စပါးအသင်းက ၁ ဒသမ ၃၈ ဘီလီယံ၊ မန်ယူအသင်းက ၁ ဒသမ ၂၈ ဘီလီယံ၊ အာဆင်နယ်အသင်းက ၁ ဒသမ ၁၆ ဘီလီယံဖြင့် ထိပ်ဆုံးငါးသင်းစာရင်း၌ ရပ်တည်နေကြောင်း သိရသည်။

**Ref : Football Transfer**

**Trs : STA**

# မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၁)တွင် ဟံသာဝတီ ယူနိုက်တက်အသင်းက ချင်းလန်းအက်ဖ်စီအသင်းကို ငါးဂိုး တစ်ဂိုးဖြင့်အနိုင်ရ



ရန်ကုန် သြဂုတ် ၂

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၁)ပွဲစဉ်အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ဗဟန်း အားကစားကွင်းတွင် ချင်းလန်းအက်ဖ်စီ အသင်းနှင့် ဟံသာဝတီယူနိုက်တက် အသင်းတို့ကစားခဲ့ရာ ဟံသာဝတီယူနိုက်တက်အသင်းက ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ဟံသာဝတီယူနိုက်တက်အသင်းက ခြေစွမ်းပိုင်းအသာ၊ ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးကစားခဲ့ကာ ပွဲချိန် ၉ မိနစ်နှင့် ၁၂ မိနစ်တွင် အောင်ဇော်ဦး၊ ပွဲချိန် ၃၃ မိနစ်တွင် အောင်ဆန်းဖြိုးတို့က ဟံသာဝတီယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူပြီး ပထမပိုင်းတွင် ဟံသာဝတီ ယူနိုက်တက်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း ချေပဂိုးများ လိုအပ်နေသည့် ချင်းလန်းအက်ဖ်စီအသင်းထက် ဟံသာဝတီယူနိုက်တက်အသင်းကပင် ခြေစွမ်းပိုင်းအသာဖြင့် ဆက်လက်ဖိအားပေးကစားခဲ့ကာ ပွဲချိန် ၄၆ မိနစ်တွင် အောင်ဇော်ဦး၊ ပွဲချိန် ၆၄ မိနစ်တွင် ဆအယ်ဗစ်တို့က ဟံသာဝတီယူနိုက်တက် အသင်းအတွက် သွင်းဂိုးများ ထပ်မံသွင်းယူခဲ့ပြီး ချင်းလန်းအက်ဖ်စီအသင်းအတွက် တစ်လုံးတည်းသော သွင်းဂိုးကို ပွဲချိန် ၇၅ မိနစ်တွင် ပင်နယ်တီမှ တစ်ဆင့် လွမ်းယာဂျင်က သွင်းယူခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၁)နောက်ဆုံးပွဲစဉ်အဖြစ် သြဂုတ် ၃ ရက် ညနေ ၃ နာရီခွဲတွင် ဗဟန်းအားကစားကွင်း၌ စစ်ကိုင်းယူနိုက်တက်အသင်းနှင့် ဧရာဝတီယူနိုက်တက် အသင်းတို့ ဆက်လက်ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

# Rocket Classic ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ရိုင်လေ ဦးဆောင်

မီချီဂန် သြဂုတ် ၂

အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ် ဒက်ထရွိုက်မြို့တွင် ကျင်းပနေသည့် Rocket Classic ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ရိုင်လေက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျော့ရိုက်ကာ အမှတ်ပေး ဇယားကို ဦးဆောင်နေကြောင်း Golf Today သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက် ကစားသမား ဘရန်နန်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျော့ရိုက်ကာ အမှတ်ပေး ဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး အမေရိကန် ဂေါက်သီးရိုက် ကစားသမားများ ဖြစ်ကြသည့် ဖောင်လာ၊ ကင်မရွန်းယန်း၊ ခရစ်ကာ့ခ်၊ ဒိန်းမတ် ဂေါက်သီးရိုက် ကစားသမား ဟော့ဂတ်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နေသည်။

ရိုင်လေက "ပြိုင်ပွဲမှာ ပြိုင်ပွဲဝင်တိုင်းနီးပါး အတက်အကျတွေ များနေပါတယ်။ ဒါ့ကြောင့် ပြိုင်ပွဲက ပိုပြီးတော့ စိတ်လှုပ်ရှားစရာ ကောင်းလာပါတယ်။ တတိယနေ့မှာ ကစားနိုင်ခဲ့တဲ့စွမ်းဆောင်ရည်ကတော့ ဒီနှစ်အတွင်း ကျွန်တော့်ရဲ့ အကောင်းဆုံး စွမ်းဆောင်ရည်တွေကို ပြသနိုင်ခဲ့တဲ့နေ့လို့ ပြောနိုင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Today
Trs : AZL



# Esports World Cup 2026 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု Yangon Galacticos အသင်း ဒုတိယဆု ဆွတ်ခူး

ရန်ကုန် သြဂုတ် ၂

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပခဲ့သည့် Esports World Cup 2026 ပြိုင်ပွဲ MLBB ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု Yangon Galacticos အသင်း ဒုတိယဆု ဆွတ်ခူးခဲ့ကြောင်း သိရသည်။

Yangon Galacticos အသင်းသည် Esports World Cup 2026 ပြိုင်ပွဲ MLBB ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု အသင်းအဖြစ် ဝင်ရောက်ကစားခဲ့ပြီး အုပ်စုပွဲစဉ်များတွင်လည်း ရလဒ်များ ဆက်တိုက် ကောင်းမွန်ခဲ့ကာ ဆော်ဒီအာရေဗျနိုင်ငံ ကိုယ်စားပြု GK Esports အသင်းနှင့် ကမ္ဘောဒီးယားနိုင်ငံကိုယ်စားပြု Pro Esports အသင်းတို့ကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့သည်။

ထို့နောက် ရှုံးထွက်အဆင့်ပြိုင်ပွဲတွင်လည်း Yangon Galacticos အသင်းသည် အုပ်စုအဆင့်တွင် တွေ့ဆုံခဲ့သည့် Pro Esports အသင်းနှင့် ထပ်မံတွေ့ဆုံခဲ့ရာ သုံးပွဲပြတ်ဖြင့် အနိုင်ရခဲ့ကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်တွင် ဖိလစ်ပိုင်နိုင်ငံကိုယ်စားပြု Team Falcon အသင်းနှင့် ဆက်လက်ကစားခဲ့ရာ သုံးပွဲ နှစ်ပွဲဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

Yangon Galacticos အသင်းသည် ဗိုလ်လုပွဲအဆင့်တွင် ရုရှားနိုင်ငံကိုယ်စားပြု Team Spirit အသင်းနှင့် ဆက်လက်ကစားခဲ့ရာ အကောင်းဆုံး ယှဉ်ပြိုင်ကစားခဲ့သော်လည်း လေးပွဲ သုံးပွဲဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် ဒုတိယဆု ဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

Yangon Galacticos အသင်းသည် Esports World Cup 2026 ပြိုင်ပွဲ MLBB ပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သည့်အတွက် ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၅၀၀၀၀၀ ထိ ဆွတ်ခူးခဲ့ကြောင်း သိရသည်။

STA

# သြဂုတ် ၁၂ ရက်မှစတင်ပြီး ဥရောပ ဘောလုံးပြိုင်ပွဲများ ပြန်လည်ကျင်းပမည်

လန်ဒန် သြဂုတ် ၂

၂၀၂၆-၂၀၂၇ ခုနှစ် ဘောလုံးရာသီ ဥရောပအဆင့် ပြိုင်ပွဲများကို သြဂုတ် ၁၂ ရက်မှစတင်ပြီး ပြန်လည် ကျင်းပမည်ဖြစ်ကြောင်း B/R Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၆-၂၀၂၇ ခုနှစ် ဘောလုံးရာသီ ဥရောပအဆင့်ပြိုင်ပွဲများကို ဥရောပစူပါဖလား ဗိုလ်လုပွဲစဉ်မှ စတင်ကျင်းပမည်ဖြစ်ပြီး ဥရောပစူပါဖလား ဗိုလ်လုပွဲစဉ်ကို သြဂုတ် ၁၂ ရက်တွင် ချန်ပီယံလိဂ်ဖလား ချန်ပီယံ ပီအက်စ်ဂျီအသင်းနှင့် ယူရိုပါလိဂ်ဖလား ချန်ပီယံ အေဗီလာအသင်းတို့ စတင်ကစားမည်ဖြစ်သည်။

ဥရောပစူပါဖလားပြိုင်ပွဲ စတင်ကျင်းပပြီးလျှင် ဥရောပထိပ်တန်းလိဂ်ပြိုင်ပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်ပြီး အစောဆုံး ပြိုင်ပွဲအဖြစ် စပိန်လာလီဂါပြိုင်ပွဲကို သြဂုတ် ၁၅ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

အလားတူ အင်္ဂလန် ကွန်မြူနတီရှီးလ် ဗိုလ်လုပွဲစဉ်ကို သြဂုတ် ၁၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ပရီးမီးယားလိဂ် ချန်ပီယံ အာဆင်နယ်အသင်းနှင့် အက်ဖ်အေဖလားချန်ပီယံ မန်စီးတီးအသင်းတို့ ကစားမည်ဖြစ်သည်။

ထို့နောက် ပရီးမီးယားလိဂ် ပြိုင်ပွဲနှင့် ပြင်သစ်လီဂူးဝမ်းပြိုင်ပွဲတို့ကို သြဂုတ် ၂၂ ရက်တွင်လည်းကောင်း၊ ဂျာမန်စူပါဖလားနှင့် အီတလီစီးရီးအေပြိုင်ပွဲကို သြဂုတ် ၂၂ ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်ပြီး ဂျာမန်ဘွန်ဒက်စလီဂါ ပြိုင်ပွဲကို သြဂုတ် ၂၈ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Ref : B/R Football
Trs : STA

# လက်ရှိ နွေရာသီကစားသမား အပြောင်းအရွှေ့ကာလအတွင်း ချဲလ်ဆီးအသင်းက ကစားသမားသစ်ခြောက်ဦးထိ ခေါ်ယူနိုင်ခဲ့

လန်ဒန် သြဂုတ် ၂

ချဲလ်ဆီးအသင်းသည် ဘရိုက်တန်အသင်းမှ တိုက်စစ်မှူး ဝဲလ်ဘတ်ကို ပြောင်းရွှေ့ကြေး ယူရို ၅ ဒသမ ၈ သန်းဖြင့် ခေါ်ယူခဲ့ပြီးနောက် လက်ရှိ နွေရာသီကစားသမား အပြောင်းအရွှေ့ကာလ အတွင်း ကစားသမားသစ်ခြောက်ဦးထိ ခေါ်ယူနိုင်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။




ချဲလ်ဆီးအသင်းသည် နည်းပြ အလွန်ဆိုကို နည်းပြသစ် ခန့်အပ်ပြီးနောက် ပြီးခဲ့သည့် ဇူလိုင် ၁ ရက်တွင် ပြင်သစ်လီဂူးဝမ်းကလပ် စထရာဘော့ဂ်အသင်းမှ တိုက်စစ်မှူး အီမန်ဂါကို ပြောင်းရွှေ့ကြေး ယူရို ၂၅ သန်း၊ အီတလီစီးရီးအေကလပ် အတ္တလန်တာအသင်းမှ ပါလက်စထရာကို ပြောင်းရွှေ့ကြေး ယူရို ၅၅ သန်း၊ ဇူလိုင် ၆ ရက်တွင် ပေါ်တူဂီကလပ်စပို့တင်းလစ္စဘွန်းအသင်းမှ ကွင်ဒါကို ယူရို သန်း ၅၀၊ ဇူလိုင် ၂၂ ရက်တွင် ပရီးမီးယားလိဂ်ကလပ် အေဗီလာအသင်းမှ ရော်ဂျာကို ပြောင်းရွှေ့ကြေး ယူရို ၁၃၇ သန်း၊ ဇူလိုင် ၃၁ ရက်က ပရီးမီးယားလိဂ်ကလပ် ပဲလေ့စ်အသင်းမှ ခံစစ်ကစားသမား လာခရွိုစ်ကို ပြောင်းရွှေ့ကြေး ယူရို ၆၁ သန်း၊ ယနေ့တွင် ပရီးမီးယားလိဂ်ကလပ် ဘရိုက်တန်အသင်းမှ ဝဲလ်ဘတ်ကို ယူရို ၅ ဒသမ ၈ သန်းဖြင့် ခေါ်ယူကာ နှစ်နှစ်စာချုပ် ချုပ်ဆိုခဲ့ပြီး နောက်လက်ရှိ နွေရာသီကစားသမား အပြောင်းအရွှေ့ ကာလအတွင်း ကစားသမားခြောက်ဦးထိ ခေါ်ယူ နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : ESPN
Trs : ML

# တို့မြေကို တို့အလှဆင်မယ်

မြန်စာဂုဏ်မြသင်း

ကျွန်တော်တို့ရဲ့ ကမ္ဘာမြေပေါ်မှာ စည်းလုံးခြင်းကြောင့် အင်ပါယာကြီးတွေ စူပါပါဝါအဖြစ်ထူထောင်နိုင်ခဲ့သလို စည်းကမ်းမဲ့မှုနဲ့ ဝါးအစည်းပြေမှုတွေကြောင့် ကမ္ဘာ့မြေပုံပေါ်ကနေ ပျောက်ကွယ်သွားခဲ့ရတဲ့ နိုင်ငံပေါင်းများစွာရှိခဲ့တာ သမိုင်းက သက်သေပြနေပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ သမိုင်းစာမျက်နှာတွေကို နောက်ပြန်လှန်ကြည့်ရင်လဲ လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင်မြန်မာနိုင်ငံတော်ဆိုပြီး ကမ္ဘာ့အလယ်မှာ ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်နိုင်ခဲ့တာကို အားလုံးအသိပဲဖြစ်ပါတယ်။ သမိုင်းအစဉ်အလာ ကြီးမားခဲ့သလို ကိုယ့်ထီးကိုယ့်နန်းနဲ့ တင့်တယ်ခဲ့တဲ့ သမိုင်းကြောင်းတွေ ပြင်းထန်အားကောင်းတဲ့ အမျိုးသားရေးစိတ်ဓာတ်နဲ့ မြင့်မားလှတဲ့ကိုယ့်ယဉ်ကျေးမှု အထောက်အထားတွေဟာ အမှောင်ထုထဲက မီးအိမ်တစ်ခုလို လင်းလက်လမ်းပြနေဆဲဖြစ်ပါတယ်။

အင်္ဂလိပ်နယ်ချဲ့တွေ မသိမ်းပိုက်ခင် ကိုယ့်မင်းကိုယ့်ချင်း ပဒေသရာဇ်ခေတ်တုန်းကလဲ ကျွန်တော်တို့နိုင်ငံဟာ သီးခြားဒေသအလိုက် ကင်းလွတ်နေတာမဟုတ်ဘဲ ပြည်ထောင်စုနိုင်ငံအဖြစ်နဲ့ပဲ စုစည်းရပ်တည်ခဲ့ကြတာ သမိုင်းအထောက်အထားတွေမှာ အခိုင်အမာတွေ့နိုင်ပါတယ်။ "နတ်သျှင်နောင်" ရဲ့ ရတုတွေထဲမှာပါလေ့ရှိတဲ့ တိုင်းပြည်ရဲ့ခမ်းနားဆန်းကြယ်မှုတွေ၊ မြန်မာ့ရာဇဝင်ဆရာကြီးတွေ မှတ်တမ်းတင်ခဲ့တဲ့ တိုင်းရင်းသားမျိုးနွယ်စုများရဲ့ ယှဉ်တွဲနေထိုင်မှုတွေဟာ ဒီမြေဒီရေမှာ ဘိုးဘေးဘီဘင်တို့အတူတကွ လက်တွဲညီညီ ရှိခဲ့ကြကြောင်း အထင်အရှားပြသနေပါတယ်။ သမိုင်းတစ်လျှောက်မှာ ဒေသအသီးသီး၊ တိုင်းရင်းသားအသီးသီးတို့ဟာ ကိုယ့်အမျိုးအနွယ်၊ ကိုယ့်ဓလေ့နဲ့ကိုယ်တန်ဖိုးထားရင်း အေးအတူပူအမျှ ပေါင်းစည်းနေထိုင်ခဲ့ကြတဲ့ သာဓကတွေ အများကြီးရှိခဲ့တာပါ။

အဲဒီခေတ်အခါတုန်းက အုပ်ချုပ်ရေးရဲ့ဗဟိုချက်မကို ကြည့်မယ်ဆိုရင်လဲ မြန်မာနိုင်ငံရဲ့ အလယ်ပိုင်း ဧရာဝတီမြစ်ဝှမ်းဒေသမှာ အခြေစိုက်ခဲ့ကြတာကို တွေ့ရမှာပါ။ ဒီမြစ်ဝှမ်းဒေသဟာ စိုက်ပျိုးရေး၊ စီးပွားရေးနဲ့ အုပ်ချုပ်ရေးစတင်ရာ ဗဟိုအဖြစ်သမိုင်းတစ်လျှောက် လွှမ်းမိုးနိုင်ခဲ့ရုံတင်မကဘဲ မြန်မာ့ယဉ်ကျေးမှုနဲ့ အနုပညာတို့ပွင့်လန်းရာ ဒေသလဲ ဖြစ်ခဲ့ပါတယ်။ ဧရာဝတီမြစ်ကြီးရဲ့ စီးဆင်းမှုနဲ့အတူ စာပေ၊ ဂီတ၊ အနုပညာတို့ဟာလဲ မြေပြန့်နဲ့ တောင်တန်းဒေသအသီးသီးဆီကို စီးဆင်းကူးလူးပြီး အမျိုးသားရေး ပေါင်းကူးတံတားတစ်စင်းကို တည်ဆောက်ပေးခဲ့တာဖြစ်ပါတယ်။

အထူးသဖြင့် စိတ်ဝင်စားဖို့ကောင်းတာက အဲဒီ အုပ်ချုပ်ရေးဗဟိုမှာ ဗမာလူမျိုးတွေတင်မကဘဲ မွန်နဲ့ရှမ်း စတဲ့တိုင်းရင်းသားမင်းဆက်တွေလဲ ပါဝင်အုပ်ချုပ်ခဲ့ကြတာကို တွေ့ရမှာပါ။ သမိုင်းသုတေသီတွေ ထောက်ပြခဲ့သလို ပုဂံ၊ အင်းဝ၊ ဟံသာဝတီခေတ်အဆက်ဆက်မှာ မွန်၊ ရှမ်း၊ ဗမာ သွေးနှောမှုတွေနဲ့ မင်းဆက်များစွာပေါ်ထွန်းခဲ့ပြီး တိုင်းပြည်ရဲ့ဘုရင်အဖြစ် စီမံအုပ်ချုပ်ခဲ့ကြတာဖြစ်ပါတယ်။ ဒါဟာ မြန်မာ့သမိုင်းမှာ တိုင်းရင်းသားအချင်းချင်းကဏ္ဍစုံကနေ ပူးပေါင်းပါဝင်ခဲ့ကြကြောင်းနဲ့ယဉ်ကျေးမှုအရေခြုံမှုမရှိဘဲ တစ်သွေးတည်းတစ်သားတည်းဖြစ်ခဲ့ကြကြောင်း ပြသနေတဲ့ ထင်ရှားလှတဲ့ သမိုင်းအမှန်တရားပဲဖြစ်ပါတယ်။

အုပ်ချုပ်ခဲ့တဲ့ မင်းဆက်တွေမှာတင် တိုင်းရင်းသားသွေးတွေ ပါဝင်နေတာ မဟုတ်ပါဘူး။ နန်းတွင်းမင်းမှုထမ်းတွေနဲ့ အရာရှိကြီးတွေမှာလဲ တိုင်းရင်းသားပေါင်းစုံပါဝင်ပြီး တိုင်းပြည်ကို စုစည်းတည်ဆောက်ခဲ့ကြတာဖြစ်ပါတယ်။ မြန်မာ့အနုပညာ ဂီတသမိုင်းမှာထင်ရှားတဲ့ မြဝတီမင်းကြီး ဦးစရဲ့ သီချင်းကြီး သီချင်းခံများ၊ နန်းတွင်းပြဇာတ်များနဲ့ စစ်ချီကဗျာများထဲမှာပါ တိုင်းရင်းသားအသီးသီးရဲ့ ခွန်အားနဲ့စည်းလုံးမှုကို ပုံဖော်ခဲ့ကြတာ တွေ့နိုင်ပါတယ်။ ဒီလိုအပြန်အလှန်ယုံကြည်မှု၊ မင်းနဲ့ပြည်သူ အပြန်အလှန်ချစ်ခင်မှုနဲ့ တိုင်းရင်းသား ပူးပေါင်းဆောင်ရွက်မှုတွေဟာ ကျွန်တော်တို့ပြည်ထောင်စုကြီးရဲ့မပြိုကွဲနိုင်တဲ့ အုတ်မြစ်ကြီးဖြစ်ခဲ့ပါတယ်။

ခေါင်းဆောင်ကောင်းတဲ့ မင်းကောင်းမင်းမြတ်တွေပေါ်ထွန်းခဲ့တဲ့ ခေတ်တွေမှာဆိုရင် ကျွန်တော်တို့ရဲ့ပြည်ထောင်စုကြီးဟာ အင်အားခိုင်မာတောင့်တင်းခဲ့ပြီး အိမ်နီးချင်းပတ်ဝန်းကျင်ဒေသတွေထိ သြဇာလွှမ်းမိုးနိုင်ခဲ့ပါတယ်။ ကမ္ဘာ့သမိုင်းမှာ

❖ လက်ရှိ ကျွန်တော်တို့သမိုင်းပေးတာဝန်ကတော့ ညီညွတ်ရေးကို ခိုင်ခိုင်မာမာတည်ဆောက်၊ စည်းကမ်းကောင်းကောင်းထားပြီး ကိုယ့်စွမ်းအားရှိသမျှနဲ့ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ပဲဖြစ်ပါတယ်။ မိမိမွေးဖွားကြီးပြင်းခဲ့တဲ့နိုင်ငံ လှပတင့်တယ်အောင်၊ ခေတ်မီတိုးတက်အောင် မိမိကိုယ်တိုင်ပါဝင်ဆောင်ရွက်ရမှာက သမိုင်းပေးတာဝန်ပဲဖြစ်ပါတယ်။ မြန်မာ့ဆိုင်းဝိုင်းကြီးတစ်ခုမှာ ဆိုင်းဆရာ၊ နှဲဆရာ၊ ပတ်မဆရာတို့ ညီညီညွတ်ညွတ်နဲ့ စည်းချက်မှန်မှန်တီးခတ်မှ သာယာငြိမ့်ညောင်းတဲ့ ဂီတသံထွက်ပေါ်လာသလိုပါပဲ ကျွန်တော်တို့တိုင်းပြည်ကြီးကိုလဲ ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံးက တိုးတက်အောင် ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ❖

ရောမအင်ပါယာကြီးစည်းလုံးနေချိန် ဥရောပတစ်ခုလုံးကို စိုးမိုးနိုင်ခဲ့သလို အာရှမှာလဲ မွန်ဂိုတို့စည်းလုံးနေချိန် ကမ္ဘာ့မြေပုံအများစုကို လွှမ်းမိုးနိုင်ခဲ့တာမျိုးပါ။ သမိုင်းအတွေ့အကြုံအရ စည်းလုံးခြင်းရဲ့ရလဒ်ဟာ တိုင်းပြည်အင်အားကို ဘယ်လောက်ထိ ကြီးမားကျယ်ပြန့်စေသလဲဆိုတာ ကျွန်တော်တို့မြန်မာ့သမိုင်းကရော ကမ္ဘာ့သမိုင်းကပါ ခိုင်ခိုင်မာမာ သက်သေပြခဲ့ပြီးဖြစ်ပါတယ်။

ဒါပေမဲ့ တစ်နိုင်ငံလုံး နယ်ချဲ့လက်အောက်ကျရောက်သွားတဲ့အခါမှာတော့ အခြေအနေတွေဟာ လုံးဝပြောင်းလဲသွားခဲ့ပါတယ်။ နယ်ချဲ့တွေဟာ သူတို့ရဲ့အုပ်ချုပ်ရေးကဏ္ဍလွယ်ကူစေဖို့ "Divide and Rule" သို့မဟုတ် တိုင်းရင်းသားတွေကို သွေးခွဲအုပ်ချုပ်တဲ့ စနစ်ဆိုးကြီးကို စတင်ကျင့်သုံးခဲ့ကြပါတယ်။ အဲဒီစနစ်ဆိုးကြီးရဲ့ အကျိုးသက်ရောက်မှုကြောင့် ကျွန်တော်တို့တိုင်းရင်းသားပြည်သူတွေကြားမှာ သံသယမျိုးစေ့တွေ စတင်အမြစ်တွယ်ခဲ့ရပါတယ်။

ကမ္ဘာအနှံ့ စိုးမိုးခဲ့တဲ့ နယ်ချဲ့တွေရဲ့ထုံးစံအတိုင်း သွေးခွဲအုပ်ချုပ်မှုကြောင့် ဆိုးရွားတဲ့အကျိုးဆက်တွေကို နယ်ချဲ့ခံခဲ့ရတဲ့ နိုင်ငံတိုင်းတစ်သွေမတိမ်းခံစားခဲ့ကြရတာပါ။ အိန္ဒိယနိုင်ငံနဲ့ ပါကစ္စတန်နိုင်ငံ ကွဲထွက်ခဲ့ရပြီး လူသန်းပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရသလို အာဖရိကနိုင်ငံများမှာလဲ ဒီနေ့ထိ လူမျိုးရေးပဋိပက္ခတွေဖြစ်နေကြရတာ နယ်ချဲ့စနစ်ရဲ့ အဆိပ်အတောက်တွေကြောင့် ဖြစ်ပါတယ်။ ဒီစနစ်ဆိုးရဲ့ ဒဏ်ရာဒဏ်ချက်တွေကို ဒီနေ့ထိ ကမ္ဘာ့နိုင်ငံတော်တော်များများမှာ မေ့မရနိုင်အောင် မြင်တွေ့နေရဆဲဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာလဲ တောင်တန်းနဲ့ မြေပြန့် ခွဲခြားအုပ်ချုပ်တာ၊ အခွင့်အရေးပေးခွဲခြားတာတွေကြောင့် တိုင်းရင်းသားအချင်းချင်း နာကြည်းစရာ၊ မုန်းတီးစရာ၊ စိတ်ဝမ်းကွဲမှုတွေဟာ အစဉ်အဆက် အမြစ်တွယ်ခဲ့ကြပါတယ်။ နယ်ချဲ့တို့ရဲ့သွေးခွဲမှုကြောင့် တိုင်းရင်းသားအချင်းချင်းကြားမှာ သံသယတံတိုင်းတွေကို အထပ်ထပ်ဖြစ်တည်လာတာနဲ့အမျှ ညီညွတ်ရေးဟာ များစွာအလှမ်းဝေးကွာခဲ့ရပါတယ်။

အဲဒီလို အမုန်းတရားနဲ့ သံသယတွေကြားကနေ လွတ်လပ်ရေးအတွက် တိုင်းရင်းသားတွေ စည်းလုံးညီညွတ်အောင်ပြန်စုစည်းခဲ့ရတုန်းက ရေကုန်ရေခန်း ခက်ခက်ခဲခဲ ကြိုးပမ်းခဲ့ရတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်အပြီး အပျက်အစီးများစွာကြားကနေ ညီညွတ်ရေးကို ပြန်လည်တည်ဆောက်ဖို့အတွက် အမျိုးသားခေါင်းဆောင်ကြီးတွေဘက်က ပေးဆပ်ခဲ့ရတဲ့ အသက်၊ သွေး၊ ချွေး ပေးဆပ်မှုများစွာကို ရင်းနှီးမြှုပ်နှံခဲ့ကြရတာပါ။ တိုင်းပြည်လွတ်လပ်ရေးကို ဦးတည်ပြီး ကြိုးပမ်းခဲ့ကြတာပါ။

နယ်ချဲ့ရဲ့သွေးခွဲစကားတွေကို နားဝင်မိခဲ့တဲ့ တိုင်းရင်းသားခေါင်းဆောင်အချို့နဲ့ ညှိနှိုင်းရတာ အင်မတန်ခက်ခဲခဲ့ပေမဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ ပြည်သူ့အကျိုးကို လိုလားတဲ့ တိုင်းရင်းသားခေါင်းဆောင်တွေရဲ့ အမြော်အမြင်ရှိမှု၊ တိုင်းပြည်အပေါ်ထားတဲ့ စေတနာတို့ကြောင့် လွတ်လပ်ရေးအောင်ပန်းကို အရယူနိုင်ခဲ့ကြတာပါ။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်ည ပင်လုံမြို့ စော်ဘွားများထမင်းစားပွဲမှာ ဗိုလ်ချုပ်အောင်ဆန်းက "ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာအကျိုးရှိမယ်" ဆိုပြီး ပြတ်ပြတ်သားသား မှာကြားခဲ့ပါတယ်။ ဒီမိန့်ခွန်းဟာ ကျွန်တော်တို့တိုင်းပြည်အတွက် ဒီနေ့ထိ မှန်ကန်နေဆဲဖြစ်တဲ့ သမိုင်းဝင်လမ်းညွှန်ချက်တစ်ခုဖြစ်ပါတယ်။

ဗိုလ်ချုပ်မိန့်မှာခဲ့သလိုပဲ တိုင်းရင်းသားတွေအားလုံး စည်းစည်းလုံးလုံးနဲ့ လက်တွဲခဲ့ကြလို့ လွတ်လပ်ရေးဆိုတဲ့ အသီးအပွင့်ကို အရယူနိုင်ခဲ့ကြတာဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်အပြီး ဆွီဒင်နိုင်ငံ၊ နော်ဝေးနိုင်ငံတို့စည်းလုံးညီညွတ်စွာနဲ့ ကိုယ့်နိုင်ငံကို အဆင့်အတန်းမြင့်မားအောင် တည်ဆောက်ခဲ့ကြသလိုပဲ ကျွန်တော်တို့တိုင်းရင်းသားတွေလဲ တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုတည်ဆောက်ပြီး အတူတကွရပ်တည်ခဲ့ကြလို့ လွတ်လပ်တဲ့အချုပ်အခြာအာဏာပိုင်အဖြစ်ကို ရောက်ရှိခဲ့ရတာပါ။

စိတ်မကောင်းစရာကတော့ လွတ်လပ်ရေးရပြီးနောက်ပိုင်း နှစ်ပေါင်း ၇၀ ကျော် ၈၀ နီးပါး ကြာမြင့်လာခဲ့ပေမဲ့ အရင်ကလို တစ်ခဲနက် စည်းလုံးညီညွတ်မှုကို အပြည့်အဝပြန်မရသေးတာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အချင်းချင်းကြားက အနာဟောင်းတွေကို ပြန်ပြန်ဆွပေးနေကြတာကြောင့် အက်ကြောင်းနဲ့ ပဋိပက္ခတွေက တိုင်းပြည်တိုးတက်ရေးကို အများကြီး နှောင့်နှေးစေခဲ့ပြီး အတိတ်ရဲ့သမိုင်းနွံထဲမှာပဲ တဝဲလည်လည် ဖြစ်နေရပါတယ်။

အမှန်တော့ စည်းလုံးညီညွတ်မှုဆိုတာ ကျွန်တော်တို့ တိုင်းပြည်အဓွန့်ရှည်တည်တံ့ဖို့နဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့အတွက် မရှိမဖြစ်လိုအပ်တဲ့ အဓိကသော့ချက်ကြီးဖြစ်ပါတယ်။ ဂျပန်နိုင်ငံဟာ ဒုတိယကမ္ဘာစစ်အပြီး နျူကလီးယားဗုံးဒဏ်ကြောင့် ပြာပုံဘဝရောက်ခဲ့ပေမဲ့ တစ်မျိုးသားလုံးရဲ့တစ်ခဲနက် စည်းလုံးညီညွတ်မှုနဲ့ ပြန်လည်ထူထောင်ခဲ့လို့ အာရှရဲ့ စီးပွားရေးအင်အားကြီးနိုင်ငံ၊ ကမ္ဘာ့ထိပ်တန်းနိုင်ငံအဖြစ် ပြန်လည်ရပ်တည်နိုင်ခဲ့ပါတယ်။ ညီညွတ်မှုမရှိဘဲနဲ့ ဘာသာရေး၊ စီးပွားရေး၊ လူမှုရေးဘယ်အခန်းကဏ္ဍကိုမှ ခိုင်ခိုင်မာမာ တည်ဆောက်လို့ ရနိုင်မှာမဟုတ်ပါဘူး။

တိုင်းပြည်ဖွံ့ဖြိုးဖို့အတွက်ဆိုရင် စည်းလုံးညီညွတ်ရုံတင်မကပါဘူး၊ တိုင်းပြည်အတွက် စည်းကမ်းတကျနဲ့ အားလုံးက စွမ်းအားရှိသမျှ အလုပ်လုပ်ကြဖို့ လိုအပ်နေတာပါ။ စင်ကာပူနိုင်ငံရဲ့ ပထမဆုံးဝန်ကြီးချုပ်လီကွမ်ယုက စင်ကာပူကို ကမ္ဘာ့ထိပ်တန်းဖြစ်အောင် စည်းကမ်းနဲ့တည်ဆောက်ခဲ့တာကို အားလုံးသိကြမှာပါ။ ဘယ်လိုအမှုကိစ္စမျိုးမဆို စည်းကမ်းနဲ့အညီ လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိရင် ရှေ့ကိုရောက်မည်မဟုတ်ပါဘူး။

လက်ရှိ ကျွန်တော်တို့သမိုင်းပေးတာဝန်ကတော့ ညီညွတ်ရေးကို ခိုင်ခိုင်မာမာတည်ဆောက်၊ စည်းကမ်းကောင်းကောင်းထားပြီး ကိုယ့်စွမ်းအားရှိသမျှနဲ့ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ပဲဖြစ်ပါတယ်။ မိမိမွေးဖွားကြီးပြင်းခဲ့တဲ့နိုင်ငံ လှပတင့်တယ်အောင်၊ ခေတ်မီတိုးတက်အောင် မိမိကိုယ်တိုင်ပါဝင်ဆောင်ရွက်ရမှာက သမိုင်းပေးတာဝန်ပဲဖြစ်ပါတယ်။ မြန်မာ့ဆိုင်းဝိုင်းကြီးတစ်ခုမှာ ဆိုင်းဆရာ၊ နှဲဆရာ၊ ပတ်မဆရာတို့ ညီညီညွတ်ညွတ်နဲ့ စည်းချက်မှန်မှန်တီးခတ်မှ သာယာငြိမ့်ညောင်းတဲ့ ဂီတသံထွက်ပေါ်လာသလိုပါပဲ ကျွန်တော်တို့တိုင်းပြည်ကြီးကိုလဲ ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံးက တိုးတက်အောင် ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

ဒါကြောင့် အတိတ်က စိတ်ဝမ်းကွဲမှုတွေ၊ နာကြည်းမှုတွေကို သင်ပုန်းချေပြီး ကိုယ့်နိုင်ငံ၊ ကိုယ့်တိုင်းပြည်ကို ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်အောင် ကာယစွမ်းအား၊ ဉာဏစွမ်းအားရှိရှိသမျှအားနဲ့ "တို့မြေကို တို့အလှဆင်မယ်" ဆိုတဲ့စိတ်ဓာတ်နဲ့ စုစည်းညီညွတ်ကာ လက်တွဲဆောင်ရွက်သွားကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။

# စတီဖင်ကင်း၏ Desperation ထိတ်လန့်သည်းဖိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးရန် Searchlight ကုမ္ပဏီစီစဉ်




နယူးယောက် ဩဂုတ် ၂

ကမ္ဘာကျော်အမေရိကန်စာရေးဆရာ စတီဖင်ကင်း၏ Despera-tion ထိတ်လန့်သည်းဖိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးရန် Searchlight ကုမ္ပဏီက စီစဉ်ထားကြောင်း ဩဂုတ် ၁ ရက် သတင်းများအရ သိရသည်။

Desperation ဇာတ်ကားကို ဒါရိုက်တာ ဇက်လစ်ပိုစကီးနှင့် အဒမ်ဘီစတိန်းတို့က တာဝန်ယူရိုက်ကူးဖွယ်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် Despera-tion ဇာတ်ကားကို ရိုက်ကူးရေးအတွက် အထက်ပါ ဒါရိုက်တာနှစ်ဦးနှင့် Searchlight ကုမ္ပဏီတို့က ဆွေးနွေးနေကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ရိုင်ယန်ဘရီနန်က ရေးသားပေးမည်ဖြစ်သည်။

Desperation ဇာတ်ကားသည် အထီးကျန်သဲကန္တာရမြို့ငယ်တစ်မြို့၌ သောင်တင်နေသည့် ခရီးသည်တစ်စု မကောင်းဆိုးဝါးများရန်မှ လွတ်ကင်းရေးအတွက် ရုန်းကန်ခဲ့ရပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Desperation ဇာတ်ကားရိုက်ကူးမည့်အချိန်နှင့်ရုံတင်ပြသမည့်ရက်တို့ကို Searchlight ကုမ္ပဏီက ကြေညာထားခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# Live 2 Die လျှို့ဝှက်သည်းဖိုဇာတ်ကား၌ မင်းသား ဂျို့ဘိုးမင်း ပါဝင်သရုပ်ဆောင်မည်

နယူးယောက် ဩဂုတ် ၂

Live 2 Die အမည်ရှိ လျှို့ဝှက်သည်းဖိုဇာတ်ကား၌ မင်းသား ဂျို့ဘိုးမင်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၁ ရက် သတင်းများအရ သိရသည်။

Live 2 Die ဇာတ်ကားတွင် ဂျို့ဘိုးမင်းသည် မင်းသမီး မာရီလာဂါရီဂါ၊ မင်းသား ရွန်ပါးမင်း၊ အက်ဆိုင်းမိုရေးလက်၊ အော်လန်ဒိုဂျုံးတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Live 2 Die ဇာတ်ကားသည် ဩဇာကြီးမားသူများ ပါဝင်နေသည့် ကိုယ်တွင်းအင်္ဂါထုတ်ယူရောင်းဝယ်ရေးဂိုဏ်းတစ်ဂိုဏ်းအား ဖြိုခွင်းမှုကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကားတွင် မင်းသား ဂျို့ဘိုးမင်းသည် လူပျောက်မှုများကို လိုက်လံစုံစမ်းရမည့်ရဲစုံထောက်တစ်ဦးအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဗစ်တာရီးရော့က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုကို စာရေးဆရာ ဒန်နီရယ်ဟေးယက်က ရေးသားပေးထားပြီး ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျေဆန်ဇင်မာတိုရီက ရေးသားပေးထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# အချစ်ဈေး ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လဒုတိယပတ်မှစတင်ကာ နိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများတွင် ပြသမည်ဖြစ်

ရန်ကုန် ဩဂုတ် ၂

Bellarie Production က ရိုက်ကူးထုတ်လုပ်သည့် အချစ်ဈေး ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လ ဒုတိယပတ်မှစတင်ကာ နိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသသွားမည် ဖြစ်ကြောင်း ဒါရိုက်တာ ပြည့်ဖြိုးနိုင်က ပြောပြ၍ သိရသည်။

အချစ်ဈေး ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မိုးနီလွင်က ရေးသားထားပြီး ဒါရိုက်တာ ပြည့်ဖြိုးနိုင် (PPN) က Bellarie Production အတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်းသိရသည်။

"အချစ်ဈေး ရုပ်ရှင်ဇာတ်ကားမှာတော့ ဝါရင့်သရုပ်ဆောင် နိုင်းနိုင်းရဲ့ ရုပ်ရှင်လောကကို တစ်ကျော့ ပြန်လာတဲ့အခါမှာ ပထမဆုံးရိုက်ကူးတဲ့ ဇာတ်ကားဖြစ်သလို သရုပ်ဆောင် နေတိုးနဲ့ ပထမဆုံး တွဲဖက်သရုပ်ဆောင်တဲ့ ထူးထူးခြားခြား ဇာတ်ကားလေးပါ။ ဒီဇာတ်ကားမှာ အချစ်၊ အိမ်ထောင်ရေးနဲ့ သစ္စာတရားတို့ကို ငွေနဲ့လောင်းကြေးထပ်ခဲ့သူတွေရဲ့အကြောင်းကို မြင်ရမှာဖြစ်သလို အချစ်ကိုယုံကြည်ခဲ့တဲ့ အမျိုးသမီးတစ်ယောက်ရဲ့ သစ္စာတရားနဲ့ရွေးချယ်မှုကြား အခက်ခဲဆုံး စမ်းသပ်မှုကို ရင်ဆိုင်ရတဲ့အခါ ဘယ်လို အကြောင်းအရာတွေ ဖြစ်လာမလဲဆိုတာ ရုံတင်တဲ့အခါ စောင့်ကြည့်ကြပါ"ဟု ဒါရိုက်တာ ပြည့်ဖြိုးနိုင်က ပြောပြသည်။




အချစ်ဈေး ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် နိုင်းနိုင်း၊ နေတိုး၊ ဇော်ဦး၊ ဇင်မျိုး၊ ကိုဇော်၊ ဝတ်မှုံရွှေရည်၊ ချောရတနာ၊ လင်းလပြည့်ထက်၊ အေဇာ်ဇော်၊ ညွှေ့သည်သရုပ်ဆောင် သားညီနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Show of Hands ဇာတ်ကား၌ မင်းသား ဖရန့်ဂရီလို ပါဝင်မည်ဖြစ်

နယူးယောက် ဩဂုတ် ၂

Show of Hands အမည်ရှိ နိုင်ငံရေးပြန်ပေးဆွဲ ဟာသဇာတ်ကား၌ မင်းသား ဖရန့်ဂရီလို ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဩဂုတ် ၁ ရက် သတင်းများအရ သိရသည်။

Show of Hands ဇာတ်ကားသည် ၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲကာလကိုနောက်ခံပြု၍ ရုပ်ရှင်ပညာသင် ကျောင်းသားတစ်ဦး ရင်ဆိုင်ရမည့် အဖြစ်အပျက်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည်ဖြစ်သည်။

Show of Hands ဇာတ်ကားကို ဒါရိုက်တာ ပီဂျေပက်ဆီက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး အဆိုပါဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုလည်း ဒါရိုက်တာ ပီဂျေပက်ဆီကပင် တာဝန်ယူရေးသားပေးမည်ဖြစ်သည်။

မင်းသား ဖရန့်ဂရီလိုသည် Superman၊ Peacemaker၊ Tulsa King၊ Boss Level နှင့် The Purge ဇာတ်ကားများ၌ ပါဝင်ခဲ့သူဖြစ်သည်။

Show of Hands ဇာတ်ကားကို မကြာမီကာလအတွင်း ကယ်လီဖိုးနီးယား ပြည်နယ်၌ စတင်ရိုက်ကူးမည် ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# အသက် ၇၅ နှစ်အထက် သက်ကြီးရုပ်ရှင်ပညာရှင်များကို ယခုနှစ် ဇူလိုင်လအတွက် ပံ့ပိုးငွေများ ထုတ်ပေးလျက်ရှိ

ရန်ကုန် ဩဂုတ် ၂

အသက် ၇၅ နှစ်အထက် သက်ကြီး ရုပ်ရှင်ပညာရှင်များအား ဇူလိုင်လအတွက်ပံ့ပိုးငွေများကို ဩဂုတ် ၁ ရက်မှစတင်ကာ ထုတ်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးထံမှ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် သက်ကြီးရုပ်ရှင်ပညာရှင်များကို လစဉ်ပံ့ပိုးငွေအဖြစ် သက်ကြီးရုပ်ရှင်ပညာရှင် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ ကို မပျက်မကွက် လစဉ်ထုတ်ပေးလျက်ရှိသကဲ့သို့ ရုပ်ရှင်အစည်းအရုံးဝင် အလွှာအသီးသီးမှ ရုပ်ရှင်အနုပညာရှင်အတတ်ပညာရှင်များအား အခါအားလျော်စွာ ပံ့ပိုးငွေများကို ထုတ်ပေးလျက်ရှိကြောင်း သိသည်။

"အသက် ၇၅ နှစ်အထက် သက်ကြီး ရုပ်ရှင်အနုပညာရှင် အတတ်ပညာရှင်များကို ရုပ်ရှင်အစည်းအရုံးအနေနဲ့ လစဉ်ပံ့ပိုးပေးတာတွေ ရှိပါတယ်။ အခု ဩဂုတ် ၁ ရက်ကစပြီး ပြီးခဲ့တဲ့ ဇူလိုင်လအတွက် ပံ့ပိုးငွေတွေကို ထုတ်ပေးနေပြီ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

ထို့ပြင် ပြီးခဲ့သည့် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၃ ရက်ကလည်း ၁၀၄ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ အခမ်းအနားနှင့် ၄၇ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချုပ်ရပ်ကွက် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး (ဗဟို)တွင် ကျင်းပခဲ့ပြီး သက်ကြီး ရုပ်ရှင်အနုပညာရှင် အတတ်ပညာရှင် ဦးရေ ၁၈၀ ခန့်ကို ငွေသားနှင့် ဂါရဝပြုပစ္စည်းများဖြင့် ကန်တော့ခဲ့ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ဆက်လက်ပြောပြ၍ သိရသည်။ ASH

# Pwintbyu Township sees completion of harvesting summer paddy plantations



Farmers are seen harvesting summer paddy in a field using machinery.

**Pwintbyu August 2**

According to the township Agriculture Department, local farmers have harvested all plantations of summer paddy in Pwintbyu Township of Magway Region.

They planted 12,200 acres of summer paddy. Starting from June this year, they harvested the crops, and it yielded 104.06 baskets per acre of summer paddy.

"During the 2026 summer cropping season, Pwintbyu Township successfully cultivated 12,200 acres of summer paddy. At present, harvesting has been completed on 100 percent of the cultivated area. During the cultivation period, we provided farmers with the necessary agricultural technologies, high-quality certified seeds, and agricultural inputs to ensure they could grow the crop without difficulties and achieve good yields," said Daw Moe Moe Wai, Head of the Pwintbyu Township Department of Agriculture.

The Pwintbyu Township Department of Agriculture also provided summer paddy farmers with agricultural extension services to improve grain quality and yields, raised awareness on pest prevention and control, and disseminated knowledge on preventing post-harvest losses by ensuring harvested paddy is promptly moved under shelter and properly stored.

Daw Moe Moe Wai further noted that increasing paddy productivity would not only ensure local food sufficiency but also create surplus production for export. She added that if production and market demand are brought into balance, commodity prices would become more stable and socioeconomic conditions would improve. Therefore, efforts should be made to expand paddy cultivation wherever conditions are suitable.

Ye Win Naing (NyaungU)

# Kyaukmyaung Sub-Township completes cultivation of more than 10,000 acres of groundnut

**Kyaukmyaung August 2**

Statistics of Kyaukmyaung Sub-Township Agriculture Department stated that local farmers planted 10,454 acres of groundnut as monsoon crops in Kyaukmyaung Sub-Township of Sagaing Region this year.

During the 2026-2027 monsoon cropping season, Kyaukmyaung Sub-Township has set a target of cultivating 12,867 acres of groundnut. Planting began in May this year, and as of today, 10,454 acres have already been planted.

"This year's monsoon cropping plans in Kyaukmyaung Sub-Township targets more than 12,000 acres of groundnut, and 10,454 acres of crops have already been planted. We are continuing our efforts to achieve the full planting target. Groundnut, as an oilseed crop, is performing well, and the area under cultivation has been increasing year by year," said Daw Po, Head of the Kyaukmyaung Sub-Township Department of Agriculture.

In Kyaukmyaung Sub-Township, cultivating one acre of groundnut requires one and a half baskets of seed. Production costs exceed K200,000 per acre, including expenses for seed, labor, fertilizer, and pesticides. The average yield is more than 50 baskets per acre.

To ensure successful crop establishment this year, staff from the Township Department of Agriculture have been conducting field inspections of groundnut plantations, monitoring and recording pest surveillance data, and providing guidance to prevent pest and disease outbreaks and keep fields free of weeds.

206

# Taze Township grows more than 7,000 acres of maize this year

**Taze August 2**

According to the township Agriculture Department, local farmers planted 7,788 acres of maize in Taze Township of Sagaing Region this year.

During the 2026-2027 monsoon cropping season, Taze Township has targeted the cultivation of a total of 8,173 acres of maize, comprising 7,157 acres of maize and 1,016 acres of sweet corn. Planting began in May this year, and as of today, 5,865 acres of maize and 1,923 acres of sweet corn, totaling 7,788 acres, have been planted.

"This year's monsoon cropping process in Taze Township was set more than 8,000 acres of maize and sweet corn, and 7,788 acres have already been planted. We are continuing our efforts to achieve the full planting target. We are also providing farmers with technical guidance to ensure healthy crop growth and raising awareness on the prevention and control of pests and diseases," said U Ohn Kyaw Myint, Head of the Taze Township Department of Agriculture.

This year, the Taze Township Department of Agriculture has been providing training courses and conducting field demonstrations for farmers cultivating grain maize and sweet corn. The department has also been promoting preventive measures against fall armyworm infestations, integrated crop management practices, the use of neem-based biopesticides, and ginger- and chili-based botanical pesticides, while providing agricultural extension services and technical guidance.

In Taze Township, maize yields average more than 50 baskets per acre, with production costs of about K500,000 per acre. Sweet corn yields average around 15,000 ears per acre, while cultivation costs exceed K500,000 per acre.

206

# 5 dead, 41 missing after vessel catches fire in Indonesia's Java Sea

**Jakarta August 2**

Five people were killed and 41 others remained missing after the Mutiara Santosa 2 caught fire in the Java Sea north of Madura Island in Indonesia's East Java province, the National Search and Rescue Agency said Sunday.

A total of 225 people had been evacuated, the agency said.

The vessel, operating on the Surabaya-Makassar route, was carrying 271 people, including 232 passengers and 39 crew members.

Authorities said the vessel was about 19 nautical miles (35.2 km) offshore when it was almost completely engulfed in flames, with passengers gathering on the bridge and at the bow as they waited to be evacuated.

Several nearby vessels took part in the rescue operation, while a joint search and rescue team deployed additional vessels and personnel to evacuate survivors and search for the missing.

The search operation remains underway, and the cause of the fire is under investigation.

Xinhua

# Trump says U.S. to hold off attack on Iran amid conflicting claims

**Washington August 2**

U.S. President Donald Trump said on Saturday that he has agreed to hold off fresh attacks against Iran, even as the two sides continue to trade threats while offering conflicting accounts.

In a post on Truth Social, Trump said the United States "is locked and loaded and ready to go against the Islamic Republic of Iran, at levels of Military Terror, Strength, and Power not seen since World War II."

"Despite this, we have just been asked by Iran, and other Middle Eastern Countries, to hold off any attack in that the perimeters of a deal has been agreed to," he said.

"This would include the Immediate, Complete, and Total OPENING OF THE HORMUZ STRAIT, and an end to Iran's nuclear threat," he added.

Trump also warned that his decision is "subject to being able to rapidly make a DEAL."

Iran's military sources denied on Sunday Trump's claim that Tehran had asked Washington to call off its strikes, calling his remarks "a new lie," Iran's semi-official Mehr news agency reported.

The military sources also described Trump's words on Truth Social as a desperate attempt to pressure Gulf states, saying that Iran's armed forces remain at the highest level of readiness and are fully prepared.

Earlier on Saturday, Iranian Foreign Minister Seyed Abbas Araghchi warned the United States against taking any "adventurous" actions, saying those responsible would bear the consequences, according to Mehr.

Any U.S. attacks on Iranian energy infrastructure would prompt retaliatory strikes on oil fields in Saudi Arabia and the United Arab Emirates (UAE), as well as gas facilities in Qatar and Israel, Nournews, a media outlet affiliated with Iran's top security body, reported Saturday, warning that "all will be burned to ashes."

Xinhua

# Pwintbyu Township grows more than 2,700 acres of corns this year



A thriving corn plantation in Pwintbyu Township.

**Pwintbyu August 2**

Local farmers in Pwintbyu Township have planted 2,780 acres of corns as monsoon crops this year, according to the township Agriculture Department.

In Pwintbyu Township, a target of cultivating 2,796 acres of sweet corn has been set for this year's monsoon cropping season. Planting began in June, and as of today, a total of 2,780 acres have already been cultivated.

"This year's monsoon cropping season target for sweet corn cultivation in Pwintbyu Township is 2,796 acres. As of today, 2,780 acres have already been planted. We are making efforts to achieve the full targeted acreage. We are also providing support to farmers by assisting them in selecting quality and certified seeds to improve yields, as well as providing technical guidance on cultivation under the Good Agricultural Practices (GAP) system," said Daw Moe Moe Wai, Head of the Pwintbyu Township Department of Agriculture.

During this year's monsoon cropping season, the Pwintbyu Township Department of Agriculture has been providing sweet corn growers with agricultural knowledge and awareness through farmer education talks and training courses aimed at improving crop quality and yields. The department is also conducting field demonstration activities and providing guidance on the use of neem-based pesticides as a preventive measure against fall armyworm infestation, as well as the proper application of fertilizers and agricultural inputs.

Daw Moe Moe Wai said that if sweet corn is cultivated successfully with improved yields, it will not only ensure adequate local consumption but also allow farmers to sell surplus production, generating income and contributing to the improvement of local socioeconomic conditions. Therefore, efforts should be made to expand sweet corn cultivation.

Ye Win Naing (NyaungU)

# Pwintbyu Township sees 100% cultivation of Ghost trees this year

**Pwintbyu August 2**

Local farmers planted Ghost trees on all sown acreage in Pwintbyu Township this year, accordingto the township Agriculture Department.

Local authorities earmarked cultivation of 257 acres of Ghost trees as monsoon crops in the township this year. Local farmers started cultivation of trees in May this year and so far, they have planted the trees on all sown acreage.

"This year's monsoon cropping season in Pwintbyu Township, more than 200 acres of ghost trees have been targeted for cultivation. At present, 100 per cent of the targeted acreage has already been planted. Ghost tree cultivation can be carried out on various types of soil and is drought tolerant, making it convenient for farmers. Regarding ghost tree cultivation, we are providing farmers with knowledge and awareness on GAP-based cultivation methods and crop management techniques to ensure the production of high-quality, chemical-free ghost trees," said Daw Moe Moe Wai, Head of the Pwintbyu Township Department of Agriculture.

In Pwintbyu Township, farmers have been cultivating ghost trees, a perennial crop, on a small-scale basis every year during the monsoon cropping season as the cultivation requires relatively low investment costs. It is reported that the Department of Agriculture is supervising and cooperating with major traders to help improve ghost tree yields and facilitate market access for farmers.

If ghost trees are cultivated with improved quality and higher yields, they can meet local demand and generate income through the sale of surplus production, contributing to the socio-economic development of local communities. Therefore, efforts should be made to expand ghost tree cultivation, said Daw Moe Moe Wai.

Ye Win Naing (NyaungU)

# Kani Township sees completion of growing banana during this monsoon

**Kani August 2**

Kani Township Department of Agriculture stated that local farmers have planted all sown acreage of banana in Kani Township of Sagaing Region this year.

During the 2026-2027 monsoon cropping season, Kani Township has targeted the cultivation of 2,341 acres of bananas. Planting began in May this year, and the target has now been fully achieved, according to reports.

"This year's monsoon season cultivation target in Kani Township was 2,341 acres of bananas. Planting has been progressing steadily, and as of today, the entire target area has been planted. Recently, we have also seen farmers growing bananas in paddy field embankments and adjacent plots. In general, pest and disease incidence has been relatively low," said Daw Saw Thanda Nwe, Head of the Kani Township Department of Agriculture.

Banana growers plant around 1,000 banana plants per acre. The cultivation cost until the plants bear fruit is about K2 million per acre. When the crop reaches harvest, farmers can earn approximately K5 million per acre.

To promote the production of safe food crops, the Kani Township Department of Agriculture will continue conducting field extension activities on good agricultural practices, including raising awareness of the risks posed by chemical residues and advising farmers to use only registered pesticides in accordance with the application rates specified on the product labels. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 2,000 acres of pigeon pea planted in Kalay District

**Kalay August 2**

Local farmers cultivated more than 2,000 acres of pigeon pea as monsoon crops in Kalay District of Sagaing Region, according to the district Agriculture Department.

Local authorities earmarked cultivation of 3,389 acres of pigeon pea as monsoon crops in Kalay District in 2026-27 monsoon crop cultivation season. So far, they have planted 2,622 acres of crops.

"This year, Kalay District has set a target of cultivating more than 3,000 acres of pigeon pea during the monsoon cropping season. As of today, more than 2,000 acres have already been planted. We are also providing the necessary support to help farmers achieve good yields. Pigeon pea is cultivated both as a sole crop and as an intercrop," said Daw May Kywe Win, Head of the Kalay District Department of Agriculture.


As of now, pigeon pea cultivation in Kalay District has reached a total of 2,622 acres, comprising 628 acres in Kalay Township, 30 acres in Kalewa Township, and 1,964 acres in Mingin Township.

During the 2026–2027 monsoon cropping season, Kalay District has targeted a total of 3,389 acres of pigeon pea cultivation, including 1,097 acres in Kalay Township, 35 acres in Kalewa Township, and 2,257 acres in Mingin Township.

This year, the respective township offices under the Department of Agriculture in Kalay District have been providing field extension services to pigeon pea farmers, including guidance on selecting high-quality certified seeds, adopting proper cultivation practices, controlling pests, and improving crop yields.

The township offices of the Department of Agriculture in Kalay District are also promoting the combined use of urea and borax as a foliar fertilizer to help reduce farmers' fertilizer costs. It is reported that this method lowers production expenses while improving plant growth and enhancing resistance to pests. 206

# ရုရှားစစ်ဘက်က UMPK လမ်းညွှန်ကိရိယာတပ် FAB-500T ဗုံးလေးလုံးသယ်ဆောင်နိုင်သော Su-34 တိုက်လေယာဉ်ကို ထုတ်ဖော်ပြသ



ရုရှားစစ်ဘက်သည် သမားရိုးကျ လေဟုန်စီးဗုံးများကို တိကျပဲ့ထိန်း လက်နက်များအဖြစ် အဆင့်မြှင့်တင်အသုံးပြုနိုင်ရေးဆောင်ရွက်လျက်ရှိရာ UMPK လမ်းညွှန်ကိရိယာတပ် FAB-500T ဗုံးလေးလုံးသယ်ဆောင်နိုင်သော Su-34တိုက်လေယာဉ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက ဇူလိုင် ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှားနိုင်ငံအနေဖြင့် အဆိုပါလေယာဉ်၏ လက်နက်တပ်ဆင်မှုသည် တန်ဖိုးကြီး တိုက်လေယာဉ်များကို ရန်သူ၏ လေကြောင်းရန် ကာကွယ်ရေးစနစ်များ တပ်ဖြန့်ချထားရာ ဒေသအတွင်း ဝင်ရောက်တိုက်ခိုက်ရန်မလိုအပ်ဘဲ လုံခြုံသောအကွာအဝေးမှ တိကျစွာတိုက်ခိုက်နိုင်သည့်စွမ်းရည်ကို ဆက်လက်တိုးချဲ့နေကြောင်း ပြသနေခြင်းဖြစ်သည်။

UMPKလမ်းညွှန်ကိရိယာတပ် FAB-500T ဗုံးများတွင် ဂြိုဟ်တုလမ်းညွှန်စနစ်၊ အလိုအလျောက်ဖြန့်ထွက်သော ပျံသန်းတောင်ပံများနှင့် ပျံသန်းမှုအကွာအဝေးတိုးမြှင့်ပေးသည့် အထောက်အကူပြုစနစ်များကို တပ်ဆင်ထားသည်။ သို့သော် လက်ရှိ ထုတ်ပြန်ထားသည့် ရုပ်သံအထောက်အထားများအရ ဒုံးပျံအင်ဂျင် သို့မဟုတ် အသေးစား တာဘိုဂျက်အင်ဂျင် တပ်ဆင်ထားခြင်းရှိ၊ မရှိကိုမူ သီးခြားအတည်ပြုနိုင်ခြင်းမရှိသေးကြောင်း သိရသည်။

ရုရှားနှင့် ယူကရိန်းသတင်းရင်းမြစ်များက အဆိုပါလမ်းညွှန်စနစ်ကို UMPB-5၊ UMPK-5R၊ UMPB-PD သို့မဟုတ် UMPK-PD ဟူ၍အမျိုးမျိုးခေါ်ဆိုနေကြသော်လည်း ရုရှားဘက်မှ တရားဝင်နည်းပညာအမည်ကို ထုတ်ပြန်ထားခြင်းမရှိသေးကြောင်း သိရသည်။ လေယာဉ်၏ ပျံသန်းနိုင်မှုအမြင့်နှင့် လွှတ်တင်သည့် အခြေအနေပေါ်မူတည်၍ ပစ်မှတ်ကို ကီလိုမီတာ ၂၀၀ ခန့်ထိ တိုက်ခိုက်နိုင်ဖွယ်ရှိကြောင်း စစ်ရေးလေ့လာသူများက ခန့်မှန်းထားသည်။

လေဟုန်စီးဗုံးများကို ပျံသန်းလမ်းကြောင်းထိန်းချုပ်မှုတွင် အသုံးပြုခြင်း၏ အဓိကအားသာချက်မှာ တိုက်လေယာဉ်များသည် ရန်သူ၏တာတိုနှင့် တာလတ် လေကြောင်းရန် ကာကွယ်ရေးစနစ်များ၏ ပစ်ခတ်နိုင်သည့် အကွာအဝေးပြင်ပမှ လက်နက်များကို လွှတ်တင်နိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် လေယာဉ်နှင့်လေယာဉ်မှူးတို့၏ ရှင်သန်နိုင်မှုကို မြှင့်တင်ပေးနိုင်သည့်အပြင် တန်ဖိုးကြီးလေယာဉ်များ ဆုံးရှုံးနိုင်ခြေကိုလည်း လျှော့ချပေးနိုင်ကြောင်း သိရသည်။

ယူကရိန်းစစ်ဆင်ရေးတွင် ယူကရိန်းဘက်က F-16 တိုက်လေယာဉ်များနှင့် အနောက်နိုင်ငံထုတ် လေကြောင်းရန် ကာကွယ်ရေးစနစ်များကို ပေါင်းစပ်အသုံးပြုလာသည့်အခြေအနေတွင် ရုရှားဘက်ကလည်း UMPK အမျိုးအစား လမ်းညွှန်ကိရိယာတပ်ဗုံးများကို တိုးမြှင့်ထုတ်လုပ်ခြင်းဖြင့် တိုက်စစ်စွမ်းရည်ကို ဆက်လက်ထိန်းသိမ်းရန်နှင့် တိုက်လေယာဉ်များ၏ လုံခြုံရေးကိုတိုးမြှင့်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

စစ်ရေးလေ့လာသူများ၏ အမြင်အရ ရုရှား၏ UMPK နှင့် UMPB စီမံကိန်းများသည် လက်ရှိအသုံးပြုနေသောသမားရိုးကျ ဗုံးများတွင် လမ်းညွှန်စနစ်၊ ထိန်းချုပ်ရေးစနစ်နှင့် ပျံသန်းအကွာအဝေး တိုးမြှင့်ရေးကိရိယာများကိုပေါင်းစပ်တပ်ဆင်၍ တိကျပဲ့ထိန်းလက်နက်များအဖြစ် ပြောင်းလဲအသုံးပြုလာသည့် မော်ဂျူလာစစ်လက်နက်နှင့်ကိုက်ညီနေသည်။ ၎င်းစနစ်သည် စရိတ်သက်သာစွာဖြင့် တိကျပဲ့ထိန်း တာဝေးပစ်လက်နက်များကို အမြောက်အမြား ထုတ်လုပ်နိုင်သည့် အားသာချက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ နည်းပညာတိုးတက်မှုသည် သမားရိုးကျ လေဟုန်စီးဗုံးများနှင့်တန်ဖိုးမြင့် တာဝေးပစ်ခရုဇ်ဒုံးကျည်များကြားရှိ စွမ်းဆောင်ရည်ကွာဟချက်ကို လျှော့ချပေးနိုင်မည့်အပြင် ရုရှားစစ်ဘက်၏ လေကြောင်းတိုက်စစ်ဆင်ရေးစွမ်းရည်ကို ပိုမိုတိုးတက်စေမည့် အရေးပါသော တိုးတက်မှုတစ်ရပ်အဖြစ် စစ်ရေးလေ့လာသူများက သုံးသပ်ထားကြကြောင်း သိရသည်။

**Russian Su-34 Strike Fighter Carrying Four UMPK-Kitted FAB-500T Bombs Signals a New Shift in Stand-Off Warfare.** ဘာသာပြန်ဆိုထားပါသည်။

# အမေရိကန်စစ်ဘက်က အလိုအလျောက်မောင်းနှင်နိုင်သော Volcano မိုင်းခင်းစနစ်ကို စမ်းသပ်နေ

အမေရိကန်စစ်ဘက်သည် ရှေ့တန်းစစ်မြေပြင်ရှိ မိုင်းကွင်းများသို့ တပ်ဖွဲ့ဝင်များကို တိုက်ရိုက်စေလွှတ်ရန်မလိုဘဲ အလိုအလျောက် မောင်းနှင်နိုင်သော M139 Volcano မိုင်းခင်းစနစ်ကို ကယ်လီဖိုးနီးယားပြည်နယ် Fort Irwin မြို့တွင် ကျင်းပနေသည့် PC-C6 စစ်ရေးလေ့ကျင့်မှုတွင် စမ်းသပ်လျက်ရှိကြောင်း Army Recognition သတင်းဌာနက ဇူလိုင် ၂၇ ရက်တွင် ရေးသားဖော်ပြထားသည်။

အဆိုပါစနစ်သည် PLS A1 ထောက်ပံ့ပို့ဆောင်ရေးယာဉ်ပေါ်တွင် M139 Volcano မိုင်းခင်းစနစ်ကို တပ်ဆင်ထားပြီး Forterra ကုမ္ပဏီ၏ အလိုအလျောက် မောင်းနှင်ရေးဆော့ဝဲနှင့် By-Wire ထိန်းချုပ်ရေးနည်းပညာကို ပေါင်းစပ်အသုံးပြုထားသည်။ ထို့ကြောင့် ယာဉ်မောင်းမလိုဘဲ ကြိုတင်သတ်မှတ်ထားသော လမ်းကြောင်းအတိုင်း ရွေ့လျားကာ မိုင်းကွင်းများကို အလိုအလျောက် ဖြန့်ကြက်နိုင်မည်ဖြစ်သည်။

၎င်းစနစ်သည် လက်နက်အသစ်မဟုတ်ဘဲ စစ်အေးခေတ်ကတည်းက အသုံးပြုခဲ့သည့် M139 Volcano မိုင်းခင်းစနစ်ကို ခေတ်မီဒစ်ဂျစ်တယ်ကွပ်ကဲမှုစနစ်များနှင့် အလိုအလျောက်မောင်းနှင်နိုင်သည့် နည်းပညာများဖြင့် အဆင့်မြှင့်တင်ထားခြင်းဖြစ်သည်။ ထို့ကြောင့် လက်ရှိအသုံးပြုနေသော လက်နက်စနစ်များကို ပြန်လည်အသုံးချနိုင်သလို ဖွံ့ဖြိုးရေးကုန်ကျစရိတ်ကိုလည်း လျှော့ချနိုင်သည်။

အမေရိကန်စစ်ဘက်၏ အချက်အလက်များအရ M139 Volcano မိုင်းခင်းစနစ်သည် ယာဉ်ဖျက်မိုင်း ၉၆၀ လုံးထိ ဖြန့်ကျက်နိုင်ပြီး အကျယ် မီတာ ၁၂၀ နှင့် အရှည် ၁၁၀၀ မီတာခန့်ရှိသော မိုင်းကွင်းတစ်ခုကို အချိန်တိုအတွင်း ဖန်တီးနိုင်ကြောင်း သိရသည်။

ထို့ပြင် မိုင်းများ၏ အသင့်အနေအထား၊ ဖြန့်ကြက်နှုန်း၊ မိုင်းသိပ်သည်းဆနှင့် အလိုအလျောက် ဖျက်သိမ်းမည့်အချိန်တို့ကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ထိန်းချုပ်နိုင်သည်။

စနစ်၏ထူးခြားချက်မှာ အလိုအလျောက် မောင်းနှင်နိုင်ခြင်းတစ်ခုတည်းမဟုတ်ဘဲ မိုင်းဖြန့်ကြက်ပြီးသည်နှင့် မိုင်းကွင်း၏ တည်နေရာအတိအကျကို အလိုအလျောက် မှတ်တမ်းတင်ကာ ဒစ်ဂျစ်တယ်စစ်ဆင်ရေး မြေပုံအတွင်းသို့ ချက်ချင်းပေးပို့နိုင်သည်။ ထို့ကြောင့် မိတ်ဖက်တပ်ဖွဲ့များသည် မိုင်းကွင်းတည်နေရာကို တိတိကျကျ သိရှိနိုင်ပြီး မိုင်းရှင်းလင်းရေး၊ ပူးပေါင်းတိုက်ခိုက်ရေးနှင့် စစ်ကူပစ်ကူညှိနှိုင်းမှုများကို ပိုမိုလုံခြုံထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။



လက်ရှိတွင် အဆိုပါစနစ်ကို အမေရိကန်စစ်ဘက်၏ NGC2 ဒစ်ဂျစ်တယ်ကွပ်ကဲမှုစနစ်အတွင်း ပေါင်းစပ်စမ်းသပ်လျက်ရှိသည်။

စစ်ဆင်ရေးရှုထောင့်မှ ကြည့်လျှင် ၎င်းစနစ်သည် ရန်သူ၏ချီတက်လမ်းကြောင်းများကို ပိတ်ဆို့ခြင်း၊ မိမိတပ်၏ ဘေးရှိတပ်ဖွဲ့များကို အားဖြည့်ကာကွယ်ခြင်း၊ သံချပ်ကာတပ်ဖွဲ့များ၏ရွေ့လျားမှုကို ကန့်သတ်ဆောင်ရွက်ခြင်းနှင့် ရန်သူကို အမြောက်တပ်၊ ဒရုန်းတိုက်ခိုက်ရေးစနစ်များနှင့် တင့်ဖျက်လက်နက်များ၏ ပစ်ခတ်မှုဧရိယာအတွင်းသို့ ဖြားယောင်းဦးတည်စေခြင်းတို့ကို အချိန်တိုအတွင်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။

လေ့လာသုံးသပ်သူများ၏ အမြင်အရ ယူကရိန်းပဋိပက္ခမှ ရရှိသည့်သင်ခန်းစာများသည် မိုင်းကွင်းများကို သီးခြားအတားအဆီးအဖြစ် အသုံးပြုသည့် အယူအဆမှ ကျော်လွန်၍ အမြဲတမ်းစောင့်ကြည့်ထောက်လှမ်းရေး၊ တိကျသောပစ်ခတ်ရေးစနစ်များနှင့် ဒစ်ဂျစ်တယ်ကွပ်ကဲမှုကွန်ရက်များ ပေါင်းစပ်ထားသည့် ကွန်ရက်ဗဟိုပြုစစ်ဆင်ရေး၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပြောင်းလဲအသုံးချလာကြောင်း သိရသည်။

**U.S. Army Tests Autonomous Volcano System to Rapidly Deploy Minefields Without Exposing Troops.** ကိုဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**






# ပုလဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



ပုလဲ ဩဂုတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုလဲမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၂၀၁၂ ဧက စိုက်ပျိုးရန်လျာထားပြီး မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၂၂၈၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပုလဲမြို့နယ်မှာ ပဲစင်းငုံ ၂၂၀၁၂ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့မှာတော့ ဧက ၂၂၈၀၀ ထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့၊ ပိုးမွှားရောဂါကင်းစင်ဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြောပြသည်။

ပုလဲမြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ပုလဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဇေယျာသီရိမြို့နယ် ကြို့ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



နေပြည်တော် ဩဂုတ် ၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သစ်တပ်ကျေးရွာအုပ်စု ကြို့ပင်ကျေးရွာ၌ စတုတ္ထအကြိမ် Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ နေကြာအပါအဝင် ဆီထွက်သီးနှံ စိုက်ပျိုးသည့် တောင်သူများ လိုအပ်လျက်ရှိသော စိုက်ပျိုးစရိတ်နှင့် သွင်းအားစုများအတွက် ပံ့ပိုးပေးနိုင်ရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်း ပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ ရှင်းလင်းပြောကြားပြီး Citizen Pay မှ တာဝန်ရှိသူများက Mobile Financial Payment အကောင့်ဖွင့်ပေးခြင်းနှင့် ငွေပေးချေနိုင်သည့် နည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် Citizen Pay မှ တာဝန်ရှိသူများနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက Citizen Pay ဖြင့် Digital နည်းပညာကို အသုံးပြု၍ ကြို့ပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေကျပ် ၂၅ ဒသမ ၁သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နော်လူး

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကျားကဏန်းပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဖျာပုံ ဩဂုတ် ၂

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ဇူလိုင်လအတွင်း ကျားကဏန်းပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ကျားကဏန်း ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ကျားကဏန်း ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ကျားကဏန်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က ဒီဘက်ကနေတင်ပို့တဲ့ ရေထွက်ကုန် အဓိကဈေးကွက်တစ်ခုပါ။ ပြီးခဲ့တဲ့ဇူလိုင်လအတွင်း ကျားကဏန်းပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ကျားကဏန်းတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဒီဘက်က ကျားကဏန်းတွေကို ရန်ကုန်ဈေးကွက်က ဒေသဈေးကွက်အပြင် အခြားဒေသတွေကို ပြန်လည်တင်ပို့ ရောင်းချနေတယ်လို့ သိရပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြသည်။



ဖျာပုံမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ကျားကဏန်း တစ်ပိဿာလျှင် အရွယ်အစားနှင့် လတ်ဆတ်မှုပေါ်မူတည်၍ ငွေကျပ် ၂၇၅၀၀ မှ ၃၁၅၀၀ ထိ ပေါက်ဈေးရှိကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# ပေါက်ခေါင်းမြို့နယ် ချောင်းဇောက်ကျေးရွာ၌ Smart Village စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

ပေါက်ခေါင်း ဩဂုတ် ၂

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ချောင်းဇောက်ကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်း (Smart Village) မိတ်ဆက် ရှင်းလင်းခြင်းနှင့် ကျေးရွာကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းခြင်းကို ဩဂုတ် ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းက မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှု ကွာဟချက်များ ကျဉ်းမြောင်းစေရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုဘဝစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်များ၊ ခေတ်မီစံပြကျေးရွာ ထူထောင်ရေး စီမံကိန်း (Smart Village) မူဝါဒများနှင့် ကော်မတီဝင်ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသော ကျေးရွာသူ၊ ကျေးရွာသားများက ခေတ်မီစံပြ ကျေးရွာ ထူထောင်ရေးစီမံကိန်း (Smart Village) ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့် အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူးဒေါ်ခိုင်ခင်မြဝင်းထံမှ သိရသည်။ **ကိုညို**


ကိုဗစ် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။




# အင်းလေးဒေသတွင် Bio Spetic Tank များ အစားထိုးသုံးစွဲရေး ဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဩဂုတ် ၂**

အင်းလေးဒေသ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အမှိုက်များစွန့်ပစ်ခြင်းနှင့် ကျန်းမာသန့်ရှင်းရေးအတွက် အိမ်သာသုံးစွဲရာတွင် တိုက်ရိုက်အညစ်အကြေး စွန့်ပစ်ခြင်းတို့အစား ပိုမိုကောင်းမွန်သော စနစ် Bio Spetic Tank များ အစားထိုးသုံးစွဲနိုင်ရေးကို ဒေသခံများနှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် အင်းလေးဒေသရှိ ဟဲယာရွာမကျေးရွာအပါအဝင် ကျေးရွာပေါင်း ၁၅ ရွာတွင် စုပေါင်းရေပေးရေးလုပ်ငန်း၊ အင်းလေးဒေသတွင်းရှိ ငလျင်ဘေးသင့်ကျေးရွာများကို ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ Bio Septic Tank များ ပြောင်းလဲသုံးစွဲရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်နေမှုကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့သွားရောက်စဉ် ဟဲယာရွာမကျေးရွာ၌ ကျေးရွာသူ၊ကျေးရွာသားများနှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီး အင်းလေးကန်ရေရှည်ထိန်းသိမ်းရေးအတွက် Bio Spetic Tank များအစားထိုးသုံးစွဲခြင်းကဲ့သို့ ပိုမိုကောင်းမွန်သောစနစ်များကို အိမ်ထောင်စုတစ်စုချင်း၊ ကျေးရွာတစ်ခုချင်း ပြည်သူများကိုယ်တိုင်ပါဝင်ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ ထို့ပြင် သက်ဆိုင်ရာဌာနအားလုံးကလည်း ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ထည့်သွင်းဆွေးနွေးမှာကြားခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ညောင်ရွှေမြို့နယ်အတွင်းရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၊ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း(Smart Village) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာများအတွက် စီမံကိန်းထောက်ပံ့ရန်ပုံငွေများကို ကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါခရီးစဉ်အတွင်း အေးသာယာမြို့ တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ၌ ဖွင့်လှစ်ပို့ချလျက်ရှိသည့် အခြေခံအပ်ချုပ်စက်သင်တန်းမှ သင်တန်းသူများကိုလည်း သွားရောက်တွေ့ဆုံအားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**လေးမျက်နှာမြို့နယ်မှ**

ဒေသခံတိုင်းရင်းသားများစုပေါင်း၍ ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ရေကာတာကျိုးပေါက်၍ လူနေအိမ်များအတွင်းသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် ရေဘေးသင့်ပြည်သူများကို ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ပစ္စည်းများကို ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းခြင်းများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ လိုအပ်သောကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြစ်ရေဝင်ရောက်မှုကို ကာကွယ်ရန် ရေရှိန်တားပြုလုပ်ခြင်းနှင့် ရေကာတာတာပေါင်မြေဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(၅၀၁)**





အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ဒေသခံပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

---


## မော်တော်ယာဉ်ပိုင်ရှင် အမည်ပြောင်းဆောင်ရွက်မှုအပေါ် အခွန်စိစစ်ခြင်းနှင့် ကျသင့်ငွေများ Digital Payment ဖြင့် ငွေပေးချေခြင်းကို Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ အခွန်ထမ်းပြည်သူများအနေဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီးဖြစ်သော မော်တော်ယာဉ်များအား လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အမည်ပြောင်းမှတ်ပုံတင်နိုင်ရန် အခွန်စိစစ်သည့်ကိစ္စရပ်များကို ၂၀၂၄ ခုနှစ် ဇူလိုင် ၁၆ ရက်မှစ၍ Vehicle Automatic Valuation System (VAVS)ဖြင့် ပြောင်းလဲကျင့်သုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ အခွန်ထမ်းပြည်သူများအနေဖြင့် https://vavs.ird.gov.mm ၌ မိမိ၏ဖုန်းနံပါတ်ကိုအသုံးပြု၍ စနစ်အတွင်းသို့ဝင်ရောက်ပြီး မော်တော်ယာဉ်အမှတ်နှင့် လိုအပ်သောအချက်အလက်များကို ဖြည့်သွင်းပေးခြင်းဖြင့် စနစ်မှ အလိုအလျောက်တန်ဖိုးစိစစ်၍ အခွန်တွက်ချက်ပေးမည်ဖြစ်ပြီး Online Payment ဖြင့် ကျသင့်အခွန်ကို ပေးဆောင်နိုင်မည်ဖြစ်ပါသည်။

၃။ အခွန်ပေးဆောင်ခြင်းကို VAVS စနစ်နှင့် ချိတ်ဆက်ထားသော IRD's Tax Payment Hub မှတစ်ဆင့် MPU Debit Card ဖြင့်လည်းကောင်း၊ MMQR Code ကိုအသုံးပြု၍ KBZ Pay၊ AYA Pay၊ CB Pay၊ uab Pay၊ A plus Wallet၊ Citizen Pay၊ OK$၊ Wave Money၊ Trusty Pay၊ Zego Pay၊ M-Pitesan၊ GTB Pay၊ MoMoney စသည်တို့ဖြင့်လည်းကောင်း၊ uab Bank၊ Shwe Bank၊ A Bank တို့၏ Mobile Banking စနစ်များဖြင့်လည်းကောင်း ပေးဆောင်နိုင်ပါသည်။

၄။ အခွန်ပေးဆောင်ပြီးပါက VAVS စနစ်မှရရှိသည့် အီလက်ထရောနစ်အခွန်ဆိုင်ရာစိစစ်ဆောင်ရွက်ပြီးကြောင်း ထောက်ခံချက်(e-Tax Clearance Certificate) QR Form ကို ကြည်လင်ပြတ်သားစွာထုတ်ယူ၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မော်တော်ယာဉ်အမည်ပြောင်းကိစ္စကို ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

၅။ ကနဦးမော်တော်ယာဉ်များ၊ ကုမ္ပဏီအမည်ဖြင့် အမည်ပြောင်းမှတ်ပုံတင်ခြင်းလုပ်ငန်းများ၊ ဝင်ငွေရလမ်းတင်ပြမည့်ကိစ္စရပ်များနှင့်ပတ်သက်၍ မူလဆောင်ရွက်သည့် လုပ်ငန်းစဉ်များအတိုင်း သက်ဆိုင်ရာရုံးများတွင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက Call Center ဖုန်းနံပါတ် 1515 သို့လည်းကောင်း၊ techsupport. vavs@ird.gov.mm နှင့် callcenter.vavs@ird.gov.mm သို့ အီးမေးလ်ပေးပို့၍လည်းကောင်း၊ အခွန်ဆိုင်ရာဝန်ဆောင်မှုဌာနခွဲ (ရန်ကုန်) (၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်) (၀၆၇-၃၄၃၀၅၂၊ ၀၆၇-၃၄၃၀၅၄၄)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး) (၀၂-၄၀၃၀၆၃၇၊ ၀၂-၄၀၃၀၆၃၈)၊ အီလက်ထရောနစ်ဝန်ဆောင်မှုနည်းပညာဆိုင်ရာအကူအညီပေးရေးစင်တာ(e-Service Help Desk Center)(၀၁-၈၃၇၈၃၇၁၊ ၀၁-၈၃၇၀၁၉၅၊ ၀၁-၈၃၇၉၀၂၁)၊ နီးစပ်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်သွားရောက်၍လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

# ဝါးအမျိုးမျိုးမှ ပျော့ဖတ်များထုတ်လုပ်နိုင်ရေး စမ်းသပ်ဆောင်ရွက်လျက်ရှိ



နေပြည်တော် ဩဂုတ် ၂

ပဲခူးတိုင်းဒေသကြီး ရေနီမြို့ စက္ကူစက်ရုံ(ရေနီ)ရှိ ဓာတ်ခွဲခန်းတွင် ဝါးအမျိုးမျိုးမှ ပျော့ဖတ်များထုတ်လုပ်နိုင်ရေးစမ်းသပ်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါစက်ရုံမှ သိရသည်။

အဆိုပါစက်ရုံ၌ ဝါးအမျိုးမျိုးမှ ပျော့ဖတ်များထုတ်လုပ်နိုင်ရေးစမ်းသပ်ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက စက်မှုနှင့်အသေးစား၊အငယ်စား၊အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် တာဝန်ရှိသူများနှင့်အတူသွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် သုတေသနလုပ်ငန်းများဆောင်ရွက်ထားရှိမှုကို စနစ်တကျမှတ်တမ်းထားရှိရန်၊ ပျော့ဖတ်များ စီးပွားရေးတွက်ခြေကိုက်မှုရှိအောင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို MSME လုပ်ငန်းရှင်များကို နည်းပညာလွှဲပြောင်းနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်၊ စက္ကူများချက်လုပ်နိုင်ရေးအတွက် ချက်အိုးများကို ပြည်တွင်း၌ ထုတ်လုပ်နေသဖြင့် လိုအပ်သည့် နည်းပညာများပံ့ပိုးပေးရန် မှာကြားသည်။

ထို့ပြင် ရေနီမြို့ရှိ တန် ၂၀ စက္ကူစက်ရုံမှ ထုပ်ပိုးစက္ကူများထုတ်လုပ်ထားရှိမှု၊ ရေတာရှည်မြို့နယ် မြို့လှရှိ KKN တစ်သျှူးနှင့် ရွှေဝါးတူလုပ်ငန်း၊ YDE Pulp & Paper Co., Ltd.၏ တန် ၅၀ ကျ စက္ကူစက်ရုံ၌ စက်ပစ္စည်းများ တပ်ဆင်နေမှု၊ ကျော်မိုးနိုင်မိသားစု၏ တန် ၅၀ ဆန်စက်လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများမှာကြားကာ MSME လုပ်ငန်းရှင်များ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့်ဝယ်ယူထားသည့် အမြန်သွားရေယာဉ်ကို ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ထံ လွှဲပြောင်းပေးအပ်



ပြည် ဩဂုတ် ၂

ဧရာဝတီမြစ်အတွင်း တရားမဝင်ပစ္စည်းများ သယ်ဆောင်မှုဖမ်းဆီးရမိစေရေး၊ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်နှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ဝယ်ယူထားသည့် အမြန်သွားရေယာဉ်(Fiber Glass Boat)ကို ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ထံ ယမန်နေ့က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

ယမန်နေ့နံနက်ပိုင်းက ပြည်မြို့ ဧရာဝတီမြစ်ကမ်း၌ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်မျိုးထူးထံ အဆိုပါရေယာဉ်ကိုလွှဲပြောင်းပေးအပ်ခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ဧရာဝတီမြစ်အတွင်း အမြန်သွားရေယာဉ် စမ်းသပ်မောင်းနှင်မှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါရေယာဉ်သည် ငွေကျပ် သိန်း ၁၈၀၀ ကျော်တန်ဖိုးရှိပြီး အလျား၂၇ ပေ၊အနံ ကိုးပေ၊ အမြင့် ၄ ပေ ၆ လက်မ၊ ရေစူး တစ်ပေနှင့် အင်ဂျင်အမျိုးအစားမှာ Suzuki DF-200A (2003F-244843) (Japan)ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မိတ္ထီလာမြို့နယ်ရှိ အသုံးချသုတေသနနှင့် ဆိတ်မျိုးထိန်းမျိုးပွားခြံ(သဖန်းခြံ)တွင် ဒေသသိုး၊ ဆိတ်မျိုးရင်းများ ထိန်းသိမ်းခြင်းနှင့် မျိုးမြှင့်မျိုးပွားဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရှိ အသုံးချသုတေသနနှင့် ဆိတ်မျိုးထိန်းမျိုးပွားခြံ(သဖန်းခြံ)တွင် ဒေသသိုး၊ ဆိတ်မျိုးရင်းများ ထိန်းသိမ်းခြင်းနှင့် မျိုးမြှင့်မျိုးပွားဆောင်ရွက်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်းသည် ယမန်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးပြီး ထုတ်လုပ်မှုကောင်းမွန်သော ဆိတ်နှင့် သိုးများ မွေးမြူထုတ်လုပ်နိုင်ရန်နှင့် မျိုးမြှင့်တင်ခြင်းကို အထူးကြိုးစားဆောင်ရွက်ရန် မှာကြားသည်။

ထို့ပြင် ဆူးဖြူကွက်ကျေးရွာမှ ဆိတ်မွေးမြူသူတောင်သူများနှင့်တွေ့ဆုံပြီး ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသည့် ဆိတ်မွေးမြူရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရေး၊ပြည်တွင်းအစာကုန်ကြမ်းအခြေခံ တိရစ္ဆာန်အစာအသုံးပြုနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။



အဆိုပါ ခရီးစဉ်အတွင်း ပုဂ္ဂလိကဆိတ်မွေးမြူရေးခြံများကိုလည်း သွားရောက်ကြည့်ရှုအားပေးခဲ့သည့်အပြင် မိတ္ထီလာ၊ ပျော်ဘွယ်၊ ရမည်းသင်းမြို့နယ်တို့ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများကို သက်ဆိုင်ရာရုံးများ၌ တွေ့ဆုံကာ ဒေသအလိုက် မွေးမြူရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ မွေးမြူရေးထွက်ကုန်အခြေခံ အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဇီဝလုံခြုံမှုအလေးထားဆောင်ရွက်ရေးနှင့် မွေးမြူရေးတိရစ္ဆာန်ကူးစက်ရောဂါကာကွယ်တားဆီးရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ **နေရာကွက်၍မိုးကြီးနိုင်မှ**

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှလှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီး၌ နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့်ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။

❍ **မြိတ်မြို့နယ်မှ**

စီးဆင်းလျက်ရှိသည့် ပန်းချီရှောင်ချောင်း အရှည် ပေ ၅၀၀၀၊ ထိပ်ဝအကျယ် ၂၄ ပေ၊ အနက်ခုနစ်ပေ၊အင်္ဂမော်ကျေးရွာ နတ်တလင်းသစ်တောကြိုးဝိုင်းတောင်မှ အင်္ဂမော်ချောင်းမကြီးအတွင်း စီးဆင်းလျက်ရှိသည့် မယင်းငယ်ချောင်း အရှည် ပေ ၆၀၀၀၊ ထိပ်ဝ အကျယ် ၂၂ ပေ၊ အနက် ခုနစ်ပေနှင့် စန္ဒဝတ်ကျေးရွာ ကျောက်ဖြူတောင်လမ်းဆုံနှင့် အက်စ်ကွေ့ တံတားဝန်းကျင်မှ စီးဆင်းလျက်ရှိသည့် ဦးချမ်းအေးချောင်း အရှည်ပေ ၆၀၀၀၊ ထိပ်ဝ အကျယ်၂၂ ပေ၊ အနက် ခုနစ်ပေတို့ကိုတူးဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါချောင်း သုံးခုကို တူးဖော်ဆောင်ရွက်ခဲ့သည့်အတွက် ပန်းချီရှောင်ချောင်းအနီး မိုးစပါးစိုက်ဧက ၃၀၊ မယင်းငယ်ချောင်းအနီး လမ်းမကြီးရေကြီးရေလျှံမှုနှင့် မိုးစပါးစိုက်ဧက ၃၀ ခန့်၊ ကျောက်ဖြူတောင်လမ်းဆုံမှ အက်စ်ကွေ့တံတားအတွင်း ပြည်ထောင်စုလမ်းမပေါ် ရေကြီးရေလျှံခြင်းနှင့် မိုးစပါးစိုက်ဧက ၈၀ ခန့် ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး( ပြန်/ဆက် )**

❑ **“ဝ”အထူးဒေသမှ**

အသည်းရောင်အသားဝါဘီစီရောဂါ၊သွေးလွန်တုပ်ကွေးရောဂါ၊ငှက်ဖျားရောဂါရှိမရှိ သွေးစစ်ဆေးပေးခြင်း၊ဒေသခံတိုင်းရင်းသားပြည်သူ ၂၀၂ ဦးတို့ကို တီဘီရောဂါ ရှိမရှိ ဓာတ်မှန်ရိုက်စစ်ဆေးပေးခြင်းနှင့် သလိပ်စစ်ဆေး၍ လိုအပ်သောကုသမှုများပေးခြင်း၊ ကလေး ၄၆၉ ဦးတို့ကို ဗီတာမင်အေနှင့် သန်ချဆေးတိုက်ကျွေးပေးခြင်းနှင့် ကာကွယ်ဆေးများ ထိုးနှံပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် ဒေသခံပြည်သူများကို ကျန်းမာရေး အသိပညာပေးဟောပြောခြင်းနှင့် ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

**လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီးရှိပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၄ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ ပြည့် အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)

# မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၅၄ နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၂

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၅၄ နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် အရဏ်ဆွမ်းနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ မဟာဇေယျသုခ ဓမ္မာရုံ၌ပြုလုပ်ရာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေတုမာလာ အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။ ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ



ဆရာတော်ထံ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

အမျှပေးဝေခဲ့ပြီး သံဃာတော်များအား အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ၅၄ နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အရာရှိစစ်သည်၊မိသားစုဝင်များကို ကံစမ်းမဲဖောက်ပေးခြင်း၊ မိသားစုပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများနှင့် စစ်ရေးစွမ်းရည်ပြိုင်ပွဲများကို ပြုလုပ်ပေးသည်။

ယင်းနောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဆုချီးမြှင့်ပွဲကို တိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို သင်တန်းများတွင် ထူးချွန်ဆုရရှိသူများ၊ စစ်ရေးစွမ်းရည်ပြိုင်ပွဲ ဆုရရှိကြသူများ၊ အိမ်ထောင်သည်လိုင်း စိုက်ပျိုး၊ မွေးမြူရေးနှင့် သန့်ရှင်းရေး အကောင်းဆုံးဆုရရှိကြသူများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)




မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

☆ **ကျောဖုံးမှအဆက်**

ကုန်ချောထုတ်လုပ်မှုအဆင့်ဆင့်ပြခန်းနှင့် ခြံအတွင်း စိုက်ပျိုးထားသည့် တစ်သျှူးငှက်ပျော၊ ကုန်းမြင့်ကော်ဖီ၊ မက္ကဒေး မီးယားပျိုးပင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါခရီးစဉ်အတွင်း လောက်ဖန်းကျေးရွာရှိ ငွေရည်ပုလဲဘိလပ်မြေစက်ရုံ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ဘိလပ်မြေတန် ၅၀၀၀ ကျ စက်ရုံသစ်တည်ဆောက်နေမှုကိုလည်း သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

❖ **ခတပြိုင်ပွဲမှ**

နာယကဆရာကြီး ဒေါက်တာ စိုးမြင့်သန်းက ချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် အားကစားသမား ၁၇၈ ဦးက ပြိုင်ပွဲဝင်ကြကာ ဒိုင် ဦးရေ ၆၀ က အမှတ်ပေးကြပြီး ပထမဆုရ ၁၇ ဦး၊ ဒုတိယဆုရ ၁၇ ဦး၊ တတိယဆုရ ၁၇ ဦး စုစုပေါင်းဆုရ အားကစားသမား ၅၁ ဦးတို့ကို အားကစားပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးဝင်းဇော်ဦးနှင့်တာဝန်ရှိသူတို့က ဆုများပေးအပ်ကြကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြကြောင်း သိရသည်။ (၀၃၉)

● **လိုက်ဝိတ်တန်းမှ**

မာရာတယ်လာက "ကျွန်တော့်ရဲ့ ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ကွန်စီကိုင်အိုအနေနဲ့လဲ အကောင်းဆုံးပြင်ဆင်လာတာတွေ့ရတယ်။ ကျွန်တော့်အနေနဲ့လဲ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ဖို့အတွက် Game Plan ကို သေချာပြင်ဆင်လာခဲ့တာပါ။ ပြင်ဆင်လာတဲ့အတိုင်း အကောင်းဆုံး ထိုးသတ်နိုင်ခဲ့ပါတယ်။ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့တဲ့ ခံစားချက်က အရမ်းကောင်းတယ်။ ကျွန်တော့်အနေနဲ့ လိုက်ဝိတ်တန်းမှာ လက်ရှိချန်ပီယံဆုကို နှစ်ကြိမ်တိုင်တိုင် ကာကွယ်နိုင်ခဲ့ပါပြီ။ ဒါကြောင့် စူပါလိုက်ဝိတ်တန်းကို ကူးပြောင်းဖို့စဉ်းစားထားပါတယ်။ လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကို စွန့်လွှတ်ဖို့ ဆုံးဖြတ်ထားပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Boxing Scene

Trs : AZL

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)

၄။ Myawady Webportal(https://myawady.net.mm)

၅။ Myanmar National Portal(https://myanmar.gov.mm)

# အနတ္တလက္ခဏာ အခါတော်နေ့

ခိုင်(မိတ္ထီလာ)

လူ့ဘုံဘဝကား-

"အတည့်ကျကျ ဘယ်ဘဝ၊ ရကြမရှိပြီ။
ရအုံ့နိုးနိုး လောဘမျိုး အကျိုးယုတ်လှပြီ။
သုံးပါးညီးညီး လောင်မီးကြီး ဖိစီးလှလေပြီ။
လောင်မှန်းမသိ မောဟဖိ မိမိမိုက်လှပြီ။
ပိုးဖလံမျိုး မီးကိုတိုး ကိုယ်ကျိုးနည်းလှပြီ။
ကာမဂုဏ်မွဲ သည်မိုက်နဲ မခွဲနိုင်ကြပြီ။
မခွဲနိုင်ကြ လူ့ဗာလ မိုက်စသိမ်းသင့်ပြီ။
ဘုရား...ဘုရား...ဘုရား
သေရချည်သေး၏၊ အမှန်။"

ဟူသော မှော်ဘီဆရာသိန်း၏ စကားပဒေသာ စာအုပ်လာ ဘာဝနာသံပေါက်အတိုင်းပါတကား။

ဂေါတမမြတ်စွာဘုရား၏ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့ နေဝင်လထွက်ချိန်တွင် ဓမ္မစကြာတရားတော်ကို နာယူကြပြီးသော အရှင်ကောဏ္ဍည၊ အရှင်ဝပ္ပ၊ အရှင်ဘဒ္ဒိယ၊ အရှင်မဟာနာမ်၊ အရှင်အဿဇိ ပဉ္စဝဂ္ဂီငါးဦးတို့ နေ့ရက်အစဉ် ထေရ်စဉ်အလိုက် သောတာပန်ဘွဲ့ထူး ဂုဏ်ထူးရရှိခဲ့ကြသည်။ ဘုရားရှင်သည် ဝါဆိုလပြည့်ကျော် ၅ ရက်နေ့တွင် 'အနတ္တလက္ခဏ' တရားဒေသနာကို ဟောကြားတော်မူသည်တွင် ပဉ္စဝဂ္ဂီရဟန်းများ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူကြ၏။

ထို့ကြောင့် ဘုရားရှင် အနတ္တလက္ခဏသုတ်ကို ဟောကြားတော်မူသည့် ဝါဆိုလပြည့်ကျော် ၅ ရက်နေ့ကို ဗုဒ္ဓဘာသာဝင် သူတော်စင်များက 'အနတ္တလက္ခဏအခါတော်နေ့'အဖြစ် အထိမ်းအမှတ်ထားကာ ကုသိုလ်ယူကြခြင်းဖြစ်ပါသည်။ အနတ္တကို "အတ္တမဟုတ်သော အတ္တမရှိသော တရားစု၊ အစိုးမရ အနှစ်သာရမရှိသော တရားစု"ဟု မြန်မာအဘိဓာန်တွင် ဖွင့်ဆိုထားပါသည်။ အတ္တကို "ငါ၊ မိမိ"ဟုဖွင့်၏။

မမြဲခြင်းအနိစ္စသဘောနှင့် ဆင်းရဲခြင်းဒုက္ခသဘောကို သတ္တဝါများ သိလွယ်၊ မြင်လွယ်၊ အဓိပ္ပာယ် ထင်လွယ်ကြသော်လည်း အနတ္တသဘောကို လွယ်လင့်တကူ သိမြင်ရန်ခက်ခဲ၏။ အနတ္တဟူသော ဓာတ်သဘောသည် သာသနာတွင်း သာသနာပနှစ်ဌာနတို့၌ သဘာဝအားဖြင့် တည်ရှိနေသော ဓာတ်သဘောဖြစ်၏။ သို့သော် သာသနာပအခါတွင် ထုတ်ဖော်ပြောကြားနိုင်သည့် ပုဂ္ဂိုလ်မရှိ၍ အနတ္တသဘောကို သတ္တဝါများသိခွင့်မရကြပေ။ ဂေါတမမြတ်စွာဘုရားပွင့်တော်မူသည့်အခါမှသာ တိတိကျကျ ထုတ်ဖော်ဟောကြားသည့်အတွက် အနတ္တသဘောကို သိခွင့်ရခြင်းဖြစ်၏။

'ရုပ်ကားဓာတ်မျှ အနတ္တတည်း၊ သတ္တစနစ်၊ အတ္တဖြစ်လျှင်၊ အစဉ်ဖြစ်ပျက်၊ နှိပ်စက်ဖို့ရာ၊ မဖြစ်ရာတည်း။ ငါ၏ရုပ်မှာ၊ ဤပုံသာလျှင်၊ ဖြစ်ပါစေသား၊ ဤပုံအားဖြင့် ဆိုးဝါးယွင်းယို၊ မဖြစ်လိုဟု၊ ဆိုတတိုင်းသာ၊ ဖြစ်ခဲ့ရာ၏၊ ခုမှာသက်သက်၊ အပျက်ပျက်ဖြင့်၊ နှိပ်စက်ခြင်းငှာ၊ ဖြစ်ခဲ့ပါ၏။ လိုရာရုပ်ကောင်း၊ သူပန်တောင်းလည်း၊ တောင်းတိုင်းမရ၊ တွက်ဆသေချာ၊ ဤခြင်းရာကြောင့်၊ ရုပ်မှာအတ္တ၊ ရှာမရဘဲ၊ အနတ္တစစ်၊ တကယ်ဖြစ်ဟု၊ ရှင်ချစ်ဒေသနာ၊ အဟောလာ၏။'

မြတ်စွာဘုရားက ဤသို့လျှင် စကားဦးတင် တရားဆင်၍ ဝါဆိုလပြည့်ကျော် ၅ ရက်နေ့၌ ပဉ္စဝဂ္ဂီရဟန်းတို့၏ အရဟတ္တဖိုလ်အကျိုးငှာ အနတ္တလက္ခဏသုတ် တရားတော်ကို ဟောကြားတော်မူသည်။

'ပဉ္စဝဂ္ဂီရဟန်းတို့၊ ရုပ်သည် အတ္တမဟုတ်၊ ရုပ်သည် အတ္တဖြစ်ခဲ့ငြားအံ့။ ဤရုပ်သည် နာကျင်ခြင်းငှာ မဖြစ်ရာ။ ငါ၏ရုပ်သည် ဤသို့ဖြစ်စေ၊ ဤသို့မဖြစ်စေလင့်ဟု ရုပ်၌တောင့်တမှုကို ရကောင်းရာ၏။ ပဉ္စဝဂ္ဂီရဟန်းတို့-ရုပ်သည် အတ္တမဟုတ်သောကြောင့် နာကျင်ခြင်းငှာဖြစ်နေရ၏။ ငါ၏ရုပ်သည် ဤသို့ဖြစ်စေ၊ ဤသို့မဖြစ်စေလင့်ဟု ရုပ်၌တောင့်တမှုကို ရလည်းမရ။'

'ဝေဒံ မေ သုတံ ဇေကံ သမယံ ဘဂဝါ ဗာရာဏသိယံ ...'အစချီ အနတ္တလက္ခဏသုတ်နိဒါန်းပြီးနောက် ရူပက္ခန္ဓာ အနတ္တဖြစ်ပုံတွင် အထက်ပါအတိုင်း မြတ်စွာဘုရား ဟောကြားထားသည်။

ဝေဒနက္ခန္ဓာ အနတ္တဖြစ်ပုံတွင်လည်း ခံစားမှုဝေဒနာသည် အတ္တမဟုတ်။ အတ္တဖြစ်ခဲ့ငြားအံ့။ ဤခံစားမှုဝေဒနာသည် နာကျင်ခြင်းငှာမဖြစ်ရာ။ ငါ၏ဝေဒနာသည် ဤသို့ဖြစ်စေ၊ ဤသို့မဖြစ်စေလင့်ဟု ဝေဒနာ၌ တောင့်တမှုကို ရကောင်းရာ၏။ ခံစားမှုဝေဒနာသည် အတ္တမဟုတ်သောကြောင့် နာကျင်ခြင်းငှာဖြစ်နေရ၏။ ငါ၏ဝေဒနာသည် ဤသို့ဖြစ်စေ၊ ဤသို့မဖြစ်စေလင့်ဟု ရုပ်၌တောင့်တမှုကိုရလည်းမရ။' ဟုဟောကြားတော်မူပြီးနောက် သညက္ခန္ဓာ အနတ္တ

**❖ ဘုရားရှင် အနတ္တလက္ခဏသုတ်ကို ဟောကြားတော်မူသည့် ဝါဆိုလပြည့်ကျော် ၅ ရက်နေ့ကို ဗုဒ္ဓဘာသာဝင်သူတော်စင်များက 'အနတ္တလက္ခဏအခါတော်နေ့'အဖြစ် အထိမ်းအမှတ်ထားကာ ကုသိုလ်ယူကြခြင်းဖြစ်ပါသည်။ အနတ္တကို "အတ္တမဟုတ်သော အတ္တမရှိသော တရားစု၊ အစိုးမရ အနှစ်သာရမရှိသောတရားစု"ဟု မြန်မာအဘိဓာန်တွင် ဖွင့်ဆိုထားပါသည်။ အတ္တကို "ငါ၊ မိမိ" ဟုဖွင့်၏။ ❖**

ဖြစ်ပုံကို အလားတူဟောကြားတော်မူပြန်သည်။

'သင်္ခါရက္ခန္ဓာအနတ္တဖြစ်ပုံတွင် ပြုလုပ်အားထုတ်မှု သင်္ခါရတို့သည် အတ္တမဟုတ်။ ပြုလုပ်အားထုတ်မှု သင်္ခါရတို့သည် အတ္တဖြစ်ခဲ့ကုန်ငြားအံ့။ ဤပြုလုပ်အားထုတ်မှု သင်္ခါရတို့သည် နာကျင်ခြင်းငှာမဖြစ်ကုန်ရာ'စသည်ဖြင့် သင်္ခါရတို့၌ တောင့်တမှုကိုမရနိုင်ပုံအား ဟောကြားညွှန်ပြသည်။

အနတ္တသဘောကို ရဟန်းရှင်လူ ထိုထိုပုဂ္ဂိုလ်တို့ အမျိုးမျိုး စေ့ငုဖွင့်ဆိုပေါင်းများလှပေပြီ။ ယင်းတို့အနက် လက္ခဏာရေးသုံးပါးနှင့် ဆက်နွှယ်သော အနတ္တသရုပ်ကို ဗုဒ္ဓဓမ္မလမ်းတွင် ဤသို့လေ့လာမှတ်သားရပါသည်။

'လောကမှာ တည်မြဲတဲ့အရာဆိုတာမရှိဘူး။အမြဲပြောင်းလဲနေတယ်။ မြင်သာစေမဲ့ အသက်ရှူခြင်း ဝင်လေထွက်လေကိုပဲကြည့်ပါ။ ဝင်လေက အမြဲတမ်း ဝင်မနေဘူး။ ဝင်ပြီးတာနဲ့ပျက်ပြီး လေပြန်ထွက်ရတယ်။ ထွက်လေကလဲ အမြဲမထွက်ဘူး။ လေထွက်ပြီး ပြန်ဝင်ရတယ်။ တစ်လှည့်စီ ဖြစ်လိုက်ပျက်လိုက်ဖြစ်နေခြင်းသည် အနိစ္စသဘောလက္ခဏာဖြစ်သည်။

ဘဝသံသရာတစ်လျှောက် ခန္ဓာရနေသမျှဟာ ဒုက္ခပဲ၊ ပဋိသန္ဓေနေရခြင်း၊ မွေးဖွားလာခြင်း၊ ပျော်ခြင်း၊ ဝမ်းနည်းစိုးရိမ်ခြင်း၊ ဆာလောင်ခြင်း၊ အိုလာခြင်း၊ နာလာခြင်း၊ သေရခြင်းတွေဟာ ဒုက္ခလက္ခဏာဖြစ်သည်။

ဒီခန္ဓာကြီးသည် သူ့အလိုလို ဆာလောင်လာခြင်း၊ အပေါ့သွား၊ အလေးသွားဖို့ဖြစ်ခြင်း ရှူရှိုက်တဲ့ဝင်လေထွက်လေဟာ သူ့အလိုလို ဝင်လိုက်ထွက်လိုက်ဖြစ်နေခြင်း၊ အိုလာခြင်း၊ နာလာခြင်း၊ သေဆုံးခြင်းတွေဟာ ထိန်းချုပ်လို့မရ။ သူ့အလိုလိုဖြစ်နေတဲ့ အနတ္တလက္ခဏာတွေဖြစ်သည်။ ဒီလက္ခဏာရေးသုံးပါးကို သတိနှင့်မမေ့မလျော့စောင့်ကြည့်ပါ။ ဉာဏ်ပညာနှင့်ဆင်ခြင်ပါ။ ဝိပဿနာမဂ်ဉာဏ်နှင့် ဖျက်နိုင်ဖို့ကြိုးစားပါ။"

ကျေးဇူးတရားကြီးမားလှသော ဆရာတော်ဒေါက်တာ နန္ဒမာလာဘိဝံသ၏ ပညာဘုမိတက္ကသိုလ် သုတဓမ္မဒီပလိုမာ Level(3) ပြဋ္ဌာန်းစာအုပ်လာ 'ရှင်အာနန္ဒ၏ဝိပဿနာ'တွင်လည်း 'အာနန္ဒာထေရ်ဘွဲ့ငါးထွေ၊ ရလေတေဒဂ်' ဆိုရိုးရှိသော ရှင်အာနန္ဒာထေရ်သည် ရှင်ပုဏ္ဏ၏ အသေးစိတ်ရှင်းပြသော တရားထူးတရားမြတ်ကို နာရ၍ သောတာပန်ဖြစ်သွားကြောင်း လေ့လာကြည်ညိုနိုင်သည်။ အရှင်ပုဏ္ဏဟောခဲ့သော တရားမှာ "ငါဆိုတဲ့အတွေးဟာ တစ်စုံတစ်ခုကို မှီပြီးတော့ပေါ်လာတာ၊ အမှီမပြုဘဲ မပေါ်ဘူး"ဟု ဖြစ်သည်။ အရှင်ပုဏ္ဏက 'ငါ့ရှင်အာနန္ဒ၊ ငါဆိုတဲ့အတွေးဟာ ဟောဒီခန္ဓာငါးပါးကို စွဲမှီပြီးတော့ ပေါ်လာတာ။ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်လို့ဆိုတဲ့ ခန္ဓာငါးပါးကို မမှီဘဲနဲ့ ငါဆိုတဲ့အတွေးမပေါ်ဘူး။ ခန္ဓာငါးပါးဟာ လောကလူတွေ 'ငါ'လို့ထင်မှတ်စရာပဲ။ ငါဆိုတဲ့အတွေးဟာ ဒိဋ္ဌိအတွေး၊ ငှါဟာဆိုတဲ့အတွေးဟာ တဏှာအတွေး၊ ဒီမှားယွင်းနေတဲ့အတွေးတွေဟာ မိမိတို့သန္တာန်မှာရှိတဲ့ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကို စွဲမှီပြီး ဖြစ်ပေါ်လာတဲ့အတွေးတွေ"

ရုပ်တရားကို အမှီပြုပြီးတော့ 'ငါ'ဆိုတဲ့ အတွေးတွေပေါ်လာတာ ဖြစ်သည့်အတွက်ကြောင့် အဲဒီရုပ်တရားကို ပြန်စစ်ဆေးရမယ်။ သူ့သဘာဝအတိုင်း မြင်အောင်ရှုရမယ်။ အဲဒီလိုမြင်တဲ့အခါမှ ငါဆိုတဲ့အတွေးပျောက်နိုင်မယ်ပေ့ါ။ ငါဆိုတဲ့အတွေးရဲ့မှီရာဖြစ်တဲ့ ရုပ်တရားဟာ အမြဲတမ်းဒီအတိုင်းရှိနေတဲ့ တရားလား။ စာလိုပြောမယ်ဆိုရင် နိစ္စလား၊ အနိစ္စလားပေ့ါ။ မြဲနေသလား၊ မမြဲဘူးလားလို့ ရှုမှတ်ခိုင်းတယ်။ ရှင်အာနန္ဒတို့ တရားနာနေတဲ့ ပုဂ္ဂိုလ်တွေကို ရှင်ပုဏ္ဏကမေးတယ်။ ငါ့ရှင်တို့'ဟောဒီငါဆိုတဲ့ အတွေးရဲ့ စွဲမှီရာဖြစ်တဲ့ ရုပ်တရားဟာ မြဲသလား၊ မမြဲဘူးလား။'မမြဲပါဘုရား'တဲ့။

မမြဲတာတော့ ထင်ရှားတာပဲ။ ရုပ်တရားတွေရဲ့ ပြောင်းလဲမှုဆိုတာ အခုမှ ဝုန်းဒိုင်းပြောင်းတာမဟုတ်ဘူး။ စက္ကန့်မလပ် မိနစ်မလပ် အမြဲတမ်းရွေ့လျားပြီးတော့ ပြောင်းနေတာ။ အဲဒါကို အသေးစိတ်ရှုမြင်ဖို့ ရုပ်တရားဟာ နိစ္စလား၊ အနိစ္စလားဆိုတော့ အနိစ္စပါ။ အဲဒီအနိစ္စဖြစ်တဲ့ရုပ်တရားဟာ သုခလို့ခေါ်မလား၊ ဒုက္ခလို့ခေါ်မလား၊ ဒုက္ခပါ။ ဒုက္ခကိုဘယ်သူမှမနှစ်သက်ဘူး။ ကျေနပ်စရာမကောင်းတဲ့ ထာဝရပြောင်းလဲနေတဲ့အရာကြီးသည် ချမ်းသာတဲ့အရာ ဘယ်လိုမှမဖြစ်နိုင်ဘူး။ အဲသလိုထာဝရပြောင်းလဲနေတယ်ဆိုတဲ့အရာကြီးကို'ငါ'လို့ သတ်မှတ်တာ သင့်တော်ပါ့မလား။ ဒီလို သဘာဝရုပ်နာမ်တရားတွေနဲ့ ပတ်သက်ပြီးတော့ ဝိပဿနာဉာဏ်နဲ့ဆင်ခြင် စဉ်းစားဖို့ ရှင်ပုဏ္ဏက ရှင်အာနန္ဒကို အသေးစိတ်ရှင်းပြတယ်။"

"ထို့အတူ လူတွေမှာ နာမ်တရားအနေနဲ့ ပြောမယ်ဆိုရင် ခံစားချက်တွေရှိတယ်။ ပျော်ရွှင်တယ်ဆိုတာလည်း ထာဝရပျော်ရွှင်နေတာမဟုတ်ဘူး၊ ဝမ်းနည်းမှုဆိုတာလည်းပဲ ထာဝရဝမ်းနည်းနေတာမဟုတ်ဘူး။ မြဲတဲ့အရာမဟုတ်တဲ့အတွက် ဒီခံစားမှုကို ငါလို့ရှုမှတ်မယ်၊ ငါ့ဥစ္စာလို့ရှုမှတ်မယ်ဆိုရင် မသင့်တော်ဘူး။ မြဲတဲ့အရာမဟုတ်လို့ သုခမဟုတ်ဘူး ဒုက္ခပဲ။ အတ္တမဟုတ်ဘူး၊ အနတ္တပဲ။" အဲဒါကို အရှင်ပုဏ္ဏက ဝေဒနာဟာ နိစ္စလား၊ အနိစ္စလားလို့ဆိုတော့ 'အနိစ္စပါဘုရား' 'အနိစ္စဆိုလို့ရှိရင် ဒုက္ခလို့ခေါ်မလား၊ 'ဒုက္ခပဲခေါ်ရမှာပါ'တဲ့။ အဲဒီလိုဒုက္ခဖြစ်ပြီး ပြောင်းလဲတတ်တဲ့သဘာဝတရားကို 'ငါ၊ ငါ့ဟာ'လို့ ရှုမြင်သုံးသပ်တယ်ဆိုရင် မသင့်တော်ပေဘူး။ ဒါကြောင့် မှန်ကန်တဲ့အသိဉာဏ်နဲ့ ရှုသင့်တယ်။

အလားတူ မှတ်တယ်ဆိုတဲ့သညာတရားလေးဟာ လူတွေရဲ့သန္တာန်မှာ အခုဖြစ်ပြီးတော့ အခုပျက်သွားတဲ့ သဘာဝတရားမျိုးသာဖြစ်သည့်အတွက် သညာဆိုတဲ့ မှတ်သိစိတ်အပေါ်မှာ 'ငါမဟုတ်ဘူး၊ ငါ့ဟာမဟုတ်ဘူး'။ဆိုတဲ့ မှန်ကန်တဲ့အသိဉာဏ်နဲ့ ရှုမှတ်ဆင်ခြင်ရမယ်။ သင်္ခါရကိုရှုမြင်ပုံတွင်လည်း ကြံတွေးမှု၊ ကြိုးပမ်းအားထုတ်မှု၊ စေ့ဆော်မှု၊ အသိဉာဏ်၊ စိတ်အခြေအနေများဖြစ်တဲ့ သင်္ခါရတရားတွေအပေါ်မှာလည်း ငါ့ဟာမဟုတ်ဘူး၊ ငါမဟုတ်ဘူးဆိုတဲ့ မှန်ကန်တဲ့အသိဉာဏ်နဲ့သာ ရှုမှတ်ရမယ်လို့ ရှင်ပုဏ္ဏက အသေးစိတ်ရှင်းပြတယ်။ အသိစိတ်လို့ဆိုတဲ့ဝိညာဏ်တွေလည်း အလားတူရှုသင့်ကြောင်း 'ရှင်အာနန္ဒ၏ ဝိပဿနာ'တွင် ဖော်ထုတ်တင်ပြထားပါသည်။

ထိုအကြောင်းတရားများ၏အကျိုးကား ဤသို့တည်း။ ထိုသို့ရှုမြင်လိုက်လျှင် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဟုဆိုသော ခန္ဓာငါးပါးအပေါ်တွင် တဏှာနှင့် တွယ်တာသာယာမှုဟူသည် မလာတော့ပါ။ ခန္ဓာအပေါ် ငြီးငွေ့လာပါမည်။ ငြီးငွေ့လာသည့်အခါ တွယ်တာမှုကင်းပြတ်လာတယ်။ တွယ်တာမှုကင်းပြတ်လာတာနဲ့တစ်ပြိုင်နက် စိတ်ကလေးဟာ ကိလေသာအတွယ်အတာတွေ အားလုံးကနေ လွတ်မြောက်သွားတယ်လို့ ဒီလိုရှင်းပြတာ။

ထိုတရားကိုနာရင်း ရှင်အာနန္ဒဟာ သောတာပန်ဖြစ်သွားတယ်။ ၃၇ နှစ်အရွယ်လောက်မှာ သောတာပန်ဖြစ်ပြီး အသက် ၅၀ ကျော်သည့်အရွယ်တွင် မြတ်စွာဘုရား၏ အလုပ်အကျွေးရာထူးကိုရသည်။ နှစ်ပေါင်း ၂၅ နှစ် မြတ်စွာဘုရားကို အလုပ်အကျွေးပြုခဲ့သည်။"

ဤကား မြတ်စွာဘုရား၏တရားဒေသနာတော်များကို အရိုအသေပူဇော်စိမ့်သောငှာ ပြဋ္ဌာန်းသော ပညာဘုမိတက္ကသိုလ် Level (3) ပြဋ္ဌာန်းစာအုပ်လာ တရားအနှစ်တည်း။ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာရေးသုံးပါးတွင် ဗုဒ္ဓဘာသာဝင်တို့ ရပ်တန့်မနေဘဲ ဝိပဿနာတင်၍ ရှုမှတ်ဆင်ခြင်သင့်ကြောင်း ဓမ္မအသိရရှိစေသည့် ပါမောက္ခချုပ်ဆရာတော်ဘုရား၏ ဟောတရားတည်း။

ဝါဆိုလပြည့်ကျော် ၅ ရက် အနတ္တလက္ခဏအခါတော်နေ့အကြောင်းပူဇော်ရန် တွေးတောခိုက်... ဤရူပကာယ ခန္ဓာကိုယ်၌ 'ဆံပင်သည် အမြဲမရှိ၊ ဆံပင်သည် ဆင်းရဲ၏။ ဆံပင်သည် အစိုးမရ၊ အနှစ်သာရမရှိ။ မွေးညင်းသည် အမြဲမရှိ၊ မွေးညင်းသည် ဆင်းရဲ၏။ မွေးညင်းသည် အစိုးမရ အနှစ်သာရမရှိ။'ဟူသော ငယ်စဉ်က အဘိုးအဘွားများ ရွတ်ဆိုသည်ကိုလိုက်ဆို၍ အလွတ်ရခဲ့သော တရားစာပိုဒ်လေးသည် စိတ်အသိဝယ် ပြက်ပြက်ထင်ထင် နိုးကြားလာပါသည်။

အလားတူ ခံစားမှုသည် အမြဲမရှိ၊ ခံစားမှုသည် ဆင်းရဲ၏။ ခံစားမှုသည် အစိုးမရ၊ အနှစ်သာရမရှိ။ မှတ်သားမှု၊ ပြုပြင်မှု၊ သိမှုသည် အမြဲမရှိ၊ မှတ်သားမှု၊ ပြုပြင်မှု၊ သိမှုသည် ဆင်းရဲ၏၊ မှတ်သားမှု၊ ပြုပြင်မှု၊ သိမှုသည် အစိုးမရ၊ အနှစ်သာရမရှိ'ဟူသော တရားစာကလေးသည် ကောဋ္ဌာသအစဉ် လက္ခဏာတင်၍ ဆင်ခြင်ပွားများပုံဟု ယခုမှသိရှိလိုက်ရကြောင်း အနတ္တလက္ခဏအခါတော်နေ့၏ ကျေးဇူးအထူးကို ဆင်ခြင်အောက်မေ့ရင်း ရေးသားဖော်ပြအပ်ပါသတည်း။

ကျန်းမာရေးဝန်ကြီးဌာန
အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ်
သဘာဝဘေးအသိပညာပေး လက်ကမ်းစာစောင်ဒီဇိုင်းနှင့် Animation ဗီဒီယိုပြိုင်ပွဲ ဖိတ်ခေါ်ခြင်း
"ပြိုင်ပွဲနှင့်စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များကို QR သုံး၍ ရယူပါ"

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၇)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ကြိုဆို

နေပြည်တော် ဩဂုတ် ၂

ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၇)သို့ တက်ရောက်ကြမည့် ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံ့သားကောင်း ရတနာများ ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်း တွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်း ကျောင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ် ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစု ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် များနှင့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြ သူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၇)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်း ရတနာများကို အောင်သပြေပန်းများ၊ စားသောက်ဖွယ်ရာ များဖြင့် သောင်းသောင်းဖြဖြ ကြိုဆို နှုတ်ဆက်ကြသည်။ ထို့နောက် တိုင်းမှူး နှင့် တာဝန်ရှိသူများက အဆိုပါသင်တန်းသို့ တက်ရောက်မည့် နိုင်ငံ့သားကောင်း ရတနာများ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ ကြောင်း သတင်းရရှိသည်။ (၅၀၁)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် နိုင်ငံ့သားကောင်းရတနာများကို ကြိုဆိုနှုတ်ဆက်စဉ်။

# အနောက်တောင်တိုင်းစစ်ဌာနချုပ် ၃၃ ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း



အနောက်တောင်တိုင်းစစ်ဌာနချုပ် ၃၃ ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပစဉ်။

နေပြည်တော် ဩဂုတ် ၂

အနောက်တောင်တိုင်း စစ်ဌာနချုပ် ၃၃ ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် သာသနဝံသဓမ္မာရုံ၌ ပြုလုပ်ရာ ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင် သာကျောင်းတိုက်ဦးစီးပဓာန နာယက ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိသုတ အမှူးပြု သော သံဃာတော်များ ကြွရောက်တော် မူကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ တက် ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သာသနဝံသဓမ္မာရုံရှိ မြတ်စွာဘုရားအား ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် ဆီမီးများဆက်ကပ်ပူဇော်ပြီး သံဃာတော် များအား အရဏ်ဆွမ်းဆက်ကပ်လှူဒါန်း သည်။ ထို့နောက် တိုင်းမှူးနှင့် တက် ရောက်လာကြသူများက ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင်သာကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်ထံမှ ငါးပါး သီလခံယူဆောက်တည်ကြပြီး သံဃာတော် များရွတ်ဖတ် ချီးမြှင့်တော်မူသော ပရိတ် တရားတော်များကို နာယူကြည်ညိုကြ သည်။

ယင်းနောက် တိုင်းမှူးနှင့် တက် ရောက်လာကြသူများက သံဃာတော်များ ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပုသိမ်မြို့ မရမ်းချိုကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသော ဘိတထံမှ အနုမောဒနာတရားများ နာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## ၂၀၂၆ ခုနှစ် ဩဂုတ် ၂ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

✱ ဖောင်ပိတ်သတင်းမှ

ပိတ်ထားခြင်းနှင့် တိုက်ရိုက်သက်ဆိုင်ခြင်း မရှိဘဲ ပင်လယ်ကွေ့ဒေသအတွင်း အမေရိကန်၏စစ်ရေးအရ အရေးယူပိတ်ဆို့မှုများကြောင့်သာ ရေလက်ကြားပိတ်ဆို့နေရခြင်းဖြစ်သည်ဟု အီရန်ပြောရေးဆိုခွင့် ရှိသူက ဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : YZA

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၁၅(က)တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေး ဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
၂။ နိုင်ငံ့ဝန်ထမ်းများ။
၃။ ပညာသင်ကြားနေသူများ။
၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
၆။ ထောင်ဒဏ်ကျခံနေသူများ။

### ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်း ဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်နှင့် Animation ဗီဒီယိုပြိုင်ပွဲ ဖိတ်ခေါ်ခြင်း

၁။ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသည် မြန်မာနိုင်ငံတွင် ဖြစ်ပွားမှုများသော မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ လေပြင်းဘေး၊ မိုးကြိုးဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေးနှင့် မိုးခေါင်ရေရှားဘေးတို့အတွက် အသိပညာပေးလက်ကမ်းစာစောင်များနှင့် Animation ဗီဒီယိုများဖြင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ယခုအခါ အဆိုပါလက်ကမ်းစာစောင်များနှင့် Animation ဗီဒီယိုများကို ခေတ်ကာလအားလျော်စွာ ဆန်းသစ်သောဖန်တီးမှုအတွေးအမြင်များ၊ နည်းပညာသစ်များဖြင့် ပိုမိုစိတ်ဝင်စားဖွယ်ဖြစ်စေမည့် လက်ကမ်းစာစောင်ဒီဇိုင်းများနှင့် Animation ဗီဒီယိုများအဖြစ် ပြုပြင်ဆောင်ရွက်လိုပါ၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်ဒီဇိုင်းရေးဆွဲခြင်းနှင့် Animation ဗီဒီယိုဖန်တီးခြင်းတို့ကို ပြိုင်ပွဲကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၃။ လက်ကမ်းစာစောင် ဒီဇိုင်းရေးဆွဲခြင်းပြိုင်ပွဲကို မူလဆောင်ရွက်ထားသော လက်ကမ်းစာစောင်များကို အခြေခံ၍ **ငလျင်ဘေး၊ လေပြင်းဘေးနှင့် ရေဘေးတို့အတွက်လည်းကောင်း၊** အလားတူ Animation ဗီဒီယိုပြိုင်ပွဲကို **မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေးနှင့် အယ်လ်နီညိုဖြစ်စဉ်**တို့အတွက်လည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး ပညာရှင်များ ပါဝင်သောအဖွဲ့ဖြင့် စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၄။ ရွေးချယ်ခံရသူများကို နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် အခမ်းအနား၌ ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၅။ ပြိုင်ပွဲနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ Website စာမျက်နှာ https://www.moswrr.gov.mm/ တွင် လည်းကောင်း၊ အောက်ဖော်ပြပါ QR Code တွင်လည်းကောင်း ကြည့်ရှုယှဉ်ပြိုင်လျှောက်ထားနိုင်ပြီး ပြိုင်ပွဲဝင်ဒီဇိုင်း Hard Copy နှင့် Soft Copy တို့ကို လျှောက်လွှာနှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်သို့ဖြစ်စေ၊ အီးမေးလ်လိပ်စာ myanmareoc.ddm @gmail. com သို့ဖြစ်စေ ၁၅-၉-၂၀၂၆ နေ့ ၁၆:၀၀ နာရီ နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပါသည်။

၆။ သဘာဝဘေးအန္တရာယ်များကြောင့် အများပြည်သူ၏ အသက်အိုးအိမ်ထိခိုက်ဆုံးရှုံးမှုကို လျှော့ချပေးနိုင်မည့် မွန်မြတ်သောလုပ်ငန်းစဉ်တွင် မိမိ၏ ကျွမ်းကျင်မှုနည်းပညာ၊ ဖန်တီးနိုင်မှုစွမ်းအားတို့ဖြင့် ပါဝင်ဆောင်ရွက်နိုင်သော အခွင့်အလမ်းအား ရယူပါဝင်ယှဉ်ပြိုင်ပေးနိုင်ပါရန် တန်ဖိုးထားအလေးဂရုပြု ဖိတ်ခေါ်အပ်ပါသည်။

(အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၄၆၆၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။)

**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

## ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အသိပညာပေး လက်ကမ်းစာစောင် ဒီဇိုင်းပြိုင်ပွဲဖိတ်ခေါ်ခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသည် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အဖြစ် **ငလျင်ဘေးအန္တရာယ်၊ လေပြင်းဘေးအန္တရာယ်နှင့် ရေဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်ဒီဇိုင်းပြိုင်ပွဲ** ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင် လက်ကမ်းစာစောင်ကို အောက်ဖော်ပြပါစည်းကမ်းချက်များနှင့်အညီ **မည်သူမဆို** ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်-

(က) ငလျင်ဘေးအန္တရာယ်၊ ရေဘေးအန္တရာယ်နှင့် လေပြင်းဘေးအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များကို ဘေးအန္တရာယ် (၃)မျိုးလုံးကိုဖြစ်စေ၊ နှစ်သက်ရာဘေးအန္တရာယ် (၁) မျိုးစီကိုဖြစ်စေ ရွေးချယ်ယှဉ်ပြိုင်နိုင်သည်။

(ခ) သရုပ်ဖော်ပြသချက်ပုံများသည် မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်လူနေမှုဘဝကို ပေါ်လွင်စေရမည်။

(ဂ) ဒီဇိုင်းပုံများနှင့် လက်ကမ်းစာစောင်ပြုလုပ်၍ရသည့် မည်သည့်နည်းလမ်းဖြင့်မဆို ဖန်တီးယှဉ်ပြိုင်နိုင်သည်။

(ဃ) https://www.moswrr.gov.mm/awareness/pamphlets website ရှိ အသိပညာပေးလက်ကမ်းစာစောင်များကို နမူနာကြည့်ရှု၍ ဖန်တီးယှဉ်ပြိုင်ရမည်။

(င) Resolution (300 dpi)နှင့် JPG (သို့) PNG Format၊ အရောင်သတ်မှတ်ချက် (CMYK) ဖြင့် ရေးဆွဲရမည်။

(စ) အကြောင်းအရာဖော်ပြချက်နှင့်ကိုက်ညီသော ဒီဇိုင်းပုံများဖန်တီးပေးရမည့်အပြင် စာသားနှင့်ပုံများကို (၄) ခေါက်ချိုး လက်ကမ်းစာစောင် (Legal Size – 8.5"x 14") ပြုလုပ်ယှဉ်ပြိုင်ရမည်။

(ဆ) မူလလက်ကမ်းစာစောင်များပါ သဘာဝဘေးအန္တရာယ်ဆိုင်ရာအကြောင်းအရာနှင့် စာသားဖော်ပြချက်များအပြင် အများပြည်သူအတွက် ပိုမိုသိသင့်ပြီးအကျိုးရှိစေမည့် ဆက်စပ်သတင်းအချက်အလက်များကိုလည်း ထပ်မံဖြည့်စွက်ဖော်ပြနိုင်ပါသည်။

(ဇ) အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော(သို့မဟုတ်) ဖော်ပြထားပြီးဖြစ်သော ဒီဇိုင်းပုံများ မဖြစ်ရ။ ကိုယ်တိုင်ဖန်တီးထားကြောင်း ကာယကံရှင်လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ကိုယ်ရေးအချက်အလက်အကျဉ်းတို့နှင့်အတူ ပေးပို့ရမည်။

(ဈ) ဆုရသည့် ဖန်တီးမှုလက်ရာများ၏ မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသို့ အပြီးလွှဲပြောင်းပေးရမည်။

(ည) သတ်မှတ်ရက်ကျော်လွန်သော၊ သတ်မှတ်ချက်များနှင့် မပြည့်စုံသော ပြိုင်ပွဲဝင်လက်ကမ်းစာစောင်များကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ဆုရွေးချယ်ခြင်းမခံရသော ပြိုင်ပွဲဝင်လက်ကမ်းစာစောင်များကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

၃။ ပြိုင်ပွဲဝင်ဒီဇိုင်းပုံများနှင့် လက်ကမ်းစာစောင်များကို ပညာရှင်များပါဝင်သော စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စိစစ်ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသူများအား နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၄။ ပြိုင်ပွဲဝင်သူ၏ ဒီဇိုင်းပုံများနှင့် ရေးဆွဲထားသော Design ပုံများပါဝင်သည့် လက်ကမ်းစာစောင် Hard Copy နှင့် Soft Copy ကို လူကိုယ်တိုင်ဖြစ်စေ၊ စာပို့ဝန်ဆောင်မှုဖြင့်ဖြစ်စေ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပြိုင်ပွဲဝင်လျှောက်လွှာ၊ ဝန်ခံကတိပြုလွှာတို့နှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၂၃)၊ နေပြည်တော်၊ တယ်လီဖုန်း၊ ၀၆၇-၃၄၀၄၆၆၀၊ အီးမေးလ်လိပ်စာ myanmareoc.ddm@gmail.com သို့ ၁၅-၉-၂၀၂၆ နေ့၊ ညနေ ၁၆:၀၀ နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

၅။ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော ပြည်သူလူထုအသိပညာပေးလုပ်ငန်းတွင် မိမိ၏ဝါသနာ၊ ကျွမ်းကျင်မှုကိုအခြေခံ၍ တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီထောက်ပံ့မှုပြုသောအားဖြင့် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်ဒီဇိုင်းပုံနှင့် လက်ကမ်းစာစောင်ဒီဇိုင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ပေးပါရန် တန်ဖိုးထားအလေးဂရုပြု ဖိတ်ခေါ်အပ်ပါသည်။

**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

## ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် အသိပညာပေး (၄)မိနစ်စာ ကာတွန်း Animation ဗီဒီယိုပြိုင်ပွဲဖိတ်ခေါ်ခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသည် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အဖြစ် **မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေးနှင့် အယ်လ်နီညိုဖြစ်စဉ် အသိပညာပေးကာတွန်း Animation ဗီဒီယိုပြိုင်ပွဲ**ကို ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင် ကာတွန်း Animation Video ကို အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ **မည်သူမဆို** ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်-

(က) ပြိုင်ပွဲခေါင်းစဉ်ကို ပေါ်လွင်အောင် ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

(ခ) ယှဉ်ပြိုင်မှုခေါင်းစဉ်နှင့် သရုပ်ဖော်ပြသချက်ကို မြန်မာဘာသာဖြင့်သာဖော်ပြရမည်။

(ဂ) (၄) မိနစ်စာ (Animation video) ဖန်တီးယှဉ်ပြိုင်ရမည်။

(ဃ) Animation Video ထုတ်လုပ်၍ရသည့် မည်သည့်နည်းလမ်းဖြင့်မဆို ဖန်တီးယှဉ်ပြိုင်နိုင်သည်။

(င) https://www.moswrr.gov.mm/awareness/movie-clips?Page=1 website ရှိ အသိပညာပေး movie များကို နမူနာကြည့်ရှု၍ ဖန်တီးယှဉ်ပြိုင်ရမည်။

(စ) File format သည် mp4/ wmv/ avi ၊ အနည်းဆုံး FullHD 1920x1080 pixels၊ RGB အရောင်သတ်မှတ်ချက်နှင့် File size သည် 1GB ထက်မပိုစေရ။

(ဆ) သရုပ်ဖော်တင်ဆက်မှုနှင့် အစီအစဉ်တင်ဆက်မှုတို့သည် ဇာတ်လမ်းဇာတ်ကွက်နှင့် လိုက်လျောညီထွေမှုရှိပြီး မြန်မာ့ယဉ်ကျေးမှု၊ လူနေမှုပုံစံတို့ကို ထင်ဟပ်ဖော်ပြနိုင်ရမည်။

(ဇ) Animation ဗီဒီယိုများအတွက် မူလလက်ကမ်းစာစောင်များပါ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အကြောင်းအရာနှင့် စာသားဖော်ပြချက်များအပြင် အများပြည်သူအတွက် ပိုမိုသိသင့်ပြီး အကျိုးရှိစေမည့် ဆက်စပ်သတင်းအချက်အလက်များကိုလည်း ထပ်မံဖြည့်စွက်ဖော်ပြနိုင်ပါသည်။

(ဈ) အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော၊ ဖော်ပြထားပြီးသော Animation များ မဟုတ်ကြောင်း၊ ကိုယ်တိုင်ဖန်တီးထားကြောင်း ကာယကံရှင်လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ပြိုင်ပွဲဝင်၏ ကိုယ်ရေးအချက်အလက်အကျဉ်းတို့အား ပေးပို့ရမည်။

(ည) ဆုရသည့် ဖန်တီးမှုလက်ရာများ၏ မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသို့ အပြီးပိုင်လွှဲပြောင်းပေးရမည်။

(ဋ) သတ်မှတ်ရက်ကျော်လွန်ရောက်ရှိသော၊ သတ်မှတ်ချက်များနှင့် မပြည့်စုံသော Animation Video များကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ဆုရ Animation များကို သင့်လျော်သည့်နေရာများတွင် အသုံးပြုသွားမည်ဖြစ်ပြီး ရွေးချယ်ခြင်းမခံရသော Animation များ ပြန်လည်ပေးပို့မည်မဟုတ်ပါ။

၃။ ပြိုင်ပွဲဝင် Animation များကို ပညာရှင်များပါဝင်သော စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စိစစ်ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသူများအား နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၄။ ပြိုင်ပွဲဝင်သူ၏ Animation Soft Copy ကို အီးမေးလ် (သို့မဟုတ်) DVD (သို့မဟုတ်) VCD ဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ စာပို့ဝန်ဆောင်မှုဖြင့်ဖြစ်စေ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပြိုင်ပွဲဝင်လျှောက်လွှာ၊ ဝန်ခံကတိပြုလွှာတို့နှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀၄၆၆၀၊ အီးမေးလ်လိပ်စာ myanmareoc.ddm @gmail.com သို့ ၁၅-၉-၂၀၂၆ နေ့၊ ၁၆:၀၀ နာရီနောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

၅။ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော ပြည်သူလူထုအသိပညာပေးလုပ်ငန်းတွင် မိမိ၏ ဝါသနာ၊ ကျွမ်းကျင်မှုကို အခြေခံ၍ တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီထောက်ပံ့မှုပြုသောအားဖြင့် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် Animation ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ပေးပါရန် တန်ဖိုးထားအလေးဂရုပြု ဖိတ်ခေါ်အပ်ပါသည်။

**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

# ရေဘေးပညာပေးစာစောင်

## ရေဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့်အိမ်၏ ကြံ့ခိုင်မှုကို စစ်ဆေးပါ။



၂။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

(ဥပမာ- အသက်ကယ် ကုန်းမြင့်၊ ရေလွတ်နိုင်သည့်နေရာများ၊ အဆောက်အအုံများ)



၁

၃။ ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သော နေရာတွင် ထားရှိပါ။





၄။ မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ။




၅။ သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။



၆။ မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သော နေရာများကို မြင်သာသော အမှတ်အသားထားရှိပါ။




၂

၇။ အရေးပေါ် သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ် ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။




## ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများ ကိုလည်း မျှဝေပါ။



၂။ တောင်ပေါ်ဒေသများချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများဖြစ်နိုင်ကြောင်း သတိပြုကြပါ။



၃။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ။

၃

၄။ မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ် အမည်၊ ရပ်ကွက်၊ ကျေးရွာ၊မြို့ ဆက်သွယ်ရမည့်သူစသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ။




၅။ သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခိုလှုံပါ။



## ရေကြီးခြင်းဖြစ်ပေါ် နေချိန်တွင်လိုက်နာရန် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကိုလိုက်နာပါ။



၄

၂။ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ။




၃။ သောက်သုံးရေသန့်(သို့) ကျိုချက်ထားသောရေ (သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲ သောက်သုံးပါ။



၄။ အဆိပ်ရှိသော တိရစ္ဆာန်များ အိမ်၊ခြံ အတွင်း၌ ရှိ ၊မရှိ စစ်ဆေးပါ။



## ရေကြီးခြင်း ဖြစ်ပေါ်နေချိန်တွင် ရှောင်ရှားသင့်သည့်အချက်များ

၁။ တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်း မပြုလုပ်ပါနှင့်။



၂။ ရေကြီးသော ဒေသများတွင် မြစ်၊ချောင်း ကမ်းပါး တိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ချောင်းကမ်းပါးများ အနီးသို့ မသွားပါနှင့်။



၅

၃။ ရေထဲတွင် ရေကူးခြင်း လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်။





၄။ ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

## ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။



၂။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။

၃။ အမှိုက်များအား စနစ်တကျ ရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်းများပြုလုပ်ပါ။



၄။ အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင် သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့အကြောင်းကြားပြီး ကူညီ ရှင်းလင်းပါ။



၆

၅။ ရေကြီးခြင်း၏နောက်ဆက်တွဲအနေဖြင့်ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ။

၆။ ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။



## ရေကြီးပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်။

၂။ မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်။



၃။ ရေစိုပြီး အနံ့အသက် မကောင်းသော အစားအစာများမစားပါနှင့်။



၄။ ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇

## အောက်ဖော်ပြပါအရေးပေါ် သုံးပစ္စည်းများ သင်နှင့် အတူရှိပြီလား ဆန်းစစ်ပါ။

ပေါ့ပါးပြီး ရေစိုခံကာ သယ်ယူရ လွယ်ကူသော အိတ်ဖြင့်ထည့်ရန်။

- [ ] ရေနှင့် ဓာတ်ဆားများ
- [ ] ကြာရှည်ခံအစားအစာများ
- [ ] ရှေးဦးသူနာပြုပစ္စည်းများနှင့် သုံးစွဲနေသည့်ဆေးဝါးများ
- [ ] အရေးပေါ်ခြုံစောင်
- [ ] အဝတ်အစားများ
- [ ] ရေစိုခံမိုးကာ
- [ ] အကြမ်းခံသည့် ဖိနပ်၊
- [ ] ဘက်ထရီအပြည့်ရှိသည့် ဖုန်းနှင့် ရေဒီယို
- [ ] လက်နှိပ်ဓာတ်မီး/မီးအိမ်နှင့် ဓာတ်ခဲ အပိုများ
- [ ] ဘက်စုံသုံး အိတ်ဆောင်ဓါး၊ ကြိုး
- [ ] ဖယောင်းတိုင်၊ မီးခြစ်
- [ ] အခြားသူများ အာရုံစိုက်မှုရစေရန် လိုအပ်သည့် ဝီစီ
- [ ] တစ်ကိုယ်ရေသုံး အသုံးအဆောင်များ (ဆပ်ပြာ၊သွားတိုက်ဆေး)
- [ ] ရေစိုခံအိတ်နှင့် ထည့်ထားသည့် အရေးကြီးစာရွက်စာတမ်း၊ ငွေသား
- [ ] ကလေးများ၏ ကျောင်းသုံးပစ္စည်းများ



# အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၇၂ ဦးထိ ရှိလာ



နယူးဒေလီ ဩဂုတ် ၂

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပွားနေသော ရေကြီးရေလျှံမှုများအတွင်း သေဆုံးသူဦးရေမှာ ၇၂ ဦး ထိရှိလာပြီး နှစ်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

အာသံပြည်နယ် ဝန်ကြီးချုပ် ဟီမန်တာဘစ်ဝါဆာမာ၏ ပြောကြားချက်အရ ဆီဗာဆာဂါခရိုင်တွင် သေဆုံးသူ ၄၂ ဦး၊ ချာရိုင်ဒီယိုခရိုင်တွင် ၂၀ ဦးနှင့် ဂျော်ဟတ်ခရိုင်တွင် ကိုးဦးသေဆုံးခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှုကြောင့် ပြည်နယ်အတွင်းရှိ ရွာပေါင်း ၂၂၅၀ ရွာ ထိခိုက်ခဲ့ပြီး လူဦးရေ ၁ ဒသမ ၁ သန်းကျော် ရေဘေးဒဏ်ခံစားနေရကြောင်း၊ ထို့ပြင် လူနေအိမ်အလုံးရေ ၂၅၃၀ လုံးပျက်စီးခဲ့ပြီး အိမ် ၉၆၆၈ လုံးမှာ တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဒေသဆိုင်ရာအာဏာပိုင်များက ကယ်ဆယ်ရေးစခန်း ၂၁၈ ခု ဖွင့်လှစ်ထားပြီး ရေဘေးသင့်ပြည်သူ ၇၁၈၈၉ ဦးကို ယာယီကယ်ဆယ်ရေး စခန်းများ၌ နေရာချထား ပေးထားကြောင်း သိရသည်။

ပြည်နယ်အစိုးရက ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး လုပ်ငန်းများကို ပြည်နယ်တစ်ဝန်း ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ရေဘေးသင့်ပြည်သူများကို အရေးပေါ်အကူအညီများ ပံ့ပိုးပေးခြင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ရေဘေးသင့်ဒေသများကို ပုံမှန်အခြေအနေသို့ အမြန်ဆုံး ပြန်လည်ရောက်ရှိစေရေးကို အဓိကထား ဆောင်ရွက်နေကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ဟန်ဂေရီနိုင်ငံတွင် မိုးခေါင်မှုကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အရှိန်မြှင့်တင်ဆောင်ရွက်ရန် နျူကလီးယားဓာတ်ပေါင်းဖိုများ ပိတ်ရန်စီစဉ်နေ

ဘူဒါပက် ဩဂုတ် ၂

ဟန်ဂေရီနိုင်ငံတွင် မိုးခေါင်မှုကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို အရှိန်မြှင့်တင် ဆောင်ရွက်ရန်အတွက် ဟန်ဂေရီလျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနက နျူကလီးယားဓာတ်ပေါင်းဖိုများပိတ်ရန် စီစဉ်နေကြောင်း ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဟန်ဂေရီနိုင်ငံတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအတွက် ၅၀ ရာခိုင်နှုန်းသော ပမာဏကို နျူကလီးယား ဓာတ်ပေါင်းဖိုမှ ထုတ်ယူနေကြောင်း၊ မိုးခေါင်မှုကြောင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ ပုံမှန်အတိုင်း လည်ပတ်နိုင်ခြင်း မရှိသေးသော်လည်း Paks Nuclear Power Plant ကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း ဟန်ဂေရီဝန်ကြီးချုပ် ဗီတာမက်ယာက ပြောကြားသည်။



"မိုးခေါင်မှုနဲ့ မြေအောက်ရေခန်းခြောက်မှုကြောင့် ဒန်နူဗ်မြစ်ရေခန်းခြောက်လာတယ်။ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတွေကို ပုံမှန်အတိုင်းလည်ပတ်နိုင်ဖို့ခက်ခဲနေတယ်။ ဒါပေမဲ့လဲ ကျွန်တော်တို့အနေနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းတွေကို အရှိန်မြှင့်တင်ဆောင်ရွက် သွားနိုင်ဖို့အတွက် သက်တမ်းရင့်နေတဲ့ နျူကလီးယားဓာတ်ပေါင်းဖိုကို ပိတ်သိမ်းသွားဖို့ စီစဉ်နေပါတယ်"ဟု ဟန်ဂေရီဝန်ကြီးချုပ် ဗီတာမက်ယာက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် မုန်တိုင်းဝင်ရောက်တိုက်ခတ်နေပြီး မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်

ဝါရှင်တန် ဩဂုတ် ၂

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် မုန်တိုင်းဝင်ရောက်တိုက်ခတ်နေပြီး မုန်တိုင်းနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းကာ ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်ကြောင်း အမျိုးသားမိုးလေဝသ စင်တာက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

နယူးယောက်မြို့တွင် နွေရာသီကာလအတွင်း အပူချိန်မြင့်တက်ခဲ့ပြီးနောက် ဩဂုတ်လတွင် ရာသီဥတု အပြောင်းအလဲဖြစ်လာခဲ့ခြင်းကြောင့် မုန်တိုင်းဝင်ရောက်တိုက်ခတ်လာခဲ့ခြင်း ဖြစ်ကြောင်း၊ မုန်တိုင်းကြောင့် လေတိုက်နှုန်းလည်းမြင့်မားနေပြီး မိုးရေချိန် သုံးလက်မထိ မြင့်တက်လာနိုင်သောကြောင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း ကုန်းနိမ့်ပိုင်းနေရာ တချို့တွင် ရေလွှမ်းနေပြီဖြစ်ပြီး ရေလွှမ်းနေသော နေရာများနှင့် လမ်းမကြီးများကိုလည်း ဖြတ်သန်းသွားလာခွင့် ပိတ်ထားလိုက်ပြီဖြစ်ကြောင်း အမျိုးသားမိုးလေဝသ စင်တာက ထုတ်ပြန်သွားခဲ့သည်။

"နယူးယောက်မြို့မှာ မုန်တိုင်းဝင်ရောက် တိုက်ခတ်နေပါတယ်။ မုန်တိုင်း အားကောင်းနေသလို မုန်တိုင်းနဲ့အတူ မိုးရေချိန်မြင့်မားနေပါတယ်။ မိုးရေချိန်ဟာ သုံးလက်မထိ မြင့်တက်သွားနိုင်ပြီး ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်ပါတယ်။ နွေရာသီကာလ အပူချိန်မြင့်တက်ခဲ့ပြီးနောက် ရာသီဥတုပြောင်းလာလို့ မုန်တိုင်းဝင်ရောက်လာခဲ့တာဖြစ်ပါတယ်"ဟု အမျိုးသားမိုးလေဝသစင်တာမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# အီတလီနိုင်ငံတွင် မြို့ပေါင်း ၂၃ မြို့ကို အပူချိန်မြင့်တက်မှု အန္တရာယ် သတိပေးချက်ထုတ်ပြန်

ရောမ ဩဂုတ် ၂

အီတလီနိုင်ငံတွင် အပူချိန်မြင့်တက်နေပြီး မြို့ပေါင်း ၂၃ မြို့ကို အပူချိန် မြင့်တက်မှုအန္တရာယ် သတိပေးချက် ထုတ်ပြန်လိုက်ကြောင်း အီတလီမိုးလေဝသအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အပူချိန်မြင့်တက်နေသည့် မြို့ပေါင်း ၂၇ မြို့ထိရှိနေပြီး ၎င်းတို့အနက် မြို့ပေါင်း ၂၃ မြို့ကို အပူချိန် မြင့်တက်မှုနှင့်ဆက်စပ်ပြီး ကျန်းမာရေးလုံခြုံမှု အန္တရာယ် အနီရောင်အဆင့် သတ်မှတ်ကြောင်း၊ အပူချိန်ပမာဏမှာ ၃၀ ဒီဂရီစင်တီဂရိတ်ကို ကျော်လွန်နေပြီဖြစ်၍ ကျန်းမာရေးလုံခြုံမှုကို ခြိမ်းခြောက်နေခြင်း ဖြစ်ကြောင်း၊ ယခုတစ်ကြိမ် ထုတ်ပြန်ခဲ့သော ကျန်းမာရေးလုံခြုံမှုဆိုင်ရာ သတိပေးချက်မှာ ကျန်းမာရေးဝန်ကြီးဌာနအတွက် အမြင့်ဆုံး ထုတ်ပြန်ခဲ့ရသည့် သတိပေးချက်ဖြစ်ကြောင်း သိရသည်။

အပူချိန်မြင့်တက်မှု သတိပေးချက်ထုတ်ပြန်ထားသော မြို့များမှာ ဘိုလ်ဇာနိုမြို့၊ ကမ်ပိုဘက်ဆိုမြို့၊ စီဗီတာဗက်ချီယာမြို့၊ ဖလောရင့်မြို့၊ ဖရိုစီနန်းမြို့၊ လက်တီနာမြို့၊ ဝီရွန်ကီယာမြို့၊ ရေတီမြို့၊ ရောမမြို့၊ တူရင်မြို့၊ ဗီတာဘိုမြို့၊ ဘိုလော့နာမြို့၊ ဘရက်စီယာမြို့၊ ကယ်ဂလီယာမြို့၊ မီလန်မြို့၊ နေပယ်မြို့၊ ပက်ကာရာမြို့၊ ဗင်နစ်မြို့၊ ဗီရိုနာမြို့၊ ကာတာနီးယားမြို့၊ ဂျီနိုအာမြို့၊ ပါလာမိုမြို့နှင့် ထရိုင်စတီမြို့တို့ဖြစ်သည်။ ကျန်းမာရေး လုံခြုံမှုအနီရောင် အဆင့် သတိပေးချက် ထုတ်ပြန်ထားသောကာလအတွင်း အမိုးအကာမရှိသည့် နေရာများသို့ လှုပ်ရှား သွားလာခြင်းကိုလည်း တားမြစ်ထားသကဲ့သို့ လူစည်ကားသည့် နေရာများတွင်လည်း ရေအေးငွေ့ပေးစက်များ တပ်ဆင်ဖွင့်လှစ် ပေးထားကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# တရုတ်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်းဒေါ်ဖင် ဩဂုတ်လဒုတိယပတ်အတွင်း ဝင်ရောက်နိုင်သဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေ

ပေကျင်း ဩဂုတ် ၂

တရုတ်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်းဒေါ်ဖင် ဩဂုတ်လဒုတိယပတ်အတွင်း ဝင်ရောက်နိုင်သဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေကြောင်း တရုတ်နိုင်ငံ ရေအရင်းအမြစ်ဝန်ကြီးဌာနက ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ရေအရင်းအမြစ်ဝန်ကြီးဌာန၏ ခန့်မှန်းချက်အရ မိုးသည်းထန်စွာ ရွာသွန်းနိုင်သည့် ပုလဲမြစ်ဝှမ်း၊ ယန်ဇီမြစ်ဝှမ်း၊ အဝါရောင်မြစ်ဝှမ်း၊ တိုင်ဟူရေကန်ဒေသ၊ ယူနန်ပြည်နယ်နှင့် ဇီကျန်း၊ ဖူကျန်းပြည်နယ်တို့၏ ဒေသများအပြင် တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ မြစ်များတွင် ရေမျက်နှာပြင်မှာ သိသိသာသာ မြင့်တက်လာနိုင်ပြီး မြစ်ရေလျှံနိုင်ကြောင်း သိရသည်။

အဆိုပါ မိုးသည်းထန်စွာ ရွာသွန်းနိုင်သည့် ဒေသများရှိ မြစ်ငယ်များတွင် သတိပေးရေမှတ်ထက် ကျော်လွန်နိုင်ပြီး တောင်ကျရေကြီးမှု၊ မြေပြိုမှုနှင့် ရေကြီးရေလျှံမှုအန္တရာယ်များ မြင့်မားနေဆဲဖြစ်ကြောင်း ရေအရင်းအမြစ်ဝန်ကြီးဌာနကသတိပေးထားသည်။

ထို့ကြောင့် ထိခိုက်ဒဏ်ရာရမှုများ၊ ရေကာတာပျက်စီးမှုများ၊ အဓိက တာတမံကျိုးပေါက်မှုများနှင့် အရေးပါသော အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် အဆိုးဆုံးအခြေအနေကို အခြေခံကာ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရန် အစိုးရက ညွှန်ကြားခဲ့ကြောင်း သိရသည်။

တရုတ်အစိုးရအနေဖြင့် မိုးရွာသွန်းမှုနှင့် ရေကြီးရေလျှံမှု ခန့်မှန်းစောင့်ကြည့်ရေး၊ တောင်ကျရေကြီးမှုကာကွယ်ရေး၊ ရေလှောင်ကန်များ၏ ဘေးကင်းလုံခြုံရေးနှင့် တာတမံများကို စဉ်ဆက်မပြတ်စစ်ဆေးရေးလုပ်ငန်းများကို အရှိန်မြှင့် ဆောင်ရွက်နေကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ထိုနေ့က ကားကျပ်သည်

မစန္ဒာ



**အဘွားကြီး**

အဘွားကြီး၏ဘဝက ရိုးစင်းလှသည်။ မရှိမရှား၊ မထင်မရှားမိဘတို့က ပေါက်ဖွားဆင်းသက်လာခဲ့ပြီး ဆယ်တန်းအထိ ပညာသင်ဖူးလေသည်။ မိဘလက်ထဲတွင် အေးအေးကုပ်ကုပ်နေခဲ့သူမို့ ငယ်စဉ်က ရည်းစားပင် မထားဖူးခဲ့ပေ။ ဆယ်တန်းနှစ်ကျတော့ အမေက ယောကျ်ားပေးစားသည်။ ကြားပေါက်ဝင်ငွေ သိပ်မရှိသော အစိုးရဌာနတစ်ခုမှ အရာရှိငယ်တစ်ဦးနှင့် ဖြစ်လေသည်။ သူကလည်း ရိုးရိုး၊ ကိုယ်ကလည်း အေးအေးမို့ ဘဝကို ငြိမ်ငြိမ်သက်သက်၊ ချွေချွေတာတာဖြတ်သန်းရင်း သားတစ်ယောက်ရခဲ့သည်။ ထို့နောက် သားကို အကြောင်းပြုပြီး ချွေးမတစ်ယောက်နှင့် မြေးကလေးတစ်ယောက် ထပ်၍ရရှိခဲ့ပြန်သည်။ မြေးကလေး ငါးနှစ်သားအရွယ်တွင် ချွေးမဆုံးသွားသည်။ သားက နောက်အိမ်ထောင်မပြုဘဲ မိသားစုလေးဦး စုစုစည်းစည်းနေခဲ့ကြသည်မှာ ယနေ့ထိ။ ငယ်စဉ်က အရာရှိငယ်ဖြစ်သော အဘိုးကြီးသည် ကြီးလာတော့ အရာရှိကြီး ဖြစ်မလာခဲ့ပေ။ ခပ်လတ်လတ်အရာရှိဘဝနှင့်ပင် အငြိမ်းစားယူခဲ့ရသည်။ အဘိုးကြီး အငြိမ်းစားဖြစ်တော့ ဝန်ထမ်းအိမ်ရာတွင် နေခွင့်မရှိတော့၍ ခြောက်ထပ်တိုက်၊ ခြောက်လွှာကို ရောက်ခဲ့ကြရသည်။ စုမိဆောင်းမိသော ကျန်ငွေကလေးနှင့် သားအတွက် ကားတစ်စီးတော့ ဝယ်ပေးနိုင်ခဲ့သည်။ သားက ကားကို နံပါတ်အနီပြောင်းကာ တက္ကစီဆွဲခဲ့သည်။ ထိုအချက်အလက်များသည် အဘွားကြီး၏ ဘဝအကျဉ်းချုပ်ဖြစ်လေသည်။

ထို့ကြောင့် အဘွားကြီး၏ ကိုယ်ရေးရာဇဝင်ကို ပြောပါဟုဆိုလျှင်–

အမည် ဒေါ်ကောက်၊ အသက် ခြောက်ဆယ့်ခြောက်၊ ခင်ပွန်း ဦးကျောက်၊ သား ဘိုတောက်၊ မြေး စိန်မျောက်မျောက်၊ နေထိုင်သည်က အထပ်တိုက်ခြောက်၊ အလွှာခြောက်၊ အခန်းခြောက်၊ တိုက်နံပါတ်–၁၆၆။

ထိုမျှလောက်ဆိုလျှင် ပြီးပြည့်စုံပြီဖြစ်သည်။ အဘွားကြီးက အလိုလောဘကြီးသူ မဟုတ်၍ ဘုရားရှိခိုးလိုက်၊ ပုတီးစိပ်လိုက်၊ ကိုရီးယားကားလေး ကြည့်လိုက်၊ ယောကျ်ားအကြိုက်၊ သားအကြိုက်၊ မြေးအကြိုက်များကို ကောင်းနိုးရာရာချက်ပြုတ်ကျွေးမွေးလိုက်နှင့် သူ့ဘဝကို သူကျေနပ်ရောင့်ရဲစွာ ဖြတ်သန်းနိုင်သူဖြစ်သည်။ တစ်ခုပဲရှိသည်။ လွန်ခဲ့သော ဆယ်နှစ်ကျော်ကျော် ခြောက်လွှာကို စ၍ရောက်စဉ်က အဆင်းအတက်ကို သိပ်မမှုလှ။ ခပ်သွက်သွက်ဆင်း၍ ခပ်သွက်သွက် ပြန်တက်နိုင်သေးသည်။ ခန္ဓာကိုယ်ကြီးက ဝသော်လည်း အထိုင်အထမြန်သည်။ အကြွအလှမ်းသွက်သည်။ ရေမော်တာလေခိုပြီး ရေမတက်လျှင် အောက်ထပ်သို့ ချက်ချင်းရောက်သွားတတ်သူမှာလည်း အဘွားကြီးသာ ဖြစ်သည်။ မော်တာခန်းထဲ ကုန်းကုန်းကွကွဝင်ပြီး မော်တာထဲသို့ ရေလောင်းထည့်ကာ ရေချူသောအလုပ်ကိုလည်း မြန်မြန်ဆန်ဆန်၊ ကျွမ်းကျွမ်းကျင်ကျင်လုပ်နိုင်သူ ဖြစ်လေသည်။

ယခုတော့ ပြောင်းလဲခြင်းနိယာမအရ ပြောင်းလဲခြင်းများရှိခဲ့ပြီမို့ ယခင်တုန်းကလို မမြန်မဆန်၊ မသွက်နိုင်တော့ဘဲ လေးကန်လာခဲ့ပြီဖြစ်သည်။ အသက်ကို စစ်လိုက်တော့လည်း ခြောက်ဆယ်ကျော်၍ ခြောက်နှစ်စွန်းပြီမို့ ခြောက်ဆယ့်ခြောက်။ ခြောက်ဆယ့်ခြောက်ဟူသော အသက်ကို ကြီးလှသည်ဟု ဆို၍မရသော်လည်း တတိယအရွယ် ရောက်ပြီမို့ အကျဘက်သို့ လှမ်းနေသည်မှာလည်း သဘာဝကျပါသည်။ ဟော်မုန်းအားဆေးများ၊ ဂျင်ဆင်းအားဆေးများကိုလည်း တစ်ခါမျှမသောက်ဖူးတော့ အဘွားကြီး၏ အသားအရေများက တင်းတင်းရင်းရင်း မရှိရှာပေ။ လက်မောင်းတုတ်တုတ်ကြီးများကလည်း ပျော့နေလေသည်။ မြေးကလေး စိန်မျောက်မျောက်ကတော့ ထိုလက်မောင်းကြီးများကို ကိုင်ကြည့်ရင်း တခစ်ခစ် ရယ်တတ်လေသည်။

ယခင်က ခပ်သွက်သွက်၊ ခပ်မှန်မှန် ဆင်းခဲ့၊ တက်ခဲ့သော လှေကားအထစ်ပေါင်း ရှစ်ဆယ်ကျော်သည် အဘွားကြီးကို စိန်ခေါ်နေကြပြီဖြစ်သည်။ ဟိုဘက်လမ်းကြားထဲမှ ပျံကျဈေးလေးကို ယခင်က ဖြုတ်ခနဲဆင်းသွားတတ်သော်လည်း ယခုတော့ တစ်ခါတစ်ခါသွားဖို့အရေး အားတင်းနေရပြီဖြစ်သည်။ လှေကားထစ်အဆင်းများက အတော်ကို ဒူးနာစေလေသည်။ အောက်ရောက်ပြန်တော့ လမ်းကူးရန် ခက်ပြန်သည်။ သူက လမ်းလယ်ကောင်မှာလည်း မရပ်ရဲ။ ကိုယ်ကလေး ယိမ်းလိုက်၊ ခါးကလေး နွဲ့လိုက်နှင့်လည်း မရှောင်တတ်။ ခပ်သုတ်သုတ်လေး ကူးရအောင်ကလည်း ခြေထောက်က မခိုင်၊ သက်စွန့်ကြိုးပမ်းကူးပြီး လမ်းတစ်ဖက်သို့ ရောက်ပြန်တော့ ဈေးခြင်းတောင်းအလေးချိန်က ပိုလာသည်။ အခက်အခဲဆုံးသည် သူ၏ ခန္ဓာကိုယ်နှင့် ဈေးခြင်းတောင်းကိုဆွဲပြီး အပေါ်ခြောက်ထပ်သို့ တက်ရသောအခါတွင် ဖြစ်လေသည်။

"နိဗ္ဗာန်မရောက်မီစပ်ကြား ဖြစ်လေရာဘဝမှာ အထပ်မြင့်မြင့်တွေမှာ အဆင့်နိမ့်နိမ့်နှင့် နေရသောသူ မဖြစ်ရပါလို၏ဘုရား"

အဘွားကြီးက မကြာခဏ ဆုတောင်းနေမိတတ်သည်။ ယခုနောက်ပိုင်းတော့ ဈေးခြင်းတောင်းထဲမှ ပစ္စည်းများကို ကြိုးတန်းလန်းနှင့် ချထားသော ပလတ်စတစ်ခြင်းလေးထဲသို့ တန်သလောက်ခွဲထည့်ပြီး အပေါ်မှ ဆွဲတင်သောနည်းစနစ်ကို ကျင့်သုံးရရှာသည်။ သားကလည်း နေကုန်နေခန်း အိမ်မှာရှိသူမဟုတ်။ မြေးကလေးကလည်း အိမ်မမြဲတော့ ကြိုးဆွဲတာဝန်သည် အဘိုးကြီးပေါ်သို့ လုံးလုံးလျားလျား ကျရောက်ရှာလေသည်။ ထို့ကြောင့် အဘွားကြီး ဈေးသွားသောနေ့များတွင် အဘိုးကြီးခမျာ ဈေးမသွားဘဲနှင့် တော်တော်မောရရှာလေသည်။

နည်းပညာတိုးတက်မှုများသည် သူနှင့် ဘာမျှမဆိုင်ဟု သတ်မှတ်ထားသော အဘွားကြီးသည် တစ်ခါတော့ နည်းပညာ၏အကျိုးကို လက်တွေ့ သိရလေသည်။ သူတို့မှာ သားဝယ်ပေးထားသဖြင့် လက်ကိုင်ဖုန်းကလေးတစ်လုံးရှိသည်။ ထိုဈေးထဲမှ ကြက်သားသည်၊ ဝက်သားသည်၊ ငါးစိမ်းသည်၊ ကုန်ခြောက်သည်၊ ကုန်စိမ်းသည်များဆီမှာလည်း လက်ကိုင်ဖုန်းကိုယ်စီရှိကြသည်။ ကိုယ်လိုသော ပစ္စည်းအမျိုးအစား၊ အရေအတွက်နှင့် အချိန်အတွယ်ကို ဈေးသည်များဆီသို့ ဖုန်းဆက်၍ မှာနိုင်သည်။ ထိုပစ္စည်းက ကြိုးနှင့်ဆွဲထားသော ခြင်းတောင်းထဲသို့ရောက်လျှင် အပေါ်ဆွဲတင်လိုက်ရုံသာ။ ပြီးလျှင် ထိုခြင်းနှင့်ပင် ပိုက်ဆံပြန်ချပေးလိုက်ရုံသာ။

သို့သော် မည်သူက ခြင်းတောင်းထဲသို့ တကူးတကလာ၍ ထည့်ပေးမည်နည်း။

ထိုကွက်လပ်ကို ဖြည့်ပေးသူက ဂျမ်းဘုံတို့ မောင်နှမဖြစ်သည်။ အစ်မက ရှစ်တန်း၊ မောင်လေးက ငါးတန်းဖြစ်သည်။ ညနေပိုင်းကျောင်းတက်ပြီး အမေနှင့်အတူ နံနက်ပိုင်းတွင် ကုန်စိမ်းကူရောင်းသည်။ ယခုနောက်ပိုင်းတော့ အဘွားကြီးက ဂျမ်းဘုံဆီ ဖုန်းဆက်ကာ "ကြက်ရင်ပုံလေး တစ်ခြမ်းနဲ့ ချဉ်ပေါင်ရွက်နှစ်စည်း၊ မှျစ်က တစ်ရာဖိုး၊ မုန့်ဟင်းခါး ပဲကြော်နဲ့ နှစ်ပွဲ၊ ရှုံးပတီသီး တစ်ရာဖိုး၊ ဘဲဥ ငါးလုံး" ဟု မှာလိုက်လျှင် မကြာမီ ထိုပစ္စည်းများနှင့်အတူ ဈေးစာရင်းလေးပါ ကြိုးဆွဲခြင်းတောင်းထဲ ရောက်လာသည်။ ခြင်းတောင်းကို ဆွဲတင်ပြီး ဈေးဖိုးနှင့်အတူ ဂျမ်းဘုံအတွက် ပိုက်ဆံနှစ်ရာကိုပါ ပြန်ချပေးလိုက်ရသည်။ အဘွားကြီးလည်း ကျေနပ်၊ ဂျမ်းဘုံလည်း မုန့်ဖိုးရနှင့် နှစ်ဦးနှစ်ဖက်အဆင်ပြေနေကြသည်။ ယခုနောက်ပိုင်း အဘွားကြီးလိုလူတွေ များလာတော့ သူတို့မောင်နှမ လမ်းကို အခါခါကူးပြီး အဝယ်တော်လုပ်ကြရသည်မှာ အားပင်မအားကြရရှာတော့ပေ။ သူတို့၏ စီးပွားရေးလုပ်ငန်းကို ယှဉ်ပြိုင်ပြီး လုယူမည့်သူတွေ ပေါ်လာမှာကိုပင် စိုးရိမ်နေကြရရှာလေသည်။

ယခင်က နံနက်အိပ်ရာနိုးလျှင် အဘွားကြီးက ဆီမီး၊ ရေချမ်းကပ်ပြီး ဘုရားရှိခိုးကာ ဓမ္မစကြာကို ရွတ်ဖတ်ပူဇော်မြဲဖြစ်သည်။ ယခုတော့ သူ့မှာ ဘုရားတရားအလုပ်ကို ဖြောင့်အောင်မလုပ်နိုင်၊ ဂျမ်းဘုံ၏ စီးပွားရေးလုပ်ငန်းက ကောင်းနေတော့ သူများထက်ဦးအောင် ဈေးမှာရန် အရေးကြီးနေသည်။ နောက်ကျသွားလျှင် သားနှင့်မြေးတို့အတွက် ထမင်းမစားမီဘဲ ဖြစ်သွားနိုင်သည်။ ထို့ကြောင့် သူ့ခမျာ မျက်လုံးနှစ်လုံးပွင့်သည်နှင့်–

"ဟဲလို…ဟဲလို…ဂျမ်းဘုံလား…ကြားလား.. ကြားလား ကြားပြီလား…"

**အဘိုးကြီး**

အခါတိုင်းကြားနေကျ ဓမ္မစကြာရွတ်သံကို မကြားရတော့ဘဲ ဟဲလို… ဟဲလို… ကြားပြီလားတွေ ဖြစ်နေတော့ အဘိုးကြီးခမျာ တော်တော်လေး စိတ်ညစ်ရှာလေသည်။ "အဲဒါမျိုးတွေ မကြားချင်လို့ အဘွားကြီးကို ကိုယ်တိုင်ဈေးသွားပါလား" ဟု ပြောရလျှင်လည်း လူသားချင်းမစာနာရာ ကျပေတော့မည်။

သူက အဘွားကြီးထက် ခြောက်နှစ်ကြီးတော့ အသက် ခုနစ်ဆယ်ကျော်ပြီဖြစ်သည်။ အဘွားကြီးနှင့် လုံးဝဆန့်ကျင်ဘက် ပိန်ပိန်ကုန်းကုန်းလေးဖြစ်ပြီး တော်တော်လေး အိုစာရှာသည်။ သူ့ဆံပင်လေး ကျဲတောက်တောက်ကိုကား စိန်မျောက်မျောက်က မကြာခဏဆေးဆိုးပေးရသည်။ ထို့ကြောင့် သူ့တစ်ကိုယ်လုံးနှင့် မလိုက်ဖက်လှစွာ ခြောက်ဆယ့်ခြောက်ချောင်းလောက်သာရှိသော ဆံပင်မွေးလေးများက မည်းမည်းနက်နက်နှင့် ငယ်ရုပ်ဆင်နေလေသည်။ ဆံပင်ဆေးဆိုးပြီးခါစ ဗိုလ်ကေလေးများ အကျအနဖြီးထားလျှင် အဘွားကြီးခမျာ သူ၏ အိမ်ဦးနတ်ကြီးကို ကြည့်၍ရယ်ချင်စိတ်ကို မနည်းကြီး ထိန်းထားရတတ်လေသည်။

"ကြည့်ရတာ ပြောင်ဖြဲဖြဲနဲ့ အချိုးမပြေပါဘူးဟယ်"ဟူ၍လည်း ကျိတ်ပြီး တွေးမိတတ်လေသည်။

အဘိုးကြီးကတော့ အဘွားကြီးကို ကြည့်ရင်း "ဩော်… တော်တော်ကို အိုစာသွားရှာပြီပဲ"ဟု တွေးမိတတ်လေသည်။ အဘွားကြီးအသက်အရွယ် အချို့သော အမျိုးသမီးကြီးများ မိတ်ကပ်လိမ်းဆဲ၊ နှုတ်ခမ်းနီဆိုးဆဲ၊ ဒေါက်ဖိနပ်စီးဆဲဖြစ်သော်လည်း အဘွားကြီးက ရင်ဖုံးအင်္ကျီပွပွကြီးဝတ်ကာ ဆံပင်ကို ဝါးဘီးကြီးနှင့် ပတ်ထားတတ်လေသည်။ ငါးပိအိုး၊ ဆားအိုးများကို ဘေးတွင် ဗုံစီသလို ချရင်း ယောကျ်ားအတွက်၊ သားအတွက်၊ မြေးလေးအတွက် ကောင်းနိုးရာရာလေးများကို စိတ်ပါလက်ပါ ချက်ပြုတ်နေဆဲဖြစ်လေသည်။ ထို့ကြောင့်လည်း သူ့အနားကပ်လျှင် ငါးပိနံ့၊ ငံပြာရည်နံ့၊ ကြက်သွန်နံ့၊ ငါးညှီနံ့တစ်မျိုးမျိုးကို ရှူရှိုက်ရစမြဲပင်။

ဆက်လက်ဖော်ပြပါမည်။

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းဖူးစားပြောင်း ၁၀၁၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဩဂုတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၀၁၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းခရိုင်တွင် ဖူးစားပြောင်း ၇၅၅ ကေ စိုက်ပျိုးရန် လျာထားပြီး ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စစ်ကိုင်းမြို့နယ်တွင် ၈၉၆ ကေ၊ မြင်းမူမြို့နယ်တွင် ၁၂၃ ကေ စုစုပေါင်း ၁၀၁၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ ဖူးစားပြောင်း ကေ ၇၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# တပ်ကုန်းမြို့နယ် မြောက်မြိုက်(နောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဩဂုတ် ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဩဂုတ် ၁ ရက် နံနက်ပိုင်းက မြောက်မြိုက်(နောက်)ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်လင်းထက်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၁၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မြောက်မြိုက်(နောက်) ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူခြောက်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၁၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၁၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သော်ဇင်ထူး**

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးစည်ဖောင်းခြောက်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ ဩဂုတ် ၂**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးစည်ဖောင်းခြောက်ပိဿာချိန် အများအပြား တင်ပို့ရောင်းချ နိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးစည်ဖောင်းခြောက်ပိဿာချိန် ၂၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးစည်ဖောင်းခြောက်ပိဿာချိန် ၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးစည်ဖောင်း ခြောက်များသည် ပင်လယ်ငါးများဖြစ်သည့် ငါးရွှေ၊ နတ်ကတော်ငါး၊ ငါးရောင်၊ ငါးပုတ်သင် စသည့်ငါးများကို ဝမ်းဗိုက်ခွဲပြီး အတွင်းကရရှိသော ငါးစည်ဖောင်းများကို စနစ်တကျ နေပူလှန်းကာ တင်ပို့ရောင်းချခြင်း ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ဒေးဒရဲမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငါးစည်ဖောင်းခြောက်ပိဿာချိန် ၄၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ငါးစည်ဖောင်းခြောက်တွေက လတ်ဆတ်မှုနဲ့ အရွယ်အစားအပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်။ ငါးစည်ဖောင်းခြောက်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှု အားကောင်းလာတာကြောင့် အရောင်းအဝယ် ကောင်းမွန်ခဲ့တာပါ"ဟု ဒေးဒရဲမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးရွှေငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၇၇၀၀၀၊ နတ်ကတော်ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၆၈၀၀၀၊ ငါးရောင် ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀၀ မှ ၄၅၀၀၀၊ ငါးပုတ်သင်ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၇၉၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြန်မာ့မြေနန်း ရွှေရောင်လွှမ်း

\- မောင်မယ်ပေါင်းစု ကြိုးစားမှုဖြင့်
ပြုကြတာဝန် မြဲကျေပွန်သည့်
လူချွန်လူကောင်း အားသစ်လောင်းလျက်
ခညောင်းသရေ အောင်ပွဲစေကာ
မသွေအလှ ထာဝရဖြင့်
မြန်မာ့မြေနန်း ရွှေရောင်လွှမ်းလိမ့်။

\- မသိသူမှား သိသူတား၍
တရားပြည့်ဝ နှလုံးလှကာ
ဘဝများစွာ အလှဖြာဖို့
ကျရာဝန်ထမ်း မပင်ပန်းဘဲ
ရွှင်လန်းပြည်သူ မေတ္တာမူဖြင့်
ကြည်ဖြူဆန္ဒ ပေါင်းစည်းမှုသာ
မြန်မာ့မြေနန်း ရွှေရောင်လွှမ်းလိမ့်။

\- အဖျက်ရန်စွယ် အန္တရာယ်ကို
ကာကွယ်ကြိုးပမ်း ဘေးမသန်းဘဲ
အေးချမ်းအစဉ် လှဂုဏ်အင်ဖြင့်
ချစ်ခင်ညီညာ ပြည်မြန်မာဝယ်
ကြင်နာစိတ်ထား စဉ်ပြန့်ပွားလျက်
တရားထုံမွှမ်း မေတ္တာလွှမ်း၍
ပေးစွမ်းဖေးကူ သွေးစည်းမှုနှင့်
အတူတကွ ကြိုးစားမှကွယ်
မြန်မာ့မြေနန်း ရွှေရောင်လွှမ်းလိမ့်။ ။

**ကိုရွှေတောသား(ဆင်ကူး)**

# နတ်တလင်းမြို့နယ် ကျောင်းကြီးကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နတ်တလင်း ဩဂုတ် ၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောင်းကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF) လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေလွင်စိုး၊ နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်နှင့် ဝန်ထမ်းများက ကျောင်းကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေကျပ် သိန်း ၃၀ ဖြင့် နွားမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျောင်းကြီးကျေးရွာ၌ နွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သော တိုးပွားအဖွဲ့၊ တက်တိုးပွားအဖွဲ့၊ ကြံတိုင်းအောင်အဖွဲ့နှင့် ရွှေအောင်မြင်အဖွဲ့ လေးဖွဲ့ကို ရန်ပုံငွေကျပ် သိန်း ၃၀ ထုတ်ချေးပေးထားကြောင်း နတ်တလင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေလွင်စိုးက ပြောပြ၍ သိရသည်။

**အေးမြတ်**

# ဒုဋ္ဌဝတီမြစ်ကမ်းခြေက ရာဇီတို့ရွာ

သက်နိုင်(ပြင်ဦးလွင်)

အခုတစ်ခေါက်ပူပူနွေးနွေးသွားခဲ့တဲ့ခရီးက ရာဇီတို့ရွာဆိုတဲ့နေရာလေးနဲ့ အခြားနေရာတွေပါ။ ရာဇီတို့ရွာဆိုတဲ့ ရွာလေးက ပြင်ဦးလွင်မြို့နယ်အတွင်း ဒုဋ္ဌဝတီမြစ်ကမ်းဘေးမှာ တည်ရှိနေတာဖြစ်ပါတယ်။ ဒီခရီးစဉ်ကတော့ ယခုနှစ် ဇွန် ၂၈ ရက် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းထွက်တဲ့နေ့က ပျော်ရွှင်ဝမ်းသာမှုတွေကိုယ်စီနဲ့ ဆရာ၊ တပည့်တွေ တွေ့ဆုံကြရင်း သူတို့တစ်တွေက ခရီးတစ်ခုကို လိုက်ပို့ပေးပါ၊ ရာဇီတို့ရွာနဲ့ အခြားနေရာလေးတွေကို သွားချင်ကြတယ်ဆိုတာကြောင့် အားလပ်တဲ့နေ့တစ်နေ့ကို ရွေးချယ်လိုက်ကြပြီး အခုခရီးစဉ်ဖြစ်ပေါ်လာရတာဖြစ်ပါတယ်။

ပြင်ဦးလွင်မြို့ မိမိရဲ့နေအိမ်ကနေ ထွက်ခွာလာတဲ့အချိန်မှာ မိုးကရွာသွန်းနေဆဲဖြစ်သလို မြို့ရဲ့အပြင် အနီးစခန်းကို ရောက်တဲ့ထိ တိတ်သွားခြင်းမရှိသေးပါဘူး။ မနက်စာအဖြစ် မိမိကိုယ်တိုင်ကလဲ ဘာမှမစားရသေး၊ တပည့်ဖြစ်သူတွေကလဲ ဘာမှမစားမသောက်ကြရသေးလို့ အနီးစခန်းက ဆိုင်တစ်ဆိုင်မှာဝင်ရောက်စားသောက်ကြဖို့ စဉ်းစားထားလိုက်ပေမဲ့ အဆက်မပြတ်ရွာသွန်းနေတဲ့မိုးကြောင့် အဆင်မပြေဖြစ်ခဲ့ရတယ်။ ဒါကြောင့်လဲ မိမိရဲ့စိတ်ထဲမှာ အုန်းချောရွာကိုရောက်မှ စားသောက်နေကျဆိုင်ကြီးတစ်ဆိုင်မှာ စားသောက်ကြတော့မယ်ဆိုပြီး ထပ်မံစဉ်းစားထားလိုက်တယ်။

တစ်လမ်းလုံးအဆက်မပြတ်ရွာနေတဲ့မိုးက ပြင်စာရွာကိုရောက်တော့ အနည်းငယ်ရပ်စဲသွားခဲ့သလို (၂၁) မိုင်စခန်းကို ရောက်လာတဲ့အချိန်မှာ ရွာသွန်းခြင်းမရှိတော့ပါဘူး။ ရာသီဥတုအခြေအနေက ပြင်ဦးလွင်မြို့ပေါ်နဲ့(၂၁) မိုင်စခန်းကို ကျော်လွန်သွားတာနဲ့ အလွန်ကွာခြားလာပါတယ်။ နာမည်ကျော် သုံးထပ်ကွေ့နေရာကိုရောက်တော့ သိသိသာသာ ပြောင်းလဲသွားပါပြီ။ ပြင်ဦးလွင်မြို့ပေါ်မှာ မနက်မိုးမလင်းခင်ကတည်းက မြို့အနှံ့အဆက်မပြတ်သဲသဲမဲမဲရွာသွန်းနေတဲ့မိုးက သုံးထပ်ကွေ့နေရာမှာ လုံးဝရွာမထားတာကို တွေ့မြင်နေရတယ်။ မိုင်တိုင်အမှတ်(၁၆) ကိုရောက်တဲ့အခါမှာလဲ မိုးရွာသွန်းထားခြင်းမရှိသလို ပူအိုက်စပြုလာပါတယ်။ မိမိတို့ရဲ့ခရီးစဉ်အရ ရာဇီတို့ရွာကို သွားမယ်ဆိုရင် (၁၆) မိုင်ကနေ ဘယ်ဘက်ကို ချိုးကွေ့မောင်းဝင်သွားပြီး ရဲရွာရေအားလျှပ်စစ်စီမံကိန်း လမ်းအတိုင်းသွားရောက်ကြရမှာပါ။ ဒါကြောင့် မနက်စာစားသောက်ကြဖို့အတွက် စီစဉ်ထားတဲ့ဆိုင်ကြီးနဲ့ လွဲချော်သွားခဲ့ရတယ်။ မိမိတို့အခုရောက်ရှိနေတဲ့နေရာက ကျောက်ချောရွာဖြစ်နေပြီး မနက်စာ စားသောက်ကြဖို့အတွက် ရွေးချယ်ထားတဲ့ဆိုင်ကြီးက အုန်းချောရွာမှာဖြစ်နေတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မနက်စာကို စားသောက်ကြရမှာဖြစ်လို့ ကျောက်ချောရွာအတွင်းမှာပဲ ကောင်းနိုးရာရာဆိုင်တွေကို လိုက်လံရှာဖွေပြီး စားသောက်ကြရတယ်။

မေးမြန်းရှာဖွေရောက်ရှိလာတဲ့ဆိုင်က လက်ဖက်ရည်ဆိုင်တစ်ဆိုင်ပါ။ ဒါပေမဲ့ လက်ဖက်ရည်ဆိုင်မှာ ထပ်တစ်ရာ၊ ပလာတာ၊ အီကြာကွေး၊ စမူဆာ စတဲ့စားစရာတွေလုံးဝမရရှိတော့ဘဲ လက်ဖက်ရည်နဲ့အတူ ရှမ်းခေါက်ဆွဲသာ ရရှိပါတော့တယ်။ ဆိုင်အတွင်းကို ရောက်ရှိနေရာယူကြပြီးလဲဖြစ်သလို နောက်ထပ်ဆိုင်တွေကို ထပ်မံမရှာချင်တော့တာနဲ့ ရတာလေးတွေ၊ ရှိတာလေးတွေကိုပဲ စားကြစို့ဆိုပြီး မှာယူစားသောက်ကြရတယ်။ တောရွာလေးတစ်ရွာမှာရောင်းချနေတဲ့ ရှမ်းခေါက်ဆွဲဆိုပေမဲ့ စားရသောက်ရတာ အဆင်ပြေခဲ့တယ်။ တပည့်လေးတွေအားလုံးကလဲ စားလို့ကောင်းတယ်ဆိုပြီး ကျေနပ်နေကြတယ်။ စားသောက်ပြီးလို့ ငွေရှင်းတဲ့အခါ ထင်မှတ်မထားတဲ့ဈေးနှုန်း တစ်ပွဲမှနှစ်ထောင်ကျပ်သာဖြစ်နေတာကြောင့် ဈေးနှုန်းကလဲ အလွန်သက်သာနေပါတယ်။

မနက်စာ စားသောက်ပြီးကြတာနဲ့ ရှေ့ခရီးကို ဆက်ခဲ့ကြတယ်။ ရာဇီတို့ရွာက ကျောက်ချောရွာကနေ ရဲရွာရေအားလျှပ်စစ်စီမံကိန်းလမ်းအတိုင်း ၁၅ မိုင်ကျော်ကျော်မောင်းနှင်ရမှာပါ။ လမ်းကအရင်ကတည်းက ဖောက်လုပ်ထားတဲ့ကွန်ကရစ်လမ်းကောင်းဖြစ်ပါတယ်။ ဒါပေမဲ့ လမ်းတစ်လျှောက်မှာ



ရာဇီတို့ရွာမှမြင်တွေ့ရသော ဒုဋ္ဌဝတီမြစ်ရှုခင်းကို တွေ့ရစဉ်။

အပန်းဖြေကမ်းခြေတွေနဲ့ ရေပန်းဥယျာဉ်တွေ များပြားလာပြီး လည်ပတ်သွားလာကြသူတွေနဲ့နှစ်ကာလရှည်ကြာလာတာတွေကြောင့် အချို့လမ်းနေရာတွေမှာ အနည်းငယ်ပျက်ယွင်းမှုတွေရှိလာတာကို တွေ့မြင်နေရတယ်။ သုံးမိုင်၊ သုံးမိုင်ခွဲ၊ လေးမိုင်၊ ငါးမိုင်၊ ခြောက်မိုင်၊ ခုနစ်မိုင် စတဲ့အပန်းဖြေကမ်းခြေစခန်းကျော်လာတာနဲ့ လမ်းကအရင်အတိုင်းပြန်ကောင်းလာတယ်။ ကွန်ကရစ်ခင်းလမ်းချော၊ လမ်းကောင်းအတိုင်း ဆက်လက်မောင်းနှင်လာရင်းနဲ့(၁၃) မိုင်နေရာကို ရောက်လာကြတယ်။ ဒီနေရာက ပြင်ဦးလွင်မြို့နယ်အတွင်း မကျည်းအင်းကျေးရွာတည်ရှိနေတဲ့နေရာပါ။ မကျည်းအင်းရွာမှာ နာမည်ကျော် ခိုနန်းရှင်လိုဏ်ဂူတော်ကြီးနဲ့အတူ လျောင်းတော်မူရုပ်ပွားတော်ကြီးတစ်ဆူရှိနေတယ်။ ဒီဂူကြီးရဲ့သမိုင်းနဲ့ရုပ်ပွားတော်ကြီးရဲ့သမိုင်းတွေက များပြားရှည်လျားလှပါတယ်။ ဒ့ါပြင် (၁၃)မိုင်၊ မကျည်းအင်းရွာအနီးမှာ ဒီးဒုတ်ရေပြာအိုင်စခန်းဆိုတာလဲရှိနေတယ်။ ဒီးဒုတ်ရေပြာအိုင်စခန်းက ပြင်ဦးလွင်မြို့နယ်အတွင်း၊ ဒုဋ္ဌဝတီမြစ်ကမ်းဘေးမှာ ပထမဦးဆုံးစတင်ပေါ်ပေါက်ခဲ့တဲ့ အပန်းဖြေစခန်းဖြစ်ပါတယ်။ အခုလက်ရှိအပန်းဖြေစခန်းပေါင်းများစွာ မပေါ်ပေါက်ခင်ကတည်းက ဖြစ်ပေါ်တည်ရှိနေခဲ့တာပါ။ ဒါပေမဲ့ ဒုဋ္ဌဝတီမြစ်ကမ်းတစ်လျှောက်မှာ တစ်မိုင်၊ နှစ်မိုင်၊ သုံးမိုင်ကစပြီး နောက်ထပ်အသစ်တွေလဲဖြစ်၊ ခေတ်မီဆန်းသစ်၊ အဆင့်မြင့်အပန်းဖြေစခန်းကြီးတွေ အမျိုးမျိုးအထွေထွေ ဆင့်ကဲဆင့်ကဲပေါ်ပေါက်လာတာကြောင့် ခရီးမိုင်ဝေးပြီး သဘာဝအလျောက်ဖြစ်ပေါ်နေတဲ့ ဒီးဒုတ်ရေပြာအိုင်စခန်းက အသွားအလာတွေနည်းပါးသွားသလို တိမ်မြုပ်ပျောက်ကွယ်သွားခဲ့ရတယ်။ အခုအချိန်မှာ ဒီးဒုတ်ရေပြာအိုင်ရှိရာကို သွားလာသူတွေလုံးဝမရှိတော့ဘဲ ရေပြာအိုင်ရဲ့ နာမည်သာကျန်ရှိနေပါတော့တယ်။

လူသူကင်းမဲ့ပြီး ခြောက်ကပ်တိတ်ဆိတ်နေတဲ့ ဒီးဒုတ်ရေပြာအိုင်ကို ကျော်လွန်ခဲ့ပြီး မကြာခင်မှာ လမ်းဆုံတစ်ခုကို ရောက်လာခဲ့ကြတယ်။ လမ်းညွှန်ဆိုင်းဘုတ်မှာ ရေးသားဖော်ပြထားချက်အရ ဘယ်ဘက်လမ်းအတိုင်းသွားရင် ရဲရွာရေအားလျှပ်စစ်စီမံကိန်းရှိရာကို ရောက်သွားမှာဖြစ်ပါတယ်။ ညာဘက်လမ်းကိုတော့ ရာဇီတို့ရွာဆိုပြီး ညွှန်ပြထားပါတယ်။ လမ်းညွှန်ပြသထားတဲ့အတိုင်း ညာဘက်လမ်းရှိရာကို ချိုးကွေ့မောင်းနှင်လာပြီး မကြာခင်မှာ လာရောက်လေ့လာလည်ပတ်ကြသူတွေနဲ့ စည်စည်ကားကားဖြစ်နေတဲ့ တံတားကြီးတစ်ခုကို တွေ့မြင်လိုက်ရတယ်။ တံတားပေါ်မှာ အလှဓာတ်ပုံရိုက်နေကြသူတွေ၊ အောက်မှာရှိနေတဲ့ ရေပြင်ကြီးရဲ့အလှကို ကြည့်ရှုနေကြသူတွေနဲ့ တံတားကြီးတစ်ခုလုံး လူတွေအပြည့်ဖြစ်နေတယ်။ ဒါကြောင့်လဲ မိမိရဲ့တပည့်တွေ ဓာတ်ပုံရိုက်ကြရအောင် တံတားထိပ်မှာကားကို ရပ်ပေးလိုက်ရတယ်။ ဒီအချိန်မှာ ရာသီဥတုက ကြည်လင်သာယာနေပြီး မိုးရွာသွန်းခြင်းမရှိတာကြောင့် အားလုံးက ပျော်ပျော်ရွှင်ရွှင်ဖြစ်နေကြတာကို တွေ့မြင်နေရတယ်။ တပည့်ဖြစ်သူတွေက တံတားပေါ်မှာ ဓာတ်ပုံတွေရိုက်၊ ဗီဒီယိုတွေရိုက်ယူပြီးကြတာနဲ့ ရာဇီတို့ရွာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။

တံတားကို ကျော်လွန်လာပြီးတာနဲ့ နောက်ထပ်လမ်းဆုံတစ်ခုကို တွေ့ကြရတယ်။ လမ်းညွှန်ဆိုင်းဘုတ်မှာရေးသားထားချက်အရ ဘယ်ဘက်လမ်းအတိုင်းသွားရင် ကြောင်စာရွာကို ရောက်ရှိသွားမှာဖြစ်ပြီး ညာဘက်လမ်းကို ချိုးကွေ့သွားမယ်ဆိုရင် ရာဇီတို့ရွာကို ရောက်ရှိသွားမှာဖြစ်ပါတယ်။ ဘယ်ဘက်လမ်းအတိုင်း မောင်းနှင်သွားရင်ရောက်ရှိသွားမဲ့ ကြောင်စာရွာဆိုတာက ပြင်ဦးလွင်မြို့သမိုင်းမှာ ပါဝင်နေတဲ့ရွာတစ်ရွာဖြစ်ပါတယ်။ ဒ့ါပြင် ကြောင်စာရွာရဲ့ အနီးအနားမှာ မန်းရွာဆိုတာလဲ တည်ရှိနေပါသေးတယ်။ မန်းရွာဆိုတာကတော့ မိဖုရားစောမွန်လှနေမကောင်းဖြစ်နေတာကြောင့် မန်းရေမန်းဆေး သောက်ခဲ့ရတဲ့နေရာပါ။ ရွာဖြစ်လာတဲ့အခါ မန်းရွာဆိုပြီး အမည်တွင်သွားခဲ့ရတယ်။ လက်ရှိနာမည်ကျော် ရဲရွာဆိုတာကလဲ မိဖုရားစောမွန်လှနဲ့ပတ်သက်နေပါသေးတယ်။ မိဖုရားစောမွန်လှက ပုဂံပြည်ကနေ ပြန်လာခဲ့ရင်း ဒီနေရာ ဒီဒေသအရောက်မှာ မိမိရဲ့ဇာတိရှမ်းပြည်အတွင်းကို ဝင်ရောက်လာပြီဖြစ်တာကြောင့် မိမိရဲ့အိမ်၊ မိမိရဲ့ဆွေမျိုးတွေနဲ့ ပိုမိုနီးကပ်လာပြီဖြစ်တာကြောင့် စိတ်ဓာတ်ခွန်အားတွေတက်ကြွလာပြီး ကြောက်တဲ့စိတ်တွေ ပျောက်သွားခဲ့ရသလို ရဲရဲဝံ့ဝံ့ဖြစ်လာခဲ့ရတယ်လို့ ဆိုပါတယ်။ နောက်ပိုင်းကာလတွေ ရွာဖြစ်လာတဲ့အခါ ရဲရွာဆိုပြီး ခေါ်လာခဲ့ကြတာ အခုရဲရွာက လူသိများထင်ရှားတဲ့ ရွာကြီးတစ်ရွာဖြစ်နေပါပြီ။ ဒါပေမဲ့ နယ်နိမိတ်သတ်မှတ်ချက်အရ ရဲရွာက ပြင်ဦးလွင်မြို့နယ်အတွင်းမှာ မဟုတ်ဘဲ ကျောက်ဆည်မြို့နယ်အတွင်းမှာ ပါဝင်နေပါတယ်။ ပြင်ဦးလွင်မြို့နယ်နဲ့ ကျောက်ဆည်မြို့နယ်ကို ဒုဋ္ဌဝတီမြစ် ခေါ် မြစ်ငယ်မြစ်နဲ့ နယ်နိမိတ်ပိုင်းခြားထားတာပါ။ ကျောက်ဆည်မြို့နယ်အတွင်းမှာ ဇော်ဂျီ၊ ပန်းလောင် စတဲ့နာမည်ကျော်မြစ်တွေ ထပ်မံရှိနေကြသေးပေမဲ့ ပြင်ဦးလွင်မြို့နယ်အတွင်းမှာ နောက်ထပ်ဘာမြစ်မှမရှိတော့ပါဘူး။

လမ်းညွှန်ဆိုင်းဘုတ်အတိုင်း ညာဘက်ကို ချိုးကွေ့မောင်းလာရင်းနဲ့ အချိန်အနည်းငယ်လေးအတွင်းမှာရာဇီတို့ရွာအဝင်ကိုရောက်လာခဲ့ကြတယ်။ ရွာထိပ်ကို ဖြတ်ကျော်လိုက်တာနဲ့တောင်ပေါ်တက်လမ်းဆိုတဲ့ ဆိုင်းဘုတ်လေးနဲ့အတူ တောင်တက်လှေကားလေးတွေကိုလဲ တွေ့မြင်လိုက်ရတယ်။ ကြားသိထားရတဲ့ သတင်းစကားတွေအရ တောင်ပေါ်ကို တက်မယ်ဆိုရင် အတက်(၁၅)မိနစ်၊ အဆင်း(၁၅) မိနစ်လောက်ကြာတယ်ဆိုတာပါ။ တောင်ရဲ့အမြင့်က ပေ ၂၀၀ ဝန်းကျင်လောက်ရှိပြီး တောင်ပေါ်ကနေ သဘာဝရှုခင်းတွေကို လှလှပပ သာသာယာယာ တွေ့မြင်နိုင်တယ်လို့ သိထားရတယ်၊ အလှဆုံးကတော့ ဒုဋ္ဌဝတီမြစ်ကြီးဖြစ်ကြောင်း ဆိုထားကြတယ်။ အခြေအနေအရ တောင်ပေါ်ကိုတက်ဖြစ်မယ်၊ မတက်ဖြစ်ဘူးဆိုတာကို သေသေချာချာမသိရသေးပါဘူး။

တောင်တက်လမ်းနေရာကို ကျော်လွန်လာပြီးတာနဲ့နောက်ထပ်လမ်းဆုံတစ်ခုကိုရောက်လာပြန်တယ်။ ဒီလမ်းဆုံကနေ ဘယ်ဘက်ကို မောင်းနှင်သွားရင် ကြောင်စာရွာအတွင်းကို ရောက်ရှိသွားမှာပါ။ အခုလမ်းဆုံနေရာမှာကတည်းက လူနေအိမ်လေးတွေ၊ ဈေးဆိုင်လေးတွေကို တွေ့မြင်နေရပါပြီ။ မိမိတို့ဆရာ၊ တပည့်တွေက ဒုဋ္ဌဝတီကမ်းခြေရှိရာကို သွားကြရမှာဖြစ်လို့ ညာဘက်လမ်းအတိုင်း မောင်းလာခဲ့ရတယ်။ ဒုဋ္ဌဝတီမြစ်ကမ်းရှိတဲ့နေရာကို သွားကြရမှာဖြစ်တဲ့အတွက်ကြောင့်လဲ လမ်းအခြေအနေက ကုန်းဆင်းဆင်ခြေလျှောဖြစ်နေတယ်။ ဒီဆင်ခြေလျှောနေရာလမ်းကျဉ်းမှာ ဝါးလုံးရှည်တစ်လုံးနဲ့ ပြုလုပ်ထားတဲ့မောင်းတံဂိတ်တစ်ခုရှိနေတယ်။ မောင်းတံဂိတ်က လုံခြုံရေးစခန်းဂိတ်တစ်ခုမဟုတ်ဘဲ ဒေသခံကျေးရွာသူ၊ ကျေးရွာသားတွေပြုလုပ်ထားတဲ့ ကမ်းခြေအဝင်အထွက် ဂိတ်တစ်ခုသာဖြစ်နေတယ်။ ဂိတ်ဆိုတဲ့အတိုင်း ငွေကြေးကောက်ခံတာဖြစ်တဲ့အတွက် ဒီဂိတ်မှာကမ်းခြေဝင်ခ ငါးထောင်ကျပ်ပေးဆောင်ခဲ့ရတယ်။ ဂိတ်ကိုကျော်လွန်ပြီးမှ ကမ်းခြေကို ရောက်လာခဲ့ကြတယ်။

ဒုဋ္ဌဝတီမြစ်ကမ်းတစ်လျှောက်မှာ ကားရပ်စရာတွေ အများအပြားရှိနေသလို လာရောက်အပန်းဖြေလည်ပတ်ကြတဲ့ ကားတွေရပ်နားထားကြတာကိုလဲ တွေ့မြင်နေရတယ်။ ကားရပ်နားစခန်းကို ရောက်တာနဲ့ကားရပ်စရာနေရာကို ထွေထွေထူးထူး ရှာဖွေနေစရာမလိုဘဲ ဒေသခံဈေးဆိုင်လေးတွေက ဒီမှာရပ်ပါ၊ ဒီနေရာမှာရပ်လို့ရပါတယ်ဆိုပြီး လက်ပြခေါ်ယူနေကြတာကြောင့် အဆင်ပြေတဲ့နေရာတစ်ခုမှာ ကားကိုရပ်နားလိုက်ရတယ်။ ဒုဋ္ဌဝတီမြစ်ကမ်းခြေ ရာဇီတို့ရွာစခန်းကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့ကြပါပြီ။ ရေဆော့ကစားကြရင်း၊ အပန်းဖြေလိုက်ကြပါအုံးမယ်။

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၀၇၉၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဒီပဲယင်း သြဂုတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၀၇၉၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၀၃၉၇ ကေစိုက်ပျိုးရန်လျာထားပြီး အဆိုပါ စပါးစိုက်ပျိုးမှုကို ယခုနှစ် ဇူလိုင်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၇၉၂ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ စပါး ၁၂၀၃၉၇ ကေစိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့မှာတော့ ၁၀၇၉၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးမယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးပါတယ်"ဟု ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင်ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကြံခင်းမြို့နယ် သောကြာဒူးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြံခင်း သြဂုတ် ၂**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သောကြာဒူးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို သြဂုတ် ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မူမူသင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံကာ VRFP စီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်း အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး VRFP စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၄ ဒသမ ၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် VRFP စီမံကိန်းကော်မတီဝင်များက သောကြာဒူးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၄ ဦးကို ငွေကျပ် ၃၇ ဒသမ ၉၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၄ ဒသမ ၆၅ သန်း၊ အရောင်းအဝယ်လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၁ ဦးကို VRFP စီမံကိန်းရန်ပုံငွေကျပ် ၄၄ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သံသာ

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၄၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း သြဂုတ် ၂**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၄၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် လယ်ယာထွက်ကုန်နှင့် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရွှေရည်က ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၃၈၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၄၃၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ဗိုလ်ကိတ်ပဲများကို လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များက ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

"ညောင်တုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပြီးခဲ့တဲ့ တစ်လအတွင်းက ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၄၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ဒေသထွက် ဗိုလ်ကိတ်ပဲတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဗိုလ်ကိတ်ပဲတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းလာပါတယ်။ ရန်ကုန်ဈေးကွက်ကို ဗိုလ်ကိတ်ပဲတွေ တင်ပို့ကုန်တက်လာတော့ ပွဲရုံပိုင်ရှင်တွေအပြင် လုပ်သားတွေပါ လုပ်ငန်းအဆင်ပြေနေပါတယ်"ဟု ညောင်တုန်းမြို့နယ် လယ်ယာထွက်ကုန်နှင့် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရွှေရည်က ပြောပြသည်။



ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ဗိုလ်ကိတ်ပဲများ ဈေးကောင်းရရှိခြင်းကြောင့် တောင်သူများ၊ လယ်ယာထွက်ကုန်နှင့် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်ကိုင် အဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဇီးကုန်းမြို့နယ် ကံဇင်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဇီးကုန်း သြဂုတ် ၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံဇင်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သြဂုတ် ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ ကံဇင်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများပြည့်စုံမှုရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဇီးကုန်းမြို့နယ် ကံဇင်းကြီးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၂၇ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦးကို ငွေကျပ် ၂၄ ဒသမ ၄၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၂ ဒသမ ၀၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ချိုလေး



# ထန်းတပင်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ထန်းတပင် သြဂုတ် ၂**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဲပလီကျေးရွာနှင့် တရုတ်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကိုသြဂုတ် ၁ ရက် နံနက်ပိုင်းက မဲပလီကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ထန်းတပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချိုမီအေးက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်များ အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များ၊ ကျေးရွာမှ ပူးပေါင်း ဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသော မဲပလီကျေးရွာနှင့် တရုတ်စုကျေးရွာမှ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်ခုနစ်ဦးကို ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်

# ဆန်းသစ်တီထွင်မှုနှင့် စက်ရုပ်နည်းပညာများမှတစ်ဆင့် ဂျပန်နိုင်ငံ၏ AI ဖွံ့ဖြိုးတိုးတက်မှု

ဂျပန်နိုင်ငံသည် ၎င်း၏ ကမ္ဘာကျော် စက်ရုပ်နှင့် ထုတ်လုပ်ရေးဆိုင်ရာကျွမ်းကျင်မှုကို တီထွင်ဖန်တီးနိုင်သော AI ကွန်ပျူတာအခြေခံအဆောက်အအုံနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုတို့တွင် သိသာထင်ရှားသော ရင်းနှီးမြှုပ်နှံမှုများနှင့် ပေါင်းစပ်ကာ ၎င်း၏ ဉာဏ်ရည်တု (AI) မဟာဗျူဟာကို ပုံဖော်လျက်ရှိသည်။

ဉာဏ်ရည်တု (AI) သည် ၂၁ ရာစုတွင်တိုးတက်လာသောနည်းပညာတစ်ခုဖြစ်လာပြီး ကျန်းမာရေးစောင့်ရှောက်မှုနှင့် ထုတ်လုပ်ရေးမှသည် ဘဏ္ဍာရေးနှင့် သယ်ယူပို့ဆောင်ရေးထိ အမျိုးမျိုးသော စက်မှုလုပ်ငန်းများကို ပြောင်းလဲစေခဲ့သည်။ အမေရိကန်ပြည်ထောင်စုနှင့် တရုတ်ကဲ့သို့သော နိုင်ငံများသည် ကမ္ဘာလုံးဆိုင်ရာ AI အခင်းအကျင်းကို လွှမ်းမိုးထားသော်လည်း ဂျပန်နိုင်ငံသည် ရိုဘော့တစ်၊ တိကျသော ထုတ်လုပ်မှုနှင့် အဆင့်မြင့်ကွန်ပျူတာ အခြေခံအဆောက်အအုံများတွင် ၎င်း၏ အားသာချက်များကို အသုံးချခြင်းဖြင့် ဦးဆောင်တီထွင်သူအဖြစ် နေရာယူလျက်ရှိသည်။ ဂျပန်ပြင်ပကုန်သွယ်ရေးအဖွဲ့အစည်း (JETRO) ၏ အဆိုအရ ဂျပန်နိုင်ငံ၏ ပြည်တွင်းထုတ်လုပ်နိုင်သော AI ဈေးကွက်သည် ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၈၀ သန်းမှ ၂၀၃၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇၄ ဘီလီယံ ထိ တိုးတက်လာမည်ဟု ခန့်မှန်းထားသည်။

ဤအသွင်ပြောင်းလဲမှုကို ပံ့ပိုးရန်အတွက် ဂျပန်အစိုးရသည် ကွန်ပျူတာအရင်းအမြစ်များ၊ AI-Ready စက်မှုလုပ်ငန်းဒေတာနှင့် ရိုဘော့တစ်အခြေခံပုံစံများတွင် ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် ပြည်တွင်း AI ဖွံ့ဖြိုးတိုးတက်မှုကို အားကောင်းစေရန် တီထွင်ဖန်တီးနိုင်သော AI အရှိန်မြှင့်စိန်ခေါ်မှုကို စတင်ခဲ့သည်။ တစ်ချိန်တည်းမှာပင် Nvidia ကုမ္ပဏီကဲ့သို့သော ကမ္ဘာလုံးဆိုင်ရာ နည်းပညာခေါင်းဆောင်များနှင့် မဟာဗျူဟာမြောက်ပူးပေါင်း ဆောင်ရွက်မှုများသည် ဉာဏ်ရည်ထက်မြက်သော ရိုဘော့တစ်များနှင့် အမျိုးသား AI အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်တင်ပေးနေသည်။ ဤအစီအစဉ်များသည် အလုပ်သမားရှားပါးမှု၊ အိုမင်းလာသောလူဦးရေများပြားလာမှုနှင့် စက်မှုထုတ်လုပ်မှုကဲ့သို့သော စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းနိုင်သည့် လုံခြုံသော၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသော၊ ဆန်းသစ်တီထွင်မှုအခြေပြု AI ဂေဟစနစ်တစ်ခု တည်ဆောက်ရန် ဂျပန်၏ကြိုးပမ်းဆောင်ရွက်မှုကို ပြသနေသည်။

**AI ဦးဆောင်မှုအတွက် အမျိုးသားမဟာဗျူဟာ**

ဂျပန်အစိုးရသည် AI ကို နိုင်ငံ၏အနာဂတ် စီးပွားရေးယှဉ်ပြိုင်နိုင်စွမ်းနှင့် အမျိုးသားပြန်လည်ထူထောင်ရေးအတွက် မရှိမဖြစ်လိုအပ်သော မဟာဗျူဟာမြောက်နည်းပညာတစ်ခုအဖြစ် ရှုမြင်သည်။ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ စွမ်းအင်သစ်နှင့် စက်မှုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှတစ်ဆင့် ဂျပန်နိုင်ငံသည် တီထွင်ဖန်တီးနိုင်သော AI အရှိန်မြှင့်စိန်ခေါ်မှုကို စတင်ခဲ့သည်။ ပြည်တွင်းအခြေခံပုံစံများနှင့် AI အပလီကေးရှင်းများ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်တင်ရန် ဤအစီအစဉ်သည် ရန်ပုံငွေ၊ ကွန်ပျူတာအရင်းအမြစ်များနှင့် သုတေသနပံ့ပိုးမှုများကို ပံ့ပိုးပေးသည်။

ထို့ပြင် စားသုံးသူ Chatbot များကိုသာ အာရုံစိုက်မည့်အစား GENIAC သည် စက်မှုနှင့် ထုတ်လုပ်မှုဒေတာများကို အသင့်ဖြစ်အောင် အလေးပေးလုပ်ဆောင်ပြီး ကုမ္ပဏီများကို အရည်အသွေးမြင့် ဒိုမိန်း-သီးသန့်ဒေတာစုများ အသုံးပြု၍ AI စနစ်များကို တည်ဆောက်နိုင်သည်။ ဤအစီအစဉ်သည် ထုတ်လုပ်မှု၊ ထောက်ပံ့ပို့ဆောင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အများပြည်သူဝန်ဆောင်မှုများတစ်လျှောက်တွင် ဉာဏ်ရည်ထက်မြက်သောစက်များကို စွမ်းအားပေးနိုင်သော ရိုဘော့တစ်အခြေခံပုံစံများကိုလည်း ပံ့ပိုးပေးသည်။

**စက်ရုပ်ပညာ-ဂျပန်၏ ယှဉ်ပြိုင်နိုင်စွမ်းအားသာချက်**

ဂျပန်နိုင်ငံသည် စက်မှုလုပ်ငန်းသုံး စက်ရုပ်ပညာတွင် ကမ္ဘာ့ဦးဆောင်နိုင်ငံတစ်ခုအနေဖြင့် ကြာမြင့်စွာကတည်းကရှိနေခဲ့သည်။ Fanuc၊ Yaskawa Electric၊ Kawasaki Heavy Industries နှင့် Fujitsu ကဲ့သို့သော ကုမ္ပဏီများသည် စက်ရုံအလိုအလျောက်စနစ်နှင့် တိကျစွာထုတ်လုပ်ခြင်းတွင် ဆယ်စုနှစ်များစွာ အတွေ့အကြုံရှိသည်။ ယနေ့ခေတ်တွင် ဤအားသာချက်များကို အဆင့်မြင့် AI နှင့် ပေါင်းစပ်ပြီး အလိုအလျောက် စက်ရုပ်မျိုးဆက်သစ်တစ်ခုကို ဖန်တီးလျက်ရှိသည်။




ဂျပန်စက်ရုပ်ကုမ္ပဏီများစွာနှင့် Nvidia ကုမ္ပဏီ၏ ပူးပေါင်းဆောင်ရွက်မှုသည် အဓိက မှတ်တိုင်တစ်ခု ရောက်ရှိလာခဲ့သည်။ ဤပူးပေါင်းဆောင်ရွက်မှုသည် စက်ရုပ်များအား ၎င်းတို့၏ပတ်ဝန်းကျင်ကို နားလည်နိုင်စေမည့်၊ အတွေ့အကြုံမှ သင်ယူနိုင်စေမည့်၊ လူသားများနှင့် ဘေးကင်းစွာ အပြန်အလှန် ဆက်ဆံနိုင်စေမည့် ရုပ်ပိုင်းဆိုင်ရာ AI စနစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို အာရုံစိုက်သည်။ ဤဉာဏ်ရည်ထက်မြက်သော စက်ရုပ်များသည် စက်ရုံများ၊ ဆေးရုံများ၊ ဂိုဒေါင်များနှင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဌာနများတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ရန်မျှော်လင့်ထားသည်။

**AI အခြေခံအဆောက်အအုံတွင် ရင်းနှီးမြှုပ်နှံခြင်း**

အဆင့်မြင့် AI သည် ကြီးမားသော ကွန်ပျူတာစွမ်းအားလိုအပ်ကြောင်း အသိအမှတ်ပြုသည့်အနေဖြင့် ဂျပန်နိုင်ငံသည် AI အခြေခံအဆောက်အအုံတွင် သိသာထင်ရှားသော ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နေသည်။ အစိုးရက ကျောထောက်နောက်ခံပြုထားသော Noetra ဟုလူသိများသော ယာယီပူးပေါင်းဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုကို Sony၊ SoftBank၊ Hondaနှင့် NECအပါအဝင် ကုမ္ပဏီများမှ ပံ့ပိုးထားပြီး ကမ္ဘာ့အကြီးဆုံး AI ကွန်ပျူတာ အဆောက်အအုံတစ်ခုကို တည်ဆောက်ရန် စီစဉ်ထားသည်။

ဤစီမံကိန်းသည် ကြီးမားသော အခြေခံပုံစံများကို လေ့ကျင့်ပေးနိုင်သော အမျိုးသားအဆင့် AI ပလက်ဖောင်းတစ်ခုဖန်တီးရန်အတွက် နောက်မျိုးဆက် Nvidia Rubin AI ချစ်ပ် ၂၇၅၀၀ ခန့်ကို အသုံးပြုမည်ဖြစ်သည်။ လမ်းပြမြေပုံတွင် ကျိုးကြောင်းဆင်ခြင်ခြင်း AI မော်ဒယ်များ၊ ဘက်စုံ AI စနစ်များနှင့် နောက်ဆုံးတွင် လက်တွေ့ကမ္ဘာနှင့် နားလည်ပြီး အပြန်အလှန်ဆက်သွယ်နိုင်သော ခေတ်မီဆန်းပြားသော ရုပ်ပိုင်းဆိုင်ရာ AI များဖွံ့ဖြိုးတိုးတက်ရေးပါဝင်သည်။ ဤရင်းနှီးမြှုပ်နှံမှုသည် အရေးပါသောစက်မှုနှင့် အစိုးရဒေတာများအတွက် လုံခြုံသော ပြည်တွင်းဂေဟစနစ်တစ်ခု ဖန်တီးနေသည်။

**အမျိုးသားအဆင့်စိန်ခေါ်မှုများကို ဖြေရှင်းခြင်း**

ဂျပန်၏ AI မဟာဗျူဟာကို နည်းပညာဆိုင်ရာ ရည်မှန်းချက်ဖြင့်သာမက လူဦးရေဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများကိုလည်း ဖိအားပေးနေသည်။ နိုင်ငံ၏ လူဦးရေအိုမင်းသူများပြားလာခြင်း၊ မွေးဖွားနှုန်းကျဆင်းခြင်းနှင့် အလုပ်သမားရှားပါးမှု အဆက်မပြတ်ဖြစ်ပေါ်နေခြင်းသည် ကဏ္ဍများစွာတွင် ထုတ်လုပ်မှုကို ခြိမ်းခြောက်နေသည်။

ထို့ကြောင့် AI စွမ်းအင်သုံး အလိုအလျောက်စနစ်သည် အဆင့်မြင့်ထုတ်လုပ်မှုကို ပံ့ပိုးပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပညာရှင်များကို ကူညီပေးခြင်း၊ သက်ကြီးရွယ်အိုစောင့်ရှောက်မှုကို တိုးတက်စေခြင်း၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေးကို မြှင့်တင်ခြင်း၊ ဘေးအန္တရာယ်တုံ့ပြန်မှုကို အားကောင်းစေခြင်း၊ စက်မှုလုပ်ငန်းများတွင် ထုတ်လုပ်မှုကို တိုးမြှင့်ခြင်း တို့သည်လက်တွေ့ကျသော ဖြေရှင်းချက်များကိုပေးနိုင်သည်။

AI ကို စက်ရုပ်များနှင့် ပေါင်းစပ်ခြင်းဖြင့် ဂျပန်နိုင်ငံသည် အလုပ်သမားအင်အား လျော့နည်းလာသော်လည်း စီးပွားရေးတိုးတက်မှုကို ထိန်းသိမ်းရန် မျှော်လင့်ထားသည်။

**အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု**

ဂျပန်၏ AI မဟာဗျူဟာ အဓိကဝိသေသလက္ခဏာတစ်ခုမှာ အစိုးရ၊ စက်မှုလုပ်ငန်းနှင့် သုတေသနအဖွဲ့အစည်းများကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုဖြစ်သည်။ အစိုးရအေဂျင်စီများသည် ရန်ပုံငွေ၊ ကွန်ပျူတာအခြေခံအဆောက်အအုံနှင့် ရေရှည်မူဝါဒပံ့ပိုးမှုများကို ပံ့ပိုးပေးပြီး ပုဂ္ဂလိကကုမ္ပဏီများသည် တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၊ ရိုဘော့တစ်များ၊ ဆော့ဖ်ဝဲနှင့် ထုတ်လုပ်ရေးတို့တွင် ကျွမ်းကျင်မှုကို ပံ့ပိုးပေးသည်။ တက္ကသိုလ်များ နှင့် သုတေသနအဖွဲ့အစည်းများသည် AI သုတေသနနှင့် အလုပ်သမားအင်အား ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် ဂေဟစနစ်ကို ပိုမိုအားကောင်းစေသည်။

**စိန်ခေါ်မှုများ**

သိသာထင်ရှားသော တိုးတက်မှုများရှိသော်လည်း ဂျပန်နိုင်ငံသည် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။ ဂျပန်နိုင်ငံသည် ၎င်း၏ AI စွမ်းရည်များကို အလျင်အမြန်တိုးချဲ့ရန် လိုအပ်နေသည်။ ကြီးမားသော AI ဒေတာစင်တာများ တည်ဆောက်ခြင်းနှင့် ဆောင်ရွက်လည်ပတ်ခြင်းသည် သိသာထင်ရှားသော ငွေကြေးရင်းနှီးမြှုပ်နှံမှုနှင့် စွမ်းအင်အရင်းအမြစ်များ လိုအပ်သည်။ တစ်ချိန်တည်းမှာပင် ဂျပန်နိုင်ငံသည် ရေရှည်တိုးတက်မှုကို ပံ့ပိုးရန်အတွက် AI သုတေသီများ၊ အင်ဂျင်နီယာများနှင့် ကျွမ်းကျင်သော ပညာရှင်များကို ပိုမိုများပြားစွာ ပြုစုပျိုးထောင်ရမည်ဖြစ်သည်။

**ရှေ့သို့မြော်ကြည့်ခြင်း**

ဂျပန်၏ AI မဟာဗျူဟာသည် ဘာသာစကားပုံစံများ ဖွံ့ဖြိုးတိုးတက်ရေးထက် ကျော်လွန်သော ရေရှည်အမြင်ကို ထင်ဟပ်စေသည်။ တီထွင်ဖန်တီးနိုင်သော AI၊ ရိုဘော့တစ်၊ အဆင့်မြင့်ထုတ်လုပ်မှုနှင့် အချုပ်အခြာအာဏာပိုင် ကွန်ပျူတာအခြေခံအဆောက်အအုံများကို ပေါင်းစပ်ခြင်းဖြင့် နိုင်ငံသည် စက်မှုလုပ်ငန်းယှဉ်ပြိုင်နိုင်စွမ်း ကောင်းစေပြီး လက်တွေ့ကမ္ဘာ့ပြဿနာများကို ဖြေရှင်းပေးသည့် AI စနစ်များကို ဖန်တီးရန်ရည်ရွယ်ထားသည်။

ဂျပန်နိုင်ငံ၏ AI မဟာဗျူဟာသည် အစိုးရမူဝါဒ၊ စက်မှုလုပ်ငန်းကျွမ်းကျင်မှုနှင့် နည်းပညာဆန်းသစ်တီထွင်မှုများကို ပေါင်းစပ်ထားသည့် ပြည့်စုံပြီး ရှေ့ကိုမြော်ကြည့်သော ချဉ်းကပ်မှုကို ကိုယ်စားပြုသည်။ စားသုံးသူများနှင့် ရင်ဆိုင်ရသော AI အပလီကေးရှင်းများတွင်သာ ယှဉ်ပြိုင်မည့်အစား ဂျပန်နိုင်ငံသည် စက်ရုံများ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် အများပြည်သူဆိုင်ရာ အခြေခံအဆောက်အအုံများကို ပြောင်းလဲနိုင်သော ဉာဏ်ရည်ထက်မြက်သော စနစ်များကို တီထွင်ရန် စက်ရုပ်နှင့် ထုတ်လုပ်ရေးတွင် ၎င်း၏ကမ္ဘာလုံးဆိုင်ရာ ဦးဆောင်မှုကို အသုံးချနေသည်။

သို့ဖြစ်ရာကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်မှု၊ မြင့်မားသော အခြေခံအဆောက်အအုံ ကုန်ကျစရိတ်များနှင့် ပိုမိုကြီးမားသော AI ပညာရှင်များ လိုအပ်ချက် အပါအဝင် စိန်ခေါ်မှုများရှိနေသည်။ သို့သော်လည်း ဂျပန်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုများသည် စက်မှုနှင့် ရုပ်ပိုင်းဆိုင်ရာ AI တွင် ပေါ်ထွက်လာသော ဦးဆောင်သူအဖြစ် ရပ်တည်စေသည်။ အဆင့်မြင့် စက်ရုပ်များကို တီထွင်ဖန်တီးနိုင်သော AI နှင့် ကွန်ပျူတာတို့ကို ပေါင်းစပ်ခြင်းဖြင့် ဂျပန်နိုင်ငံသည် စီးပွားရေးယှဉ်ပြိုင်မှုနှင့် လူမှုရေးလိုအပ်ချက် နှစ်မျိုးလုံးကို ကိုင်တွယ်ဖြေရှင်းသည့် ထူးခြားသော AI ဖွံ့ဖြိုးတိုးတက်မှုပုံစံကို ဖန်တီးနေသည်။ ဤအစီအစဉ်များ ရင့်ကျက်လာသည်နှင့်အမျှ ဂျပန်သည် နောက်မျိုးဆက် ဉာဏ်ရည်တုတွင် ကမ္ဘာ့ဦးဆောင် တီထွင်သည့် နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်လာရန် အနေအထားကောင်းတွင်ရှိနေကြောင်း တင်ပြလိုက်ပါသည်။

**ကိုးကား**


1. Ministry of Economy, Trade and Industry (METI). (2026). Selection of Nine R&D Themes Under the GENIAC Project to Strengthen Generative AI Development Capabilities.
2. Reuters. (2026, July 16). Nvidia partners with Japan robotics firms on AI development.


မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

# သတိပြုဖွယ်ရာ အရက်စွဲရောဂါ

ပေါက်ပေါက်

အရက်စွဲရောဂါကို အင်္ဂလိပ်လို Alcoholism ဟုခေါ်ပြီး ဆေးပညာအရ Alcohol Use Disorder (AUD) ဟုခေါ်သည်။

အရက်စွဲရောဂါဖြစ်ပေါ်ရသော အကြောင်းအမျိုးမျိုးရှိသည်။ မျိုးရိုးလိုက်ပုံစနစ်ကို အတိအကျမသိရသေးသော်လည်း လေ့လာမှုများအရ အရက်စွဲသူများ၏ ဖခင်များတွင် ၅၀ ရာခိုင်နှုန်း၊ ညီအစ်ကိုများတွင် ၃၀ ရာခိုင်နှုန်းထိ အရက်စွဲမှုဖြစ်ပွားကြောင်းတွေ့ရသည်။ အမြွှာပူးများတွင်လည်း ဖြစ်ပွားနှုန်းများပြားသည်။

အရက်စွဲသူများသည် ငယ်စဉ်ကလေးဘဝတွင် လွန်စွာကြမ်းကြမ်းတမ်းတမ်းပြုလိုမှု၊ အလွန်လှုပ်ရှား၍ဂနာမငြိမ်မှု၊ သိမ်ငယ်သောစိတ်ရှိမှုစသောစရိုက်များရှိခဲ့ကြောင်း သုတေသီများကဆိုသည်။ အသက်ငယ်ငယ်တွင်အရက်စွဲခြင်းကိုဖြစ်ပေါ်ခံစားရသူများသည် အများအားဖြင့် အသိုင်းအဝိုင်းကို ဆန့်ကျင်လိုသောစရိုက်အပြုအမူများရှိကြောင်းတွေ့ရသည်။ အကြောင်းအမျိုးမျိုးကြောင့် အရက်စွဲတတ်သည်။

ဘာသာရေးအရ ကန့်သတ်ပိတ်ပင်မှုများသောလူမှုအသိုင်းအဝိုင်းတွင် အရက်စွဲသူနည်းသည်။ အရက်သောက်ခြင်းကိုယဉ်ကျေးမှုအရအားပေးသော၊ ခွင့်ပြုသောအသိုင်းအဝိုင်းတွင် အရက်စွဲသူများပြားသည်။

မိသားစုဝင်အချင်းချင်း မသင့်မတင့်မှုများ၊ သဘောထားကွဲပြားမှုများနှင့် မိဘအရက်သောက်ခြင်း၊ အရက်စွဲခြင်းများကို အရက်စွဲဝေဒနာရှင်မိသားစုများ၌ တွေ့ရတတ်သည်။

အရက်စွဲခြင်းကို ဘဝဖြစ်စဉ်ပြောင်းလဲချိန်၊ အကျပ်အတည်း အခက်အခဲတွေ့ချိန်၊ လောကဓံရိုက်ခတ်မှု ခံစားရချိန်တို့၌တွေ့ရလေ့ရှိသည်။ ဥပမာ အိမ်ထောင်ရေးပြဿနာများ၊ အလုပ်အကိုင်မရှိခြင်း၊ အိမ်ထောင်ဖက်ဆုံးရှုံးခြင်း၊ မိဘဆွေမျိုးသားချင်းများဆုံးရှုံးခြင်း၊ စီးပွားရေးကျဆင်းခြင်း စသည့်အခြေအနေများတွင်ခံနိုင်ရည်မရှိဘဲ စိတ်သက်သာရာရှာသည့်အနေနှင့် အရက်အလွန်အကျွံသောက်သုံးသွားတတ်သည်။


နာတာရှည်ပူပန်သောကရောဂါ၊ စိတ်ကြွရောဂါ၊ စိတ်ကျရောဂါ၊ဆေးစွဲသူများ၊ စိတ်ကစဉ့်ကလျားရောဂါတို့နှင့်တွဲ၍ အရက်စွဲခြင်းကိုတွေ့ရတတ်သည်။

**အရက်စွဲရောဂါလက္ခဏာများ**

အရက်စွဲသူများသည် အရက်ကိုထိန်းထိန်းသိမ်းသိမ်းမသောက်နိုင်တော့ခြင်း၊ အရက်သည် ဆိုးကျိုးများပေးကြောင်းသိသော်လည်း မစွန့်ခွာနိုင်တော့ခြင်း၊ သာမန်လူတစ်ယောက်သောက်သကဲ့သို့ သောက်ရန်မဖြစ်နိုင်တော့ခြင်းဟူသောအချက်များဖြစ်သည်။ ထို့ပြင် အရက်စွဲသူများတွင် အောက်ဖော်ပြပါ လက္ခဏာများကိုတွေ့ရတတ်သည်။

**သတိမေ့လျော့ခြင်း**

အရက်သောက်သူသည် ညဘက်အရက်သောက်ရင်း ပြောဆိုလုပ်ကိုင်သွားလာခဲ့သည်များကို နောက်တစ်နေ့နံနက်လင်းသောအခါ မမှတ်မိဘဲဖြစ်တတ်သည်။ ၎င်းကို ဆေးပညာအရ Blackouts ဟုခေါ်သည်။ ဤသို့သတိမရမှုများ အခါများစွာဖြစ်လာခြင်း၊ အရက်သောက်သည့် ညတွင်မကဘဲ နေ့ပိုင်းမှအဖြစ်အပျက်များကိုပါ မမှတ်မိခြင်းတို့သည် အရက်စွဲမှုကြောင့်ဖြစ်ပေါ်လာသည့်လက္ခဏာများပင်ဖြစ်သည်။ အထူးသဖြင့် နံနက်နိုးထလာချိန်တွင်ဖြစ်တတ်သည်။



ပျို့အန်ခြင်း၊ ရင်တလှပ်လှပ်ဖြစ်ခြင်း၊ ချွေးပြန်ခြင်း၊ စိတ်ဂနာမငြိမ်ဖြစ်ခြင်း၊ အနည်းငယ်လက်တုန်ခြင်းတို့သည် ရောဂါနုစဉ်တွင်ဖြစ်သောလက္ခဏာများဖြစ်ကြသည်။ လက်နှင့်ခန္ဓာကိုယ်ဆိုးရွားစွာတုန်ခြင်း၊ ဂယောင်ချောက်ချားဖြစ်ခြင်း၊ အရက်ငန်းဖမ်းခြင်း၊ အရက်ပြတ်၍တက်ခြင်းစသည်တို့မှာ ရောဂါရင့်စဉ်တွင်ဖြစ်သောလက္ခဏာများဖြစ်ကြသည်။

**အရက်ကိုပြင်းစွာတောင့်တခြင်း**

အရက်ပြတ်လပ်လက္ခဏာများ ခံစားနေရချိန်တွင် တောင့်တခြင်း၊ အရက်ပြတ်ပြီးနောက် မကြာခဏ အရက်သောက်လိုစိတ်ပြင်းပြခြင်း၊ အထူးသဖြင့် ဖိစီးမှုခံစားရချိန်၊ စိတ်ကျဉ်းကျပ်မှုဖြစ်ချိန်များတွင် အရက်သောက်ချင်စိတ်ပြင်းပြပြီး အရက်ကို တောင့်တတတ်သည်။

**အရက်ရွေးချယ်သုံးစွဲမှုပြောင်းလဲခြင်း**

အရက်စွဲလာသူအဖို့ အရက်အမျိုးအစားသည် အရေးမကြီးတော့ပေ။ မူးလျှင်ပြီးရောဆိုသကဲ့သို့ ငွေကုန်နည်းနည်းနှင့် ဈေးပေါပေါပေး၍ရသောအရက်ကိုသာရွေးချယ်သောက်သုံးတတ်သည်။

**ပျက်စီးချို့ယွင်းလာမှုများ**

ကိုယ်ခန္ဓာပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာချို့ယွင်းမှု၊ ပျက်စီးဆုံးရှုံးမှုများရှိလင့်ကစား ဆင်ခြင်ထိန်းသိမ်းနိုင်မှုမရှိဘဲ တိုး၍သာဆက်လက်သောက်သုံးနေခြင်းသည် အရက်စွဲရောဂါဖြစ်ကြောင်းသက်သေထူနေသည်။

အရက်စွဲခြင်းကြောင့် ခန္ဓာကိုယ်ပိုင်းဆိုင်ရာရောဂါများ၊ ဦးနှောက်ပိုင်းဆိုင်ရာရောဂါများ၊စိတ်ပိုင်းဆိုင်ရာရောဂါများအပြင် လူမှုရေးပိုင်းဆိုင်ရာပြဿနာများကိုလည်းမလွဲမသွေကြုံတွေ့ရနိုင်သည်။

**ခန္ဓာကိုယ်ပိုင်းဆိုင်ရာရောဂါများ**

ခန္ဓာကိုယ်ပိုင်းဆိုင်ရာရောဂါများအနေဖြင့် အစာခြေလမ်းကြောင်း ပြဿနာများဖြစ်သောအစာအိမ်ရောင်ခြင်း၊ အစာအိမ်နာ၊ အစာလမ်းကြောင်း သွေးယိုခြင်း၊ ပန်ကရိယရောင်ခြင်း၊ လိပ်ခေါင်းရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းရောင်ခြင်း၊ အသည်းကြွပ်ဆတ်နာ၊ အသည်းကင်ဆာဖြစ်ခြင်း၊ အသက်ရှူလမ်းကြောင်းနှင့် အဆုတ်ပြဿနာများဖြစ်သော အဆုတ်ရောင်ခြင်း၊ အဆုတ်တီဘီ၊ အဆုတ်ကင်ဆာဖြစ်ခြင်း၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ နှလုံးကြွက်သားအားနည်းပုံပျက်ရောဂါ သွေးတိုးရောဂါဖြစ်ခြင်း၊ ဗီတာမင်ချို့တဲ့ခြင်းနှင့် သွေးအားနည်းရောဂါများဖြစ်သောဗီတာမင်ဘီ-၁၊ ဘီ-၁၂ နှင့် ဖောလစ်အက်စစ်ချို့တဲ့ခြင်း၊ သံဓာတ်ချို့တဲ့၍သွေးအားနည်းရောဂါဖြစ်ခြင်း၊ အရက်သောက်မိခင်ကြောင့် သန္ဓေသားထိခိုက်ခြင်း၊ အခြားဆေးဝါးများနှင့် ဓာတ်မတည့်ခြင်းများစသည့်ခန္ဓာကိုယ်ပိုင်းဆိုင်ရာရောဂါများစွာကိုခံစားရနိုင်သည်။

**ဦးနှောက်ပိုင်းဆိုင်ရာရောဂါများ**

ဦးနှောက်ပိုင်းဆိုင်ရာ ရောဂါများအနေဖြင့် အရက်မူးလွန်ခြင်း၊ ဗီတာမင်ဘီ-၁ ဓာတ်ခန္ဓာကိုယ်တွင်ပြင်းပြင်းထန်ထန်ချို့တဲ့သဖြင့် ရုတ်တရက်ဦးနှောက်ထိခိုက်အရေးပေါ်ရောဂါ၊ အာရုံကြောထိခိုက်သွား၍ ခြေဖျားလက်ဖျားများတွင် ထုံကျဉ်အားနည်းခြင်း၊ ဦးနှောက်ကျုံ့သွားခြင်း၊ မျက်စိအာရုံကြောရောင်၍ အမြင်အာရုံပျောက်ဆုံးခြင်း၊ အာရုံကြောဆဲလ်တွေကိုဖုံးအုပ်ထားသည့် အကာအကွယ်အမြှေးပါးပြင်းထန်ပျက်စီးခြင်း၊ ဝက်ရူးပြန်ရောဂါတို့ကိုခံစားရနိုင်သည်။

**စိတ်ပိုင်းဆိုင်ရာရောဂါများ**

စိတ်ပိုင်းဆိုင်ရာရောဂါများအနေဖြင့် အရက်ပြတ်လပ်လက္ခဏာနှင့် အရက်ငန်းဖမ်းခြင်း (ဥပမာ သိမှုရောထွေး၍ အိပ်မက်သကဲ့သို့ဖြစ်နေခြင်း၊ လွန်မင်းစွာကြောက်လန့်၍ဂနာမငြိမ်ခြင်း၊ အချိန်နေရာ ခန့်မှန်းမှုလွဲမှားခြင်း၊ အာရုံမှားခြင်း၊ အနောက်အယှက်ရှိသည်ဟု ယုံမှားသံသယများနေခြင်း၊လုံးဝမအိပ်ခြင်း၊ ခြေလက်များနှင့် ကိုယ်ခန္ဓာတုန်ခါခြင်း၊ အဖျားဝင်ခြင်း၊ သွေးခုန်နှုန်းမြန်ခြင်းနှင့် သွေးပေါင်ချိန်တက်ခြင်း၊ အစားမဝင်ခြင်း၊ အရက်ကြောင့် သူငယ်ပြန်ခြင်း၊ အရက်ကြောင့် သံသယစိတ်ရောဂါဖြစ်ခြင်း (ဥပမာ မိမိ၏ဇနီးမယားသစ္စာဖောက်ဖျက်သည်။ အခြားလူနှင့် ကျူးလွန်သည်ဟုစွပ်စွဲခြင်း၊ အန္တရာယ်ပြုခြင်းထိဖြစ်နိုင်သည်) ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံစည်ခြင်းတို့ကို ခံစားရနိုင်သည်။

**လူမှုရေးဆိုင်ရာပြဿနာများ**

လူမှုရေးဆိုင်ရာပြဿနာများအနေဖြင့် စီးပွားရေးကျဆင်းမှုဆုံးရှုံးမှုများ၊ အိမ်ထောင်ကွဲခြင်းနှင့် အိမ်ထောင်ရေးပြဿနာများ၊ ကလေးငယ်များစောင့်ရှောက်မှုပြဿနာနှင့် ကျန်းမာရေး၊ ပညာရေးချို့တဲ့ခြင်း၊ရာဇဝတ်မှုပြဿနာများကြုံတွေ့နိုင်သည်။

**"ဓားကိုဖျက် ဝါးမြက်၊ လူကိုဖျက် အရက်"** ဆိုရိုးစကားရှိသကဲ့သို့၊**"တန်ဆေး၊ လွန်ဘေး"** ဆိုရိုးစကားကိုလည်း သတိမူသင့်ပေသည်။ ထို့ကြောင့် လောကီ၊ လောကုတ္တရာနှစ်ဖြာအတွက် အပြစ်များလှသည့်အရက်ကို မသောက်တတ်သေးသူများကလည်း အစပြုလုပ်၍မသောက်မိကြရန်နှင့် အရက်ကိုစွဲလမ်းသူများအနေဖြင့်လည်း ကြိုးစားဖြတ်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

---

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၁၄၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

မုံရွာ ဩဂုတ် ၂

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၁၄၂၁ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၁၇၅၆ ဧကစိုက်ပျိုးရန်လျာထားပြီး မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကလေးခရိုင်တွင် ၃၉ ဧက၊ ခန္တီးခရိုင်တွင် ၁၃၈ ဧက၊ဟုမ္မလင်းခရိုင်တွင် ၄၃ ဧက၊ နာဂဒေသတွင် ၁၂၀၁ ဧက စုစုပေါင်း ၁၄၂၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းတိုင်းဒေသကြီးမှာပဲပုပ်၁၇၅၆ဧက လျာထားစိုက်ပျိုးခဲ့ရာ ယနေ့မှာ ၁၄၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။လျာထားဧကပြည့်မီစွာစိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲပုပ်တွေဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားကျရောက်မှုမရှိစေဖို့ အသိပညာပေးတာတွေလဲ ဆောင်ရွက်ပေးနေပါတယ် "ဟု စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူးဒေါ်စန်းစန်းမြင့်ကပြောပြသည်။

မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီးတွင် ပဲပုပ်စိုက်ပျိုးရန်အတွက် ခရိုင်အလိုက်လျာထားမှုအနေဖြင့် ကလေးခရိုင်တွင် ၁၂၈ ဧက၊ခန္တီးခရိုင်တွင် ၁၃၈ ဧက၊ ဟုမ္မလင်းခရိုင်တွင် ၁၉၅ ဧက၊ နာဂဒေသတွင် ၁၂၅၈ဧက၊ကသာခရိုင်တွင် ၃၇ ဧက စုစုပေါင်း ၁၇၅၆ ဧကတို့ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ပဲပုပ်စိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲပုပ်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲပုပ်ကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်း ဦးစီးမှူးဒေါ်စန်းစန်းမြင့်က ပြောပြ၍သိရသည်။

(၂၀၆)

# တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၁၄၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**တမူး ဩဂုတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၁၄၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ တမူးခရိုင်တွင် ဟင်းသီးဟင်းရွက် ဧက ၃၃၂၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါ ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မြို့သစ်မြို့နယ်တွင် ၃၂၆ ဧက၊ တမူးမြို့နယ်တွင် ၄၇၈ ဧကနှင့် ခါမ်းပါတ်မြို့တွင် ၆၅၆ ဧက စုစုပေါင်း ဧက ၁၄၆၀ ထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ ဟင်းသီးဟင်းရွက် ဧက ၃၃၂၀ လျာထားစိုက်ပျိုးခဲ့ရာ ဧက ၁၄၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ် စတဲ့သီးနှံတွေ ဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးသိန်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ တမူးခရိုင်တွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၈၇၅ ဧက၊ တမူးမြို့နယ်တွင် ဧက ၉၃၀ နှင့် ခါမ်းပါတ်မြို့တွင် ၁၅၁၅ ဧက စုစုပေါင်း ဧက ၃၃၂၀ တို့ ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးသိန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ရှောင်မြို့နယ် ဆင်နက်ချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး


**ရှောင် ဩဂုတ် ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆင်နက်ချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ရာသီပေါ်သီးနှံများ၊ နှစ်ရှည်သီးနှံများနှင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးပြီး မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့ဆောင်ရွက်ကြရန်၊ ရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး စနစ်တကျစီမံခန့်ခွဲ ထိန်းသိမ်းကြရန်နှင့် တိုးပွားလာသော အတိုးရငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၉၀ ကို စီမံကိန်းရန်ပုံငွေကျပ် ၆၇ ဒသမ ၀၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ချိုသန်းညွန့်**









## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီးသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် (FDA) အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများနှင့် ခွဲစိတ်မှန်ခန်းသုံးဆေးနှင့် ဆေးပစ္စည်းများ၊ Consumable များကို မြန်မာငွေကျပ်ဖြင့် (ဒုတိယအကြိမ်) ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် အသိပေးအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာများ စတင်ရောင်းချမည့်ရက် - (၃-၈-၂၀၂၆)တနင်္လာနေ့

တင်ဒါလျှောက်လွှာ ပိတ်မည့်ရက် - (၁၇-၈-၂၀၂၆) တနင်္လာနေ့(ညနေ ၄:၀၀ နာရီ)

၃။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်းတွင် လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

မနနလဥလ-ဆေးရုံကြီး၊ မန္တလေးမြို့

ဖုန်း ၀၉-၅၁၆၇၀၄၉၊ ၀၉-၇၇၇၁၇၄၃၅၉

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ မိုးထက်ကျော် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-9 တွင် ပညာသင်ကြားနေသော မသီတာဦး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးဝင်းဇော်** ဖြစ်ပါကြောင်း။

**ဦးဝင်းဇော်**
**(၅/စကန(နိုင်)၂၆၁၂၇၀)**

## ဖခင်အမည်မှန်

ပြင်ဦးလွင်ခရိုင်၊ အနီးစခန်းမြို့နယ်၊ အောင်ပန်းတိုင်ကိုယ်ပိုင်ကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မပိုးဥခိုင် (၅/အရတ(နိုင်)၂၀၀၉၇၂)၏ ဖခင်အမည်မှန်မှာ **ဦးမင်းထိုက်** ဖြစ်ပါကြောင်း။

**ဦးမင်းထိုက်**
**(၅/အရတ(နိုင်)၀၅၆၀၄၁)**

## အမည်ပြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အထက(ခွဲ)(၁၂)ကျောင်း၊ Grade-1 တွင် ပညာသင်ကြားနေသော (ဘ) ဦးမျိုးမင်းသိန်း (၁၂/ကမရ(နိုင်)၀၅၇၄၅၉)၏ သမီး မလင်းအမရာမျိုးမင်းအား **မကြည်ဖြူမင်းထက်** ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မကြည်ဖြူမင်းထက်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၁)ဘုန်းတော်ကြီးသင်ပညာရေးအထက်တန်းကျောင်း(စလေ)၊ Grade-12 မှ ကျောင်းဝင်အမှတ်-၀၈၅၀/၂၅ မပုလဲဖြူ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **ဦးမြခိုင်** ဖြစ်ပါကြောင်း။

**ဦးမြခိုင်(၅/ရဘန(နိုင်)၁၅၈၆၉၄)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်ကျေးရွာ၊ ပါရမီကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော မမေသံစဉ်၏ ဖခင်အမည်မှန်မှာ **ဦးဖျင်ကွယ်** ဖြစ်ပါကြောင်း။ **ဦးဖျင်ကွယ်(၁၃/မဆတ(နိုင်)၀၄၃၁၃၅)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်ကျေးရွာအုပ်စု၊ စက်ကွင်းအလက၊ Grade-5 တွင် ပညာသင်ကြားနေသော မနှင်းယမွန်၏ဖခင်အမည်မှန်မှာ **ဦးဖျင်ကွယ်** ဖြစ်ပါကြောင်း။ **ဦးဖျင်ကွယ်(၁၃/မဆတ(နိုင်)၀၄၃၁၃၅)**

## ဖခင်အမည်မှန်

ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီ၊ မဟာကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 အခန်း(A)တွင် ပညာသင်ကြားနေသော မောင်ဉာဏ်လင်းပြည့်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးကျော့မောင်မောင်** ဖြစ်ပါကြောင်း။

**ဦးကျော့မောင်မောင်(၉/ပသန(နိုင်)၀၈၃၉၀၅)**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁)တိုးချဲ့ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(A-23)ရှိ မြေကွက်ပေါ်တွင် ဦးဟန်လင်းထွန်း(၁၂/ကတန(နိုင်)၀၈၀၀၈၀)ကိုင်ဆောင်သူမှ အလျား ၃၀'-၀"၊ အနံ ၂၄'-၀" ရှိ RC (၁)ထပ်အဆောက်အဦး ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးဆောက်လုပ်ခွင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၂)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၆/ခ)၊ ဦးပိုင်အမှတ်(၄၈)ရှိ ဘိုးဘပိုင်မြေကွက်ပေါ်တွင် ဦးမျိုးအောင်၊ ဒေါ်တင်နု(၉/မခန(နိုင်)၀၄၃၇၇၆)ကိုင်ဆောင်သူမှ အလျား ၃၀'-၀"၊ အနံ ၃၉'-၀"ရှိ IronFrame (၁)ထပ်အဆောက်အဦး ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

- ❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
- ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နောင်ချိုမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ အသက် ၁၀ နှစ်အထက် ကျောင်းသား၊ကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်နှင့် UIDကတ်များ ဆောင်ရွက်ပေး



**နောင်ချို ဩဂုတ် ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ အသက် ၁၀ နှစ်အထက် ကျောင်းသား၊ ကျောင်းသူများအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းများကို ယနေ့ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းသား၊ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ကြသည်။

ထို့ပြင် အုမ္မခါးရွာရှိ စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲ နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (နောင်ချို)တွင် မက္ကဒေးမီးယားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သည့် မှတ်တမ်းများ၊ မက္ကဒေးမီးယားကုန်ကြမ်းမှ

**စာမျက်နှာ ၁၈ ကော်လံ ၁** ☆

## ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၇)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ကြိုဆို

စာမျက်နှာ - ၂၀

## အင်းလေးဒေသတွင် Bio Spetic Tank များ အစားထိုးသုံးစွဲရေး ဆောင်ရွက်လျက်ရှိ

စာမျက်နှာ - ၁၆

## ထူးခြားသည့် နေ့အပူချိန်များ (၂-၈-၂၀၂၆)

| | | | | |
|---|---|---|---|---|
| ညောင်ဦး | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၈ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၇ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ကျိုက္ကမီ | ၃၇ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မင်းကင်း | ၃၆ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |

## တတိယအကြိမ်မြောက် ခတပြိုင်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂**

အပြည်ပြည်ဆိုင်ရာ Karate Alliance Myanmar (မန္တလေးတိုင်းဒေသကြီး)က ဦးဆောင်ကျင်းပသော တတိယအကြိမ်မြောက် Kyokushin Kata Tour-nament ပြိုင်ပွဲကို ယနေ့နံနက် ၇နာရီက ၈၉(A)လမ်း ၂၂ လမ်းနှင့် ၂၃ လမ်းကြားရှိ အောင်မြေမန္တလာ အားကစားရုံ၌ ကျင်းပသည်။

ရှေးဦးစွာ တတိယအကြိမ်မြောက် ခတပြိုင်ပွဲဝင် အားကစားသမား ၁၇၈ ဦးနှင့် အားကစားဒိုင်လူကြီး ဦးရေ ၆၀ တို့က ကွင်းအတွင်းနေရာယူကြပြီး ကျို့ခ်ရှင်းအဓိဋ္ဌာန်ရွတ်ဆိုကြသည်။

ထို့နောက် နာယကဆရာကြီး ဒေါက်တာကောင်းလွန်းက အဖွင့်အမှာစကားပြောကြားပြီး ဆရာကြီး ဦးဝင်းကိုက ကျေးဇူးတင်စကားပြောကြားကြကာ San Dan အဆင့်ခါးပတ်ဖြေဆိုအောင်မြင်ကြသူများကို

**စာမျက်နှာ ၁၈ ကော်လံ ၁** ❖

တတိယ အကြိမ်မြောက် Kyokushin Kata Tour-nament ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



## IBF လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်တွင် မာရာတယ်လာ အနိုင်ရရှိ

**လက်စ်ဗီးဂတ် ဩဂုတ် ၂**

IBF လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် အမေရိကန်လက်ဝှေ့သမား မာရာတယ်လာနှင့် စိန်ခေါ်သူဘရာဇီးလက်ဝှေ့သမား ကွန်စီကိုင်အိုတို့ အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်မြို့တွင် ဩဂုတ် ၁ ရက်၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ မာရာတယ်လာ အနိုင်ရရှိပြီး လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့ကြောင်း Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



အဆိုပါပွဲစဉ်တွင် မာရာတယ်လာသည် ဒိုင်အမှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး အမှတ်ပေးဒိုင်သုံးဦးက (၁၁၉-၁၀၉၊ ၁၁၉-၁၀၉၊ ၁၁၈-၁၁၀)ရမှတ်ဖြင့် မာရာတယ်လာကို အနိုင်ပေးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မာရာတယ်လာသည် ကွန်စီကိုင်အိုကို တစ်ဖက်သတ်ဖိအားပေး ထိုးသတ်နိုင်ခဲ့ပြီး လက်ရှိချန်ပီယံဆုဖြင့် ထိုက်တန်ကြောင်း စွမ်းဆောင်ပြနိုင်ခဲ့သည်။

**စာမျက်နှာ ၁၈ ကော်လံ ၁** ●

## ဖောင်ပိတ်သတင်း

## ဟော်မုဇ်ရေလမ်းကြောင်းသစ်သတ်မှတ်ရေး အီရန်နှင့်အိုမန် သဘောတူညီချက်ရရှိတော့မည်

**တီဟီရန် ဩဂုတ် ၃**

ဟော်မုဇ်(Hormuz) ရေလက်ကြားအတွင်း လက်ရှိအသုံးပြုနေသည့် ရေလမ်းကြောင်းများအစား နှစ်နိုင်ငံလုံး၏ အချုပ်အခြာအာဏာနှင့် လုံခြုံရေးကို ကာကွယ်ပေးနိုင်မည့် ရေလမ်းကြောင်းသစ်တစ်ခု သတ်မှတ်ရေးအတွက် အိုမန်နိုင်ငံနှင့် သဘောတူညီချက်ရရှိရန် နီးစပ်နေပြီဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ပြောကြားလိုက်သည်။

အဆိုပါရေလမ်းကြောင်းသစ်ဆွေးနွေးမှုမှာ နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်သော်လည်း ယင်းသဘောတူညီချက်သည် ရေလက်ကြားပြန်လည်ဖွင့်လှစ်ခြင်းသို့မဟုတ်

**စာမျက်နှာ ၂၀ ကော်လံ ၁** ✱



## သတိပြုဖွယ်ရာ အရက်စွဲရောဂါ

ဆောင်းပါး

စာမျက်နှာ - ၂၉

## အီရန်ကို ထပ်မံတိုက်ခိုက်မည့် အစီအစဉ် ဆိုင်းငံ့ထားကြောင်း သမ္မတ ဒေါ်နယ်ထရမ့် ပြောကြား

စာမျက်နှာ - ၆